


တက္ကသိုလ်
သိဟအောင်
လျှံ ယု စိမ်း ၏ ထင်း ရှ ကျန်း ဝူး
မိုးကြိုးဓားနှင့်ကြေးစုတ်တံ
ဒုတိယပိုင်း
ဇာတ်သိမ်း

တိုးတက်ရေး-

တက္ကသိုလ်

# သီဟအောင်

# မိုးကြိုးစားနှင့်ကြေးစုတ်တံ

(ဒုတိယပိုင်း-ဇာတ်သိမ်း)

# တိုးတက်ရေး-စာစဉ်

## အတိတ်ကြေးမုံ

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားပြီ ဖြစ်သည်။

နေရောင်ခြည် ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုအစားထိုး ဝင်ရောက်လာသည်။

အမှောင်ထုအောက်ဝယ် ဘုံကျောင်းပျက်မှာ တိတ်ဆိတ်ငြိမ်သက်စွာ တည်ရှိနေသည်။

ဘုံကျောင်းပျက်အတွင်းမှ မှိန်ပျပျ အလင်းရောင် ထွက်ပေါ်နေသည်။

ဘုံကျောင်းအတွင်းဝယ် လူတစ်ယောက် ရှိနေပါ၏။

ထိုလူမှာ ကျင်းစန်း ဖြစ်သည်။

ကျင်းစန်းသည် ဘုံကျောင်းပျက်အတွင်း၌ စားပွဲတစ်လုံး၌ ထိုင်နေ၏။

ကျင်းစန်းက ကြေးစုတ်တံကို မီးရောင်အောက်၌ ထောင်ကြည့်လိုက်သည်။

ကြေးစုတ်တံကို သူသဘောကျနေပြီ ဖြစ်သည်။

"တော်တော်ကောင်းတဲ့ လက်နက်ပဲ၊ တီထွင်ခဲ့တဲ့လူကို ချီးကျူးရလိမ့်မယ်"

ဟု တီးတိုးရေရွတ်လိုက်သည်။

သူက ကြေးစုတ်တံကို တဝကြီး ကြည့်ရှုပြီးမှ ပြန်လည်သိမ်းဆည်းထားရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက် ကျင်းစန်း မျက်မှောင်ကြုတ်သွားသည်။

သူ၏ခန္ဓာကိုယ်လည်း ဆတ်ခနဲ တောင့်တင်းသွားသည်။

ဟင်းလင်း ဖြစ်နေသည့် ဘုံကျောင်းတံခါးပေါက်ဆီသို့ မျက်နှာမူရင်း...

"ဘယ်က မိတ်ဆွေလဲ ခိုးကြောင်ခိုးဝှက် လုပ်မနေပါနဲ့၊ အထဲကို ဝင်ခဲ့ပါဗျာ"

ဟု အော်ပြောလိုက်သည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဟား..ဟား..ဟား"

ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

အခန်းတွင်းသို့ လူတစ်စု လှမ်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။



ရှေ့ဆုံးမှ လှမ်းဝင်လာသူမှာ အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

အသက်ခြောက်ဆယ်ခန့်ရှိပြီး ဘူးသီးခြောက်အရက်အိုးကို ကျောပိုးထားပြီး လက်ထဲ၌ အစိမ်းရောင်တောင်ဝှေးတစ်ချောင်း ကိုင်ထားသည်။

သူ၏ဝဲယာတစ်ဘက်တစ်ချက်တွင် အသက်ငါးဆယ်ခန့်ရှိသူလေးယောက် ခြံရံကာ လိုက်လာကြ၏။

ထိုလူများ၏နောက်တွင် ညစ်ပေစုတ်ပြဲနေသော အဝတ်အစားများ ဝတ်ဆင်ထားသူတစ်စု လိုက်လာကြလေသည်။

ထိုလူကို မြင်လျှင် ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ခင်ဗျားတို့ ဘယ်သူ.."

သူ၏စကား တစ်ဝက်တစ်ပျက်ဖြင့် ရပ်သွားသည်။

အကြောင်းကား အဘိုးအို၏ဘေးမှ လူတစ်ယောက်နှင့် နောက်မှ လိုက်လာသည့် လူစုထဲမှ လူတစ်ယောက်အား မှတ်မိလိုက်ခြင်းကြောင့် ဖြစ်ပေသည်။

"လက်စသပ်တော့ လေလွင့်ဂိုဏ်းက လူတွေကိုး"

ဟု တီးတိုးညည်းညူလိုက်မိ၏။

မှန်ပေသည်။ သူမှတ်မိလိုက်သူ နှစ်ယောက်အနက် တစ်

ယောက်မှာ လေလွင့်ဂိုဏ်းမှ အဆင့်မြင့်သိုင်းသမားတင်းရီ ဖြစ်ပြီး ကျန်တစ်ယောက်မှာ လေလွင့်ဂိုဏ်းချုပ်၏တပည့်ကြီးလေးယောက်၌ တစ်ယောက်အပါအဝင်ဖြစ်သည့် ရှမ်းစုဖြစ်နေခြင်းကြောင့်တည်း။

အဘိုးအိုမှာ လေလွင့်ဂိုဏ်းချုပ် ဖြစ်ရမည်ဟုလည်း ချက်ချင်း ရိပ်မိလိုက်တော့သည်။

ကျင်းစန်းမှာ အခန်းတွင်းမှ ထွက်ပြေးသွားလိုစိတ်များပင် ဖြစ်ပေါ်လာလေတော့သည်။

ထိုစဉ် တင်းရီက ရှေ့သို့ လှမ်းထွက်လာပြီး...

"ဂိုဏ်းချုပ်ကြီးခင်ဗျား လေလွင့်ဂိုဏ်းကို စော်ကားမော်ကား လုပ်ခဲ့တာ သူပါပဲ"

ဟု အော်ပြောလိုက်လေသည်။

ရှမ်းစုကလည်း ထောက်ခံလိုက်သည်။

"ဟုတ်ပါတယ်၊ လေလွင့်ဂိုဏ်းသားတွေကို မထိမဲ့မြင် ပြုပြီး တိုက်ခိုက်သွားခဲ့ပါသေးတယ်"

လေလွင့်ဂိုဏ်းချုပ် ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

ကျင်းစန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး...

"သူငယ်၊ မင်းဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ လေလွင့်ဂိုဏ်းရဲ့ အကြောင်းကိုမသိဘဲ စော်ကားဝံ့တာ အတော့်ကို အံ့ဩစရာကောင်းတယ်၊ မင်းက ဘာသဘောနဲ့ ဒီလို လုပ်ခဲ့တာလဲ ပြောစမ်းပါဦး"



ဟု တည်ငြိမ်ရင့်ကျက်သော လေသံဖြင့် မေးလိုက်လေသည်။

ကျင်းစန်း ပြုံးလိုက်သည်။

"ကျွန်တော်ဟာ လေလွင့်ဂိုဏ်းကို မတရားစော်ကားမော်ကား ပြုလုပ်ခဲ့တာ မဟုတ်ပါဘူး၊ အရေးကြီးတဲ့ ကိစ္စတစ်ခု ဆောင်ရွက်ရင်း မတော်တဆ ထိပ်တိုက်ရင်ဆိုင် တွေ့ခဲ့တာပါ၊ စော်ကားချင်တဲ့စိတ် လုံးဝမရှိဘူးဆိုတာ ယုံပါ ခင်ဗျာ"

ဟု ရှင်းပြလိုက်လေသည်။

"စော်ကားချင်တဲ့စိတ်မရှိလို့ လူကြားထဲမှာ အရှက်ကွဲအောင်လုပ်ခဲ့တာပေါ့၊ မင်းဟာ တိမ်ဖြူဂိုဏ်းချုပ်ဆီက ကြေးစုတ်တံကို ဘာကြောင့် ခိုးယူသွားတာလဲ၊ ပြောစမ်းပါဦး"

ဟုမေးလေသည်။

လေလွင့်ဂိုဏ်းသည် မကောင်းသူပယ် ကောင်းသူကယ်သော အဖြူရောင်သိုင်းအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း ကျင်းစန်းနားလည်ထားလေသည်။

ထို့ကြောင့် ရန်သူအဖြစ်မခံနိုင်ဘဲ စိတ်ကို ချုပ်တည်းထားကာ ဆက်လက်ရှင်းပြလိုက်သည်။

"ကျွန်တော့်ဆရာတွေက ကျွန်တော့်ကို တာဝန်တစ်ခုပေးထားခဲ့ပါတယ်၊ ဒီတာဝန်ကို ထမ်းဆောင်ရာမှာ ကြေးစုတ်တံဟာ မဖြစ်မနေလိုအပ်နေပါတယ်၊ ကျွန်တော့်ရဲ့တာဝန်ပြီးဆုံးသွားချိန်မှာ

ကြေးစုတ်တံကို ပိုင်ရှင်လက်ထဲအရောက် ပြန်ပို့ပေးပြီး ခိုးယူသွားတဲ့အပြစ်အတွက် တောင်းပန်မယ်လို့ ဆုံးဖြတ်ထားပါတယ်ခင်ဗျာ”

ကျင်းစန်း၏ တည်ကြည်သော မျက်နှာထားနှင့် စကားသံကိုကြားရလျှင် လေလွင့်ဂိုဏ်းချုပ် မျက်မှောင်ကြုတ်သွားလေသည်။

ကျင်းစန်းအား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်ပြီး...

“ကြေးစုတ်တံဟာ မင်းအတွက် အရေးပါတယ်ဟုတ်လား”

ဟုမေးလေသည်။

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ် ခင်ဗျာ”

“ကဲ ပြောစမ်းပါဦး၊ ဘယ်လိုများ အရေးပါနေလို့လဲ”

ကျင်းစန်း လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

“ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ၊ ဒီကိစ္စ ပြောပြလို့မဖြစ်ပါဘူး”

လေလွင့်ဂိုဏ်းချုပ် ပြုံးလိုက်သည်။

“မင်းက ပြောလို့မဖြစ်ဘူးဆိုတော့ ငါကလည်း မင်းရဲ့စကားကို ဘယ်လိုလုပ်ယုံကြည်ရမလဲ”

“ခင်ဗျား...”

“မင်းက အမှန်အတိုင်းပြောရင် ကောင်းမယ်၊ မင်းကို လူဆိုးတစ်ယောက်လို့ ငါမထင်ဘူး၊ ငါစိတ်ပျက်အောင် မလုပ်ဘဲနေယင်



ကောင်းလိမ့်မယ်”

ကျင်းစန်းက...

“တကယ်ကို ပြောလို့မဖြစ်တာပါခင်ဗျာ၊ ကြေးစုတ်တံကို အသုံးပြုပြီး သူတပါးကို ဒုက္ခပေးဘူး၊ မတရားတာ မလုပ်ဘူးလို့ ကတိပေးပါတယ်”

ဟုပြောလိုက်လေသည်။

လေလွင့်ဂိုဏ်းချုပ် ခေါင်းယမ်းလိုက်၏။

“ခက်တာက မင်းဟာ ဘယ်သူဘယ်ဝါဆိုတာလည်း မသိရဘူး၊ သိုင်းပညာလည်း တော်နေတယ်၊ ဒါကြောင့် ကျုပ်ကိုယ်တိုင်လည်း စိတ်ဝင်စားနေတယ်၊ မင်းရဲ့ဆရာဟာ ဘယ်သူဖြစ်တယ်၊ မင်းက ဘာလုပ်မယ်၊ ကြေးစုတ်တံကို ဘာကြောင့်ခိုးယူရတယ်ဆိုတာတွေကို ရှင်းမပြနိုင်ဘဲ မင်းပြောစကားကို ငါယုံကြည်လို့ မဖြစ်နိုင်ဘူး”

ကျင်းစန်း စိတ်ပျက်သွားလေသည်။

လေလွင့်ဂိုဏ်းချုပ်၏စကားအတိုင်းဆိုလျှင် သူတို့ကို ထိပ်တိုက်ရင်ဆိုင်ရန်မှတပါး ရွေးချယ်စရာနည်းလမ်း မရှိတော့ဟု တွေးမိ၏။

ထို့ကြောင့် အတွင်းအားကို စုစည်းကာ တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

လေလွင့်ဂိုဏ်းချုပ်က...

“ကဲ..မင်းဘာပြောချင်သေးသလဲ”

ဟုမေးလိုက်လေသည်။

ကျင်းစန်းက တည်ကြည်သော မျက်နှာထားဖြင့်…

"ကျွန်တော့်မှာ အခက်အခဲတွေ အများကြီးရှိနေပါတယ်၊ ကျွန်တော်က မဟုတ်မတရားတာ ဘာမှမလုပ်ဘူးလို့ ကတိပေးနေတဲ့ကြားက ကျွန်တော့်ကို အတင်းအကြပ်ပြောရမယ်ဆိုယင် ကျွန်တော့်အပေါ် မစာမနာပြုလုပ်တာနဲ့ အတူတူပါပဲ"

"ဟော"

လေလွင့်ဂိုဏ်းချုပ်၏ မျက်လုံးမွေးအစုံ နဖူးပြင်ပေါ် မြင့်တက်သွားလေသည်။

ကျင်းစန်းကို စိုက်ကြည့်လိုက်ပြီး…

"မင်းဆိုလိုတာက"

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ ဦးမေးတာတွေကို ကျွန်တော် မဖြေနိုင်ပါဘူး"

"ဒါဖြင့် မင်းကိုဖမ်းပြီး စစ်ဆေးရတော့မှာပေါ့၊ ကြေးစုတ်တံကို ခိုးယူခဲ့တာနဲ့ပဲ မင်းမှာ အပြစ်ရှိနေပြီ"

"ဦးရဲ့သဘောပါ ခင်ဗျာ"

လေလွင့်ဂိုဏ်းချုပ်ကိုပင် မကြောက်မရွံ့ရှိနေသည့် ကျင်းစန်းကိုကြည့်ကာ တင်းရီတို့ တအံ့တဩဖြစ်နေကြလေသည်။

လေလွင့်ဂိုဏ်းချုပ်က…

"ရှမ်းစု..သူ့ကို ဖမ်းလိုက်စမ်း"



ဟု အမိန့်ပေးလိုက်သည်။

ရှမ်းစု ဦးညွတ်လိုက်သည်။

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

စကားဆုံးလျှင် သူက ရှေ့သို့ခုန်ထွက်လာသည်။

ကျင်းစန်းက ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။ ရှမ်းစုက ကျင်းစန်းအား စိုက်ကြည့်လိုက်ပြီး…

"ဟေ့ကောင်လေး..မင်းက အမှန်အတိုင်း ဖြေမလား၊ ဒါမှမဟုတ် အသားအနာခံမလား"

ဟုမေးလိုက်လေသည်။

ကျင်းစန်းက…

"ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော် ဘယ်လိုမှ ပြောမပြနိုင်လို့ပါ"

"ကောင်းပြီ..သတိထားပေတော့"

စကားဆုံးလျှင် ရှေ့သို့ လျှပ်တပြက် ခုန်တိုးကာ စတင်တိုက်ခိုက်လိုက်လေသည်။

သူ၏လက်နှစ်ဘက် ဆန့်ထုတ်လိုက်သည်နှင့် လေတိုးသံ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

ကျင်းစန်းက အသက်ပြင်းပြင်းရှူလိုက်သည်။

ထို့နောက် ဟန်ကျောင်း သင်ကြားပေးလိုက်သည့် စက်ဝိုင်းလက်သီးသိုင်းကွက်ကို ထုတ်ဖော်တိုက်ခိုက်လိုက်လေသည်။

ထိုသို့ တိုက်ခိုက်လိုက်သည်နှင့်...

"ဝုန်း"

ကျယ်လောင်သောအသံ တစ်ချက်ထွက်ပေါ်လာသည်။

ရှမ်းစုမှာ ရှေ့ဆက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ နောက်သို့ ခုန်ဆုတ်သွားလေတော့သည်။

လေလွင့်ဂိုဏ်းသားများအားလုံး မျက်နှာပျက်သွားကြ၏။

ရှမ်းစုသည် လေလွင့်ဂိုဏ်းချုပ်၏ တပည့်ကြီးလေးယောက် အနက် တစ်ယောက်အပါအဝင် ဖြစ်လေသည်။

လေလွင့်ဂိုဏ်းချုပ်ပြီးလျှင် သိုင်းပညာအတော်ဆုံး လူလေး ယောက်အနက် တစ်ယောက်အပါအဝင်ဖြစ်သည်ဟုဆိုနိုင်၏။

သိုင်းကွက်တစ်ကွက်တည်းနှင့် ရှမ်းစု ရုပ်ပျက်ဆင်းပျက် နောက်ဆုတ်လိုက်ရသဖြင့် အားလုံး စိုးရိမ်ထိတ်လန့်သွားကြခြင်းဖြစ် ပေတော့သည်။

ရှမ်းစု အံကြိတ်လိုက်သည်။

"ဒီတစ်ခါ ကျုပ်အလှည့်ပဲ"

အော်ပြောရင်း ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ သည်။

"ရပ်လိုက်"

လေလွင့်ဂိုဏ်းချုပ်က ဟန့်တားလိုက်လေသည်။

ရှမ်းစု နောက်ဆုတ်လိုက်သည်။



လေလွင့်ဂိုဏ်းချုပ်ကို နားမလည်နိုင်စွာ ကြည့်လိုက်လေ သည်။

လေလွင့်ဂိုဏ်းချုပ်က...

"ဝါးစုက မင်းအစား တာဝန်ယူလိမ့်မယ်"

ဟုပြောလိုက်၏။

ကျင်းစန်းအား မယှဉ်နိုင်ဟု သတ်မှတ်လိုက်သည့်သဘော ဖြစ်သည်။

သူ၏တာဝန်ကို လေလွင့်ဂိုဏ်း၌ အတွင်းအား အကောင်း ဆုံးဖြစ်သည့် ဝါးစုကိုလွှဲပြောင်းပေးလိုက်ခြင်းလည်း ဖြစ်လေသည်။

ရှမ်းစု မကျေမနပ်ဖြစ်သွားသော်လည်း ဘာမျှမပြောဝံ့ဘဲ နောက်ဆုတ်လိုက်ရလေသည်။

လေလွင့်ဂိုဏ်းချုပ်က...

"ဝါးစု"

ဟုခေါ်လိုက်၏။

ရှမ်းစုကဲ့သို့ တပည့်ကြီးလေးယောက်တွင် တစ်ယောက်အ ပါဝင်ဖြစ်သည့် ဝါးစုဆိုသူ ရှေ့သို့ခုန်ထွက်လာ၏။

ဝါးစုသည် ခန္ဓာကိုယ် သန်မာထွားကျိုင်းသူဖြစ်လေသည်။

မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက် ပြောင်နေပြီး နားထင်ချိုင့်ဝင်နေသည်ကို ထောက်ချင့်ကာ အတွင်း အား အလွန်ကောင်းသူတစ်ယောက်ဖြစ်ကြောင်း သိနိုင်လေသည်။

ဝါးစုက လေလွင့်ဂိုဏ်းချုပ်အား ဦးညွှတ်လိုက်ပြီး ကျင်းစန်းနှင့်မျက်နှာချင်းဆိုင် လိုက်လေသည်။

ကျင်းစန်းကို ကြည့်ကာ...

"ကျုပ်က အတွင်းအားနဲ့ တိုက်ခိုက်မယ် သတိထားပါ"

စကားဆုံးလျှင် လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ ကျင်းစန်းအား ရိုက်ချလိုက်လေသည်။

ကျင်းစန်းကလည်း ဝမ်းရှောင် သင်ကြားပေးလိုက်သည့် အတွင်းအားအသုံးပြုသည့်ပညာဖြင့် ပြန်လည်ခုခံရင်ဆိုင်လိုက်လေသည်။

သူက လက်ဝါးနှစ်ဘက် ဆန့်ထုတ်လိုက်လျှင်..

"ဖတ်"

မြည်သံနှင့်အတူ လက်ဝါးလေးဘက် ပူးကပ်သွားလေသည်။ ဝါးစုက အတွင်းအား ထုတ်ဖော်ကာ ကျင်းစန်းလဲကျသွားအောင် တိုက်ခိုက်လိုက်လေသည်။

ဝါးစု၏အတွင်းအားသည် သူ၏ခန္ဓာကိုယ်အတွင်းမှ သွေးလှည့်ပတ်သည့်နည်းစနစ်အတိုင်း လည်ပတ်ဖြတ်သန်းကာ ယာဘက်လက်မှတဆင့် ကျင်းစန်း၏ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်သွားလေသည်။

ထိုအခါ ကျင်းစန်း၏ အတွင်းအား တိုးပွားလာသော်လည်း ဝါးစု၏အတွင်းအားမှာမူ တခဏအတွင်း ယုတ်လျော့ကွယ်ပျောက်



သွားလေတော့သည်။

ဝါးစု၏ နဖူးပေါ်မှ ချွေးများ တဒီးဒီးကျလာသည်။

မျက်နှာတစ်ခုလုံးလည်း နီရဲလာလေသည်။

ဝါးစု အခြေအနေ မဟန်မှန်း လေလွင့်ဂိုဏ်းချုပ် ရိပ်မိလိုက်လေသည်။ ထို့ကြောင့်...

"ဝါးစု နောက်ဆုတ်လိုက်"

ဟုအော်ပြောလိုက်လေသည်။

ဝါးစုက အံကြိတ်လိုက်သည်။

ခြေထောက်တစ်ဘက်မြှောက်ကာ ကျင်းစန်းအား ကန်ကျောက်လိုက်၏။

ကျင်းစန်းက လက်ဝါးကို ရုပ်သိမ်းကာ နောက်သို့ခုန်ဆုတ်လိုက်လျှင် သူလည်း ချက်ချင်းဆုတ်သွားလေတော့သည်။

ကျင်းစန်း၏ ဖြတ်ထိုးဉာဏ်ကို ဝါးစု ချီးကျူးမိလိုက်လေသည်။

သူက အသာစီးရနေပြီဖြစ်ရာ သူက ဦးအောင် နောက်မဆုတ်ဘဲ ဝါးစုက ဆုတ်ရမည်ဆိုလျှင် အတွင်းဒဏ်ရာပြင်းထန်စွာ ရသွားလိမ့်မည် ဖြစ်လေသည်။

ယခုတော့ ဝါးစုနောက်ဆုတ်လိုက်သော်လည်း အန္တရာယ်မဖြစ်နိုင်တော့ပါချေ။ လေလွင့်ဂိုဏ်းချုပ် ပြုံးလိုက်သည်။

ကျင်းစန်းကို ကြည့်ကာ...

"မင်း ဘယ်ဆိုးလို့တုန်း၊ ဒီတစ်ခါ ချန်ထင်းအလှည့်ပဲ"

ဟုပြောလိုက်၏။

ထိုအခါ ချန်ထင်းဆိုသူ ချက်ချင်းရှေ့သို့ ခုန်ထွက်လာလေသည်။ ထိုလူသည် ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိသူ ဖြစ်၏။

ခြေတံလက်တံရှည်သူဖြစ်ရာ ငှက်ကြီးဝံပိုတစ်ကောင်နှင့် တူလှသည်ဟုပင် ထင်မှတ်ရလေသည်။

ထိုလူက ကျင်းစန်းအား ပြုံးပြလိုက်ပြီး…

"မိတ်ဆွေလေးရဲ့ သိုင်းပညာ မဆိုးပါဘူး၊ ဒီတစ်ခါ ကျုပ်တို့လက်နက်ပုန်းပညာ ပြိုင်ကြရအောင်လား"

ဟုပြောလိုက်လေသည်။

ဆရာလေးယောက်ရှိသည်ဖြစ်ရာ ဆရာနှစ်ယောက်၏ ပညာကို အောင်မြင်စွာ အသုံးချနိုင်ခဲ့ပြီဖြစ်လေသည်။

ထို့ကြောင့် မေချောင်ဖုံး သင်ပေးသော လက်နက်ပုန်းပစ်ပညာကို အသုံးချကြည့်ရန် ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီလေ၊ မိတ်ဆွေရဲ့သဘောပါပဲ"

ဟုပြောလိုက်၏။ ချန်ထင်းက…

"ကဲ…ကျုပ်ရဲ့လက်နက်ပုန်းတွေကို သတိထားပေတော့"

စကားဆုံးလျှင် လက်နှစ်ဘက် ခပ်သွက်သွက်ဝှေ့ယမ်းလိုက်လေသည်။

"ဖုစ်…ဖုစ်…ဖုစ်"



လက်နက်ပုန်းလေးမျိုးသည် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ကျင်းစန်းထံ ပစ်လွှင့်သွားလေသည်။

ကျင်းစန်းက မလှုပ်မယှက် ရပ်နေ၏။

ချန်ထင်းသည် သူ၏ခန္ဓာကိုယ်ရှိ သွေးကြောနေရာခုနစ် ဆယ့် နှစ်နေရာသို့ တပြိုင်တည်းပင် ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်လေသည်။

ရှောင်တိမ်းလိုက်လျှင် ချန်ထင်းက နောက်ထပ်တိုက်ခိုက် လာဦးမည်ဖြစ်ကြောင်း နားလည်မိသည်။

ရှောင်တိမ်းခြင်းမပြုဘဲ လက်နက်ပုန်းများ အနီးသို့ရောက် လာလျှင် ကြေးစုတ်တံကို ဝှေ့ယမ်းကာ ရိုက်ချလိုက်သည်။

"ချွင်…ချွင်…ချွင်"

မြည်သံများ ထွက်ပေါ်လာသည်။

ချန်ထင်း ပစ်ခတ်လိုက်သည့် လက်နက်ပုန်းများသည် တစ် မကျန် မြေပေါ်ပြုတ်ကျသွားတော့သည်။

ချန်ထင်း မျက်နှာပျက်သွားသည်။

သူ၏လက်နက်ပုန်းကို ရှောင်တိမ်းနိုင် သူမရှိဟု ယုံကြည် ားသည်။

ယခုမူ ကျင်းစန်းအား မယုံကြည်နိုင်စွာ ကြည့်နေမိတော့ ည်။

ကျင်းစန်းက…

"ခင်ဗျားအလှည့်ပြီးရင် ကျုပ်အလှည့်ပေါ့ဗျာ"

စကားဆုံးလျှင် လက်တစ်ဘက်ဝှေ့ယမ်းလိုက်သည်။

လက်နက်ပုန်းနှစ်ခုသည် ချန်ထင်းထံသို့ ပစ်လွှင့်သွားသည်

ချန်ထင်း အံ့သြသွားသည်။

သူ့အား လက်နက်ပုန်းနှစ်ခုတည်းဖြင့် ပစ်သည်ဆိုပါက သ သည် ရှောင်တိမ်းနိုင်မည်ဖြစ်ပေသည်။

ကျင်းစန်းက သူရှောင်နိုင်မည်မဟုတ်ဟု ယူဆကာ လက နက်နှစ်ခုတည်းဖြင့် ပစ်ခတ်လိုက်သည်မှာ သူ့အား အထင်သေး ရောက်သည်ဟု တွေးမိလိုက်လေသည်။

စိတ်ထဲ ဒေါသအနည်းငယ် ဖြစ်သွားသည်။

"နေဦး ငါ့အနားကိုရောက်လာမှ ရှောင်ပြလိုက်မယ်"

ဟုတွေးကာ မလှုပ်မယှက် ရပ်နေလိုက်သည်။

လက်နက်ပုန်းနှစ်ခုသည် အလွန်လျင်မြန်သော အရှိန်ဖြ သူ့ထံ ဦးတည်ကာ ပစ်လွှင့်လာသည်။

အနီးသို့ရောက်လာမှ ချန်ထင်းက ရှောင်တိမ်းရန် ဟ ပြင်လိုက်လေသည်။

ထိုစဉ်မှာပင် လက်နက်ပုန်းနှစ်ခုသည် အချင်းချင်းထိ ကာ ကွဲအက်သွားပြီး လေးခုဖြစ်သွားသည်။

ထိုအက်ကွဲသွားသော လက်နက်ပုန်းလေးခုသည် အ ချင်းထိမိကာ ရှစ်ခုဖြစ်သွားသည်။



ဤသို့ဖြင့် သုံးလေးကြိမ် ဆက်တိုက် အချင်းချင်းထိတွေ့ ကွဲအက်ကာ လက်နက်ပုန်း အပိုင်းအစများစွာ ဖြစ်ပေါ်လာလေတော့သည်။

ချန်ထင်း ထိတ်လန့်သွားသည်။

အခြေအနေမဟန်မှန်းသိလျှင် ရှောင်တိမ်းရန် ဟန်ပြင်လိုက်၏။ သို့သော် သူနောက်ကျသွားပြီ ဖြစ်လေသည်။

လက်နက်ပုန်းများသည် သူ၏တစ်ကိုယ်လုံး လွှမ်းခြုံသွားပြီဖြစ်လေသည်။

"ဟေး...ဖယ်လိုက်"

လေလွင့်ဂိုဏ်းချုပ်က အော်ငေါက်လိုက်သည်။

တဆက်တည်းပင် လက်တစ်ဘက်က ချန်ထင်းအား တွန်းထုတ်လိုက်ပြီး ကျန်လက်တစ်ဘက်က အင်္ကျီလက်အိုးဖြင့် ရိုက်ထုတ်လိုက်လေသည်။

ချန်ထင်း၏နဖူးပေါ်မှ ချွေးများစီးကျနေ၏။

လေလွင့်ဂိုဏ်းချုပ်က အချိန်မီ ဝင်ရောက်ကယ်တင်ခြင်း မပြုလျှင် ကျိန်းသေဒုက္ခရောက်တော့မည် ဖြစ်လေသည်။

လေလွင့်ဂိုဏ်းချုပ်က ကျင်းစန်းအား ကြည့်လိုက်ပြီး...

"အင်း...နောက်ဆုံးကျန်နေတဲ့ ငါ့တပည့်ကိုမလွှတ်တော့ဘူး၊ သူကလည်း မင်းကိုယှဉ်နိုင်မှာမဟုတ်ဘူး၊ ဒီတော့ ငါကိုယ်တိုင်ပဲ မင်းကိုရင်ဆိုင်မယ်"

ဟုပြောလိုက်လေသည်။

ထိုစကားကြားလျှင် ကျင်းစန်း ထိတ်လန့်သွားလေသည်

လေလွင့်ဂိုဏ်းချုပ်ကိုကြည့်ကာ...

"ဦးက ယှဉ်ပြိုင်မယ် ဟုတ်လား"

ဟုမေးလိုက်လေသည်။

လေလွင့်ဂိုဏ်းချုပ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တ ယ်လေ၊ ဘာဖြစ်လို့လဲ"

"ဦးနဲ့ မယှဉ်ပါရစေနဲ့ ခင်ဗျာ"

"ဒါဖြင့် မင်းက အမှန်အတိုင်းပြောပြတော့မယ်ပေါ့ ဟုတ် လား"

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"ကျွန်တော်က ဦးကို တမင်သက်သက် လိမ်ညာနေတ မဟုတ်ပါဘူး၊ ကျွန်တော့်မှာ အခက်အခဲတွေရှိနေလို့ ပြောမပြပါရ နဲ့လို့ တောင်းပန်တာပါ ခင်ဗျာ"

"ခုထိတောင် မင်းက ပြောမပြနိုင်သေးဘူးပေါ့ ဟုတ်လာ

"ဟုတ်ပါတယ် ခင်ဗျာ"

"ဒါဆို မင်းက ငါနဲ့ရင်ဆိုင်ဖို့ကလွဲပြီး တခြားရှောင်လွှဲစ နည်းလမ်းမရှိတော့ဘူးကွ"

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"ကျွန်တော်က ဦးနဲ့ရင်မဆိုင်ချင်ပါဘူး ခင်ဗျာ၊ တစ်နေ့



ရင် အဖြစ်မှန်ကို ကျွန်တော် ရှင်းပြပါ့မယ်၊ အခုတော့ ကျွန်တော့်ကို ခွင့်လွှတ်ပါ ခင်ဗျာ"

သူက ယဉ်ယဉ်ကျေးကျေး ပြောနေသည်ကို လေလွင့်ဂိုဏ်းချုပ် သတိပြုမိလိုက်လေသည်။

ကျင်းစန်းသည် သိုင်းပညာထက်သော်လည်း ဝင့်ကြွားမောက်မာခြင်းမရှိ၊ လူကြီးကို လူကြီးမှန်းသိတတ်သူတစ်ယောက်ဖြစ်ကြောင်း နားလည်သဘောပေါက်သွား၏။

ကျင်းစန်းအား ရန်လိုသည့်သဘော မရှိတော့ချေ။

သို့သော် ကျင်းစန်းသည် စိတ်ဝင်စားစရာကောင်းသူ တစ်ယောက်ဟုကား သိနေဆဲပင်။

လေလွင့်ဂိုဏ်းချုပ်သည် နဂိုကပင် စိတ်နေသဘောထားထူးခြားသူဖြစ်လေသည်။

ထို့ကြောင့် ကျင်းစန်း၏ လျှို့ဝှက်ချက်ကို မရမနေဖော်ထုတ်ရန် ဆုံးဖြတ်လိုက်လေသည်။

"ဝမ်းနည်းပါတယ်ကွာ၊ ငါကလည်း ဒီအတိုင်း မကျေနပ်နိုင်ဘူး၊ မင်းရဲ့လျှို့ဝှက်ချက်ကို ဖော်ထုတ်ရမှာပဲကွ"

ဟုပြောလိုက်၏။

ထိုစကားကြားလျှင် လေလွင့်ဂိုဏ်းချုပ်နှင့် ရင်ဆိုင်ခြင်းမပြုဘဲ ရှောင်လွှဲရန် မည်သို့မျှ မဖြစ်နိုင်တော့ကြောင်း နားလည်သဘောပေါက်သွားလေတော့သည်။

ကျင်းစန်းက ပါးစပ်ပိတ်ထားလိုက်သည်။

လေလွင့်ဂိုဏ်းချုပ် တိုက်ခိုက်လာလျှင် ပြန်လည်ခုခံတိုက်ခိုက်ရန်မှအပ အခြားနည်းလမ်း မရှိတော့ပြီ မဟုတ်ပါလား။

လေလွင့်ဂိုဏ်းချုပ်က...

"ကဲ မင်းရဲ့လျှို့ဝှက်ကို ပြောပြတော့မလား"

ဟုမေးလိုက်သည်။

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ် ခင်ဗျာ၊ ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်ကို မပြင်နိုင်ပါဘူး"

"ကောင်းပြီ၊ ငါ့ရဲ့တိုက်ကွက်ကို ခုခံဖို့သာ ပြင်ပေတော့"

စကားဆုံးလျှင် ရှေ့သို့ ခြေလှမ်းတိုးလိုက်၏။

အရင်စလို တိုးသွားခြင်း မဟုတ်ဘဲ တစ်လှမ်းချင်းလှမ်းကာ တိုးသွားခြင်း ဖြစ်လေသည်။

ကျင်းစန်းက မလှုပ်မယှက် ရပ်နေသည်။

သူတို့နှစ်ယောက် လက်တစ်ကမ်းအကွာ မျက်နှာချင်းဆိုင် အနေအထားသို့ ရောက်ရှိသွားလေသည်။

"တော်တော်သတ္တိကောင်းတဲ့သူငယ်ပဲ"

လေလွင့်ဂိုဏ်းချုပ် စိတ်ထဲမှ ကျိတ်ပြီး ချီးကျူးလိုက်သည်။

ကျင်းစန်းကို ကြည့်ကာ...

"ကျုပ်ရဲ့တိုက်ကွက်ဟာ မင်းရဲ့ပခုံးကို ဦးတည်ထားတယ်၊



ရှောင်ပေတော့"

အော်ပြောရင်း စတင်တိုက်ခိုက်လိုက်လေသည်။

"ဝှန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။ ကျင်းစန်း မသဲမကွဲ ညည်းညူလိုက်သည်။

ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် နောက်သို့ ခြေသုံးလှမ်းမျှ ဆုတ်သွားရလေသည်။

လေလွင့်ဂိုဏ်းချုပ်က ဆက်လက်တိုက်ခိုက်ခြင်း မပြုဘဲ ရပ်တန့်လိုက်သည်။

ကျင်းစန်း အသက်ပြင်းပြင်း ရှူရှိုက်လိုက်၏။

လေလွင့်ဂိုဏ်းချုပ်ကို လှမ်းကြည့်လိုက်လေသည်။

ကျင်းစန်း အံကြိတ်လိုက်သည်။

အတွင်းအားကို တစ်ကိုယ်လုံး လှည့်ပတ်ကာ စစ်ဆေးကြည့်လိုက်သော်လည်း အတွင်းဒဏ် စိုးစဉ်းမျှမရကြောင်း သိလိုက်ရလေသည်။

လေလွင့်ဂိုဏ်းချုပ် ပြုံးနေသည်ကို တွေ့ရ၏။

သူ၏အပြုံးကြောင့် ကျင်းစန်းမှာ စိတ်ဆိုးရမည့်အပြင် ခင်မင်ရင်းနှီးလိုစိတ်များပင် ဖြစ်ပေါ်လာလေသည်။

လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး...

"ကျွန်တော်ရှုံးသွားပါပြီ"

ဟုပြောလိုက်လေသည်။

လေလွင့်ဂိုဏ်းချုပ်က...

"မဆိုးဘူးဟေ့၊ ကိုယ်ရှုံးသွားတာလဲ ဝန်ခံရဲတာပါပဲလား၊ အင်း မင်းရဲ့လျှို့ဝှက်ချက်ကို ငါ ဘယ်လို မေးရမှန်းတောင် မသိတော့ဘူး"

ဟုပြောလိုက်လေသည်။

ကျင်းစန်းက...

"ကျွန်တော်ရှုံးသွားတာနဲ့ ကျွန်တော့်ရဲ့လျှို့ဝှက်ချက် ဘာမှ မဆိုင်ပါဘူး ခင်ဗျာ၊ ဦး မကျေနပ်လို့ ကျွန်တော့်ကို သတ်ချင်ယင် သတ်ပစ်လိုက်ပါ၊ ကျွန်တော်ကတော့ ပြောပြနိုင်မှာ မဟုတ်ပါဘူး"

ဟု တည်ကြည်စွာ ပြောလိုက်လေသည်။

လေလွင့်ဂိုဏ်းချုပ် ခေါင်းညိတ်လိုက်သည်။

"မင်း မပြောချင်ဘူးဆိုမှ ငါက ပိုပြီးသိချင်လာတယ်ကွ"

ထိုစဉ်...

"ကျင်းစန်း၊ မင်းက ဘယ်သူနဲ့ ရန်ဖြစ်နေတာလဲ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ထိုစကားသံကြားလျှင် ကျင်းစန်း ဝမ်းသာသွားလေသည်။

သူကြားလိုက်ရသည့် စကားသံမှာ မေချောင်ဖုံးကအသံ ဖြစ်နေသည် မဟုတ်ပါလား။

ကျင်းစန်း လှည့်ကြည့်လိုက်သည်။



ထိုအခါ အဝေးမှ လူရိပ်လေးခု ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရသည်။ လူရိပ်လေးခုသည် တခဏအတွင်း သူတို့၏ အနီးသို့ ရောက်ရှိလာ၏။

ကျင်းစန်းမှာ သူ့အား သိုင်းပညာ သင်ပေးခဲ့သည့် ဆရာလေးယောက်ကို စုံစုံညီညီ တွေ့မြင်လိုက်ရခြင်းကြောင့် ဖော်မပြနိုင်အောင် ဝမ်းသာသွားလေတော့သည်။

➤ ➤ ➤

ကုန်သည်ပွဲစားနှင့် တူသော လူဝကြီးဟန်ကျောင်း။

တည်ကြည်ခန့်ညားလှသည့် အမျိုးသမီးကြီးမေချောင်ဖုံး။

အနီရောင်ဝတ်ဆင်ထားသည့် ဝမ်းရှောင်။

မီးခိုးရောင်ဝတ်ဆင်ထားသည့် မင်းကြိုး။

သူတို့လေးယောက်သည် ရုတ်ခြည်းရောက်ရှိလာပြီး ကျင်းစန်းရှေ့တွင် ရပ်လိုက်ကြလေသည်။

ကျင်းစန်း ဝမ်းသာအားရ ဖြစ်သွားလေသည်။

"ဆရာ"

ဟုခေါ်လိုက်လေသည်။

မေချောင်ဖုံး၏မျက်နှာ တင်းမာသွားလေသည်။

"မင်းက အခုထိ ငါတို့ကို ဆရာလို့ ခေါ်နေတုန်းပဲလား"

ဟုငေါက်လိုက်လေသည်။

ကျင်းစန်း ခေါင်းငုံ့ထားလိုက်ရသည်။

ဝမ်းရှောင်က...

"ကျင်းစန်း၊ မင်းက တကယ့် လူနဲ့မှ ရန်ဖြစ်နေတာကိုးကွ"

ဟုရယ်ကျဲကျဲဖြင့် ပြောသည်။

ဟန်ကျောင်းက...

"သူက မင်းကို စျေးဆစ်နေမယ်လို့ ငါထင်တယ်"

မင်းကြီးက...

"မင်းကို ဘေးကျပ်နံကျပ် ဖြစ်အောင် လုပ်နိုင်တာ သူပဲ ရှိမယ်လို့ ငါပြောမပြမိဘူး"

ဟုတစ်ယောက်တစ်ပေါက် ပြောလိုက်ကြသည်။

ကျင်းစန်းကား ခေါင်းငုံ့ထားဆဲ။

သူ၏ဆရာလေးယောက်သည် လေလွင့်ဂိုဏ်းချုပ်အား ကောင်းစွာ သိထားကြပုံရသည်။

"ဟား..ဟား..ဟား"

လေလွင့်ဂိုဏ်းချုပ်၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ထိုအခါမှ ကျင်းစန်း ခေါင်းထောင်ကြည့်လိုက်သည်။

လေလွင့်ဂိုဏ်းချုပ်သည် သဘောကျစွာ ရယ်မောလိုက်ပြီးမှ...

"လက်စသတ်တော့ သိုင်းလောက လူထူးလူဆန်းတွေရဲ့



တပည့် ဖြစ်နေတာကိုး၊ ဒါကြောင့် သူ့ရဲ့သိုင်းကွက်တွေ ထူးဆန်းပါတယ်လို့ ကျုပ်ထင်နေတာ၊ ကျုပ်တပည့်တွေ သူ့ကို မယှဉ်နိုင်တာလဲ မထူးဆန်းတော့ပါဘူးလေ"

ဟုပြောသည်။ ကျင်းစန်းက ဟန်ကျောင်းကို ကြည့်ကာ...

"သူ..သူက.."

စကားပြောရန် ဟန်ပြင်လိုက်စဉ် ဟန်ကျောင်းက လက်ကာပြရင်း ဟန့်တားလိုက်သည်။

"နေဦး၊ သူ့စကားဆုံးအောင် ပြောပါစေဦး"

ကျင်းစန်း ပါးစပ်ပိတ်ထားလိုက်ရသည်။

လေလွင့်ဂိုဏ်းချုပ်က ဆက်ပြောလိုက်သည်။

"ကဲ ပြောကြစမ်းပါဦး၊ မင်းတို့က ဘာကြောင့် သူ့ကို ကြေးစုတ်တံ ခိုးယူခိုင်းလိုက်ရတာလဲ၊ မင်းတို့ သင်ပေးလိုက်တဲ့ သိုင်းပညာအစွမ်းကို သိချင်လို့ စမ်းသပ်လိုက်ကြတာလား"

မေချောင်ဖုံးက...

"ရှင်စကားပြောတာ ကြည့်ပြောပါ၊ ကြေးစုတ်တံကို ကျွန်မတို့က ဂရုစိုက်နေမယ်လို့များ ရှင်ထင်သလား"

သူမ၏စကားကို ကြားလျှင် လေလွင့်ဂိုဏ်းချုပ် မျက်လုံးပြူးသွားပြီး...

"ဂရုမစိုက်ဘူး ဟုတ်လား၊ ဒါဖြင့် သူက ဘာကြောင့် ကြေးစုတ်တံကို ခိုးယူသွားရတာလဲ"

"ကျွန်တော့်အတွက် အသုံးလိုလို့ပါ"

ကျင်းစန်းက ကြားဖြတ်ပြောလိုက်သည်။

သူ၏စကားကြောင့် မေချောင်ဖုံး အကျပ်အတည်းမှ လွတ်မြောက်သွားရသည်။

ကြေးစုတ်တံအား ရယူဖို့ သူမက စေခိုင်းခဲ့ခြင်း ဖြစ်၏။

ထို့ကြောင့် ကြေးစုတ်တံနှင့် ပတ်သက်ပြီး တာဝန် ရှိသည်ဟု သူမ ခံယူထားသည်။

လေလွင့်ဂိုဏ်းချုပ်က အားလုံးကို ဝေ့ကြည့်လိုက်ပြီး...

"မင်းတို့တစ်တွေ အခုလို စုရုံးနေကြတာကို တွေ့တာနဲ့ ငါက ကိစ္စလေးတစ်ခုကို သတိရလာတယ်၊ ဟုတ်ပြီ၊ ဟိုကောင်လေး မပြောချင်တဲ့ကိစ္စ ဘာလဲဆိုတာ ငါရိပ်မိပြီ"

ဟုပြောလိုက်သည်။ မေချောင်ဖုံးက...

"လေလွင့်ဂိုဏ်းချုပ်ကြီးရှင် စကားတိုးတိုးပြောရင် ကောင်းမယ်ရှင့်"

ဟု ပြစ်တင်ပြောဆိုလိုက်သည်။

"ဟား...ဟား...ဟား"

လေလွင့်ဂိုဏ်းချုပ်က ရယ်မောပြီးမှ လက်ဝှေ့ယမ်းပြလိုက်၏။

"ကဲ ဟေ့ အားလုံး ပြန်သွားကြပြီး စောင့်နေကြ၊ ငါလိုက်လာခဲ့မယ်"



ဟုပြောလိုက်သည်။

သူ၏အမိန့်ပေးသံကြားလျှင် လေလွင့်ဂိုဏ်းသားများမှာ စောဒက မတက်ကြဘဲ ဦးညွှတ်ကာ ပြေးလွှားထွက်ခွာသွားကြ၏။

မကြာပါချေ။ အားလုံး မြင်ကွင်းမှ ကွယ်ပျောက်သွားကြပြီး လေလွင့်ဂိုဏ်းချုပ်တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့၏။

ထိုအခါမှ လေလွင့်ဂိုဏ်းချုပ်က...

"ကဲ ဘယ်သူမှ မရှိတော့ဘူး၊ ကျုပ်က စကားကျယ်ကျယ်ပြောမယ်ဆိုရင်ကော မင်းတို့ ကန့်ကွက်ကြဦးမလား"

ဟုမေးလိုက်လေသည်။

မေချောင်ဖုံးက...

"ဂိုဏ်းချုပ်ကြီးက ဘာတွေများ ပြောချင်လို့လဲရှင်"

"ကြေးစုတ်တံ ကိစ္စပေါ့"

"ဒီကိစ္စဟာ ဂိုဏ်းချုပ်ကြီးနဲ့ မဆိုင်ဘူးလို့ ထင်ပါတယ်"

"ဟား...ဟား...ဟား၊ သိုင်းဆရာလုံထိန်ဟာ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ဆိုတာ မေ့ထားလို့ ဘယ်ရမလဲ၊ ဒီကိစ္စကို ဘေးဖယ်ထားလိုက်ပြီး ဒီထက် အရေးကြီးတဲ့ကိစ္စ ပြောကြမယ်ဆိုရင် မင်းတို့တတွေဟာ လူတစ်ယောက်ကို တွေ့ချင်တဲ့ဆန္ဒ သိပ်ပြင်းပြနေတယ်ဆိုတာ ကျုပ်သိတယ်၊ ကဲ မင်းတို့ ဘာပြောကြမလဲ"

မေချောင်ဖုံးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

လေလွင့်ဂိုဏ်းချုပ်က ဆက်ပြောလိုက်သည်။

"မင်းတို့ တွေ့ချင်တဲ့လူဟာ မိုးကြိုးခားကို ခိုးသွားတဲ့ ဂူချန်း ဆိုရင်ကော မင်းတို့ ငြင်းကြဦးမလား"

"ဟာ"

မေချောင်ဖုံး လွှတ်ခနဲ အော်လိုက်လေသည်။

လေလွင့်ဂိုဏ်းချုပ်သည် သူတို့အကြောင်း သိနေသည် မဟုတ်ပါလား။

လေလွင့်ဂိုဏ်းချုပ်က...

"မင်းတို့ရဲ့ဆရာဟာ ငါ့ဆီမှာ အကူအညီတစ်ခု တောင်းဖူးတယ်၊ သူ့ရဲ့တပည့်မိုက်ဂူချန်းရဲ့သတင်းကို စုံစမ်းခိုင်းခဲ့တာပဲ"

"ငါက ကူညီမယ်လို့ ပြောခဲ့ပေမယ့် သိုင်းလောက အရှုပ်အထွေးတွေကြားမှာ နစ်မြုပ်ပြီး ဘာမှ လုပ်မပေးနိုင်ခဲ့ဘူး၊ မင်းတို့ရဲ့ဆရာ သိုင်းလောကက အနားယူသွားတော့ ဒီကိစ္စကို ငါလည်း အမှုမဲ့အမှတ်မဲ့ ထားလိုက်မိတယ်၊ ဒါပေမယ့် မင်းတို့က စခန်းထလာပြန်တော့ ငါသတိပြုမိလာပြန်တယ်၊ ဒီလိုနဲ့ ငါ့လူတွေကို ဂူချန်း အကြောင်း ရနိုင်သလောက် စုံစမ်းဖို့ အမိန့်ပေးထားခဲ့တယ်၊ ကဲ ပြောစမ်းပါဦး၊ မင်းတို့က ဂူချန်းကို ခြေရာခံမိကြပြီလား"

ဟန်ကျောင်းက ခေါင်းယမ်းလိုက်လေသည်။

"ဘာမှ မသိရသေးပါဘူး"

လေလွင့်ဂိုဏ်းချုပ် ပြုံးလိုက်သည်။



"ဘာမှ မသိရသေးဘဲနဲ့ ကြေးစုတ်တံကို ယူခိုင်းမယ်လို့တော့ ငါမထင်ဘူး"

ဟန်ကျောင်း ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

မေချောင်ဖုံးက...

"သူ့ရဲ့ပညာလဲ မခေဘူး၊ သူတို့နှစ်ယောက် ပူးပေါင်းသွားရင် ကျားကို အတောင်တပ်ပေးလိုက်တာထက်တောင် ဆိုးသွားဦးမယ်ရှင့်"

မင်းကြိုးက...

"သူတို့ဟာ နောက်သုံးလအကြာ ထင်းစန်းတောင်မှာ ကျင်းပမယ့် သိုင်းလောက အစည်းအဝေးကျရင် ခေါင်းဆောင်ရာထူး ရဖို့ စီစဉ်စိုင်းပြင်းနေကြတယ်၊ သူတို့ကို အချိန်မီ တားဆီးမှ ဖြစ်မယ်၊ ဒါမှမဟုတ်ရင်တော့ သိုင်းလောကတစ်ခုလုံး ကမောက်ကမ ဖြစ်သွားမှာပဲ"

လေလွင့်ဂိုဏ်းချုပ်က...

"မင်းတို့က မင်္ဂလာပွဲပျက်အောင် စီစဉ်ထားကြတယ် မဟုတ်လား"

ဟုမေးလိုက်၏။

မေချောင်ဖုံးတို့လေးယောက်စလုံး ခေါင်းညိတ်လိုက်ကြသည်။

"ဟုတ်တယ်"

လေလွင့်ဂိုဏ်းချုပ်က တည်ကြည်သော မျက်နှာထားဖြင့်

"ကောင်းပြီ၊ ငါ့တပည့်တွေကို မောင်းထုတ်လိုက်တာဟာ ငါကြားထားတဲ့ သတင်းတစ်ခု ပြောပြချင်လို့ပဲ၊ မင်းတို့ သေသေချာချာ မှတ်ထားကြ၊ ဂူချန်း မမာမကျန်း ဖြစ်နေတယ်၊ မင်္ဂလာပွဲကို ကိုယ်တိုင် တက်နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် သူ့ရဲ့သမီးကိုပဲ စေလွှတ်လိုက်တယ်၊ သူတို့ သွားမယ့် ခရီးမှာ မိုးကြိုးဓားကို လုယူချင်သူတွေ ရှိနေနိုင်တာမို့ စုထင်းရဲ့ အကူအညီကို ရယူမယ်လို့ စီစဉ်ထားကြတယ်၊ ဒီသတင်းကို မင်းတို့ ကြားပြီးပြီလား"

မေချောင်ဖုံး ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ကဲ့ ကြားပြီးပါပြီ"

"အင်း ဒီအကြောင်းကို သိုင်းလောကသား အတော်များများ သိနေကြတယ်၊ သူတို့သွားမယ့် လမ်းတလျှောက်မှာ မိုးကြိုးဓားကို လုယူချင်သူတွေ အလျှိုအလျှို စောင့်နေကြမှာပဲ"

မေချောင်ဖုံး၊ ဟန်ကျောင်း၊ ဝမ်းရှောင်၊ မင်းကြိုးတို့က ကျင်းစန်းအား ကြည့်လိုက်ကြလေသည်။

ကျင်းစန်း ရင်ကော့လိုက်ပြီး...

"ကျွန်တော်က မိုးကြိုးဓားကို ဖျက်ဆီးပြီး ဂူချန်းကို ရှင်းပစ်ပါမယ်လို့ ကတိပေးပါတယ်"

ဟုရဲရဲဝံ့ဝံ့ ပြောလိုက်လေသည်။

မေချောင်ဖုံးတို့ သဘောကျသွားကြလေသည်။



လေလွင့်ဂိုဏ်းချုပ်က...

"အင်း မင်းရဲ့သိုင်းပညာ မဆိုးပါဘူး၊ ဒါပေမယ့် ဂူချန်းနဲ့ နယ်ခြားမြို့စားကြီးကို ရင်ဆိုင်ဖို့တော့ မလွယ်ဘူး"

ဟုပြောလိုက်သည်။

မေချောင်ဖုံးက...

"ကျွန်မတို့က သူ့ကို သိုင်းပညာ သင်ပေးထားတာပဲ၊ မလုံလောက်ဘူးလား"

ဟုမေးလိုက်လေသည်။

လေလွင့်ဂိုဏ်းချုပ် ခေါင်းယမ်းလိုက်သည်။

"မလုံလောက်သေးဘူးလို့ ထင်တယ်၊ မင်းတို့ဟာ ဂူချန်းရဲ့ ဟာကွက်ပျော့ကွက်တွေကို သိကောင်းသိနိုင်တယ်၊ နယ်ခြားမြို့စားကြီးရဲ့ ဟာကွက်ကိုတော့ သိမှာမဟုတ်ဘူး"

"ဒါဖြင့် နယ်ခြားမြို့စားကြီးကို ဘယ်လိုရင်ဆိုင်ရမလဲ"

ဟန်ကျောင်းက မေးလေသည်။

မေချောင်ဖုံးက...

"ကျွန်မတို့ ဂူချန်းကို သုတ်သင်ရှင်း[illegible]နိုင်ဖို့နဲ့ မိုးကြိုးဓားကို ဖျက်ဆီးပစ်ဖို့ပဲ အဓိကထားတာ၊ မြို့စားကြီးနဲ့ ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ဖို့မှ မဟုတ်ဘဲရှင့်"

ဟုဝင်ပြောလေသည်။

လေလွင့်ဂိုဏ်းချုပ် ခေါင်းညိတ်လိုက်သည်။

"မင်းတို့ ပြောတာ မှန်ပါတယ်၊ ဂူချန်းကို ရင်ဆိုင်ဖို့ သက်သက်ဆိုပေမယ့် သူတို့ဟာ မိတ်ဆွေဖွဲ့ထားပြီးကြပြီ၊ မိုးကြိုးခါးနဲ့ ပတ်သက်လာရင် နယ်ခြားမြို့စားကြီးက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး၊ သူတို့ကို ရင်ဆိုင်ဖို့ဆိုတာဟာလဲ ဒီကောင်လေးကို နောက်ထပ် တစ်နှစ်လောက် လေ့ကျင့်သင်ကြားပေးဖို့ လိုလိမ့်မယ်၊ ဒါပေမယ့် အချိန်က မရှိတော့ဘူး"

မေချောင်ဖုံးတို့ ငိုင်ကျသွားကြလေသည်။

လေလွင့်ဂိုဏ်းချုပ်က…

"မင်းတို့ရဲ့ အခက်အခဲ ပြဿနာကို ငါသိပါတယ်၊ ဒါကြောင့် ငါက သူ့ကို သိုင်းကွက်တစ်ကွက် သင်ပေးလိုက်မယ်၊ ဂူချန်းနဲ့ နယ်ခြားမြို့စားကြီးကို အနိုင်မရရင်တောင် ခုခံနိုင်မှာ သေချာတယ်၊ ကဲ မင်းတို့ ဘယ်လို သဘောရသလဲ"

မေချောင်ဖုံး ချက်ချင်းပင် သဘောတူလိုက်သည်။

"ကျေးဇူးတင်လိုက်တာရှင်၊ ဂူချန်းကြောင့် ကျွန်မတို့ စားမဝင် အိပ်မပျော် ဖြစ်ခဲ့ရတဲ့ နေ့ရက်တွေ ရှည်လျားလှပါပြီ၊ ကျွန်မတို့ကို ကူညီတဲ့ ကျေးဇူးမမေ့ပါဘူး"

အားလုံးကလည်း သဘောတူလိုက်ကြလေသည်။

လေလွင့်ဂိုဏ်းချုပ်က ကျင်းစန်းအား လက်ယပ်ခေါ်လိုက်သည်။

"မင်း ငါ့ဆီကို လာခဲ့စမ်း"



ကျင်းစန်းသည် လေလွင့်ဂိုဏ်းချုပ်ရှေ့သို့ ခပ်သွက်သွက် ကလေးသွားကာ ဒူးထောက်ချလိုက်လေတော့သည်။

➤ ➤ ➤

"သူက မင်းကို သိုင်းပညာ သင်ပေးခဲ့တယ် ဟုတ်လား"

နဂါးလေးက တအံ့တဩ မေးလိုက်လေသည်။

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ နဂါးနိုင်လက်ဝါးဆယ့်ရှစ်ကွက်ကို သင်ပေးခဲ့တယ်"

"ဒါကြောင့် မင်းရဲ့သိုင်းပညာ သိပ်တော်နေတာကိုး"

"ငါက အသုံးမပြုသေးပါဘူးကွာ၊ သူက ဂူချန်း ဒါမှမဟုတ် မြို့စားကြီးနဲ့ ရင်ဆိုင်တဲ့အခါမှ ထုတ်ဖော်သုံးရမယ်လို့ မှာလိုက်တယ်၊ သူတို့နဲ့ ရင်ဆိုင်ပြီးရင် နောက်ဘယ်တော့မှ အသုံးမပြုဘဲ မေ့ပစ်လိုက်ရမယ်လို့ မှာလိုက်တယ်"

"မင်းက သူတို့ကို ကောင်းကောင်း ရင်ဆိုင်နိုင်မှာပါ"

"ငါလဲ ရင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းပါတယ်ကွာ"

ဝီကျောင်းက…

"ဂူချန်းဟာ ဉာဏ်များတယ်၊ ကောက်ကျစ်စဉ်းလဲတယ်ဆိုတာ ငါယုံတယ်၊ ချင်းယဉ်ကိုပဲ ကြည့်ပါလား၊ အားလုံးက သူ့ကို

သခင်မလေးလို့ ထင်နေကြတယ်၊ ဒါပေမယ့် သူဟာ ငယ်သားတစ်ယောက် ဖြစ်နေတယ်၊ မြင်းလှည်းထဲမှာ မိန်းကလေးတစ်ယောက် တစ်ချိန်လုံး ပုန်းအောင်းလိုက်ပါလာတာကို ဘယ်သူမှ မရိပ်မိခဲ့ကြဘူး"

ကျင်းစန်း ပြုံးလိုက်လေသည်။

ချင်းယဉ်၏ ပြောဆိုပြုမူပုံ၊ တွေးတောစဉ်းစားပုံနှင့် သူမ၏ သိုင်းပညာသည် အဆင့်နိမ့်နေသည်ဖြစ်ရာ ဂူချန်း၏သမီး မဖြစ်နိုင်ဟု သူက စောစီးစွာကပင် သတိဝင်ခဲ့လေသည်။

ထိုအချက်ကို တမင် ထုတ်ဖော်မပြောဘဲ နေခဲ့ခြင်း ဖြစ်သည်။ ယခုလည်း ထုတ်ဖော်ပြောရန် မစဉ်းစားချေ။

နဂါးလေးက…

"တကယ်ဆိုရင် မင်းလုပ်ရပ်မှာ ချို့ယွင်းချက်တွေ ရှိနေတယ်လို့ ငါထင်တယ်ကွ"

ဟုပြောလိုက်၏။

ကျင်းစန်း ဆတ်ခနဲ ခေါင်းထောင်လာသည်။

နဂါးလေးကို ကြည့်ကာ…

"ချို့ယွင်းချက်တွေ ရှိနေတယ် ဟုတ်လား"

"ဟုတ်တယ်"

"ပြောစမ်းပါဦး၊ ဘယ်လို ချို့ယွင်းချက်တွေ ရှိနေတာလဲ"

နဂါးလေးက…



"မိုးကြိုးဓားကို ဖျက်ဆီးမယ်၊ ဂူချန်းကို ရှင်းပစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိရင် သူတို့ကို မြို့စားကြီးဆီ ရောက်အောင် လိုက်ပို့ပေးစရာ မလိုဘူး၊ လမ်းမှာ ကြားဖြတ်ဟန့်တားနိုင်တာပဲ၊ ကုန်ကုန်ပြောရရင် ဂူချန်းရဲ့သမီးကို ဖမ်းထားလိုက်ရင် ဂူချန်း လိပ်လိုခေါင်းဝှက်နေလို့ ရတော့မှာ မဟုတ်ဘူး"

ထိုစကားကို ဝီကျောင်းက ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်၊ မင်းလုပ်ပုံက ဂူချန်း အပြင် မြို့စားနဲ့ပါ ထိပ်တိုက်ရင်ဆိုင် တိုးချင်သလို ဖြစ်နေတယ်၊ ဒီလိုဆိုရင် မင်းအတွက် လွယ်ပါ့မလား၊ စဉ်းစားကြည့်ဦး"

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"ငါ့ကို သိုင်းပညာသင်ပေးတဲ့ လူတွေရဲ့ စိတ်နေသဘောထားကို ငါသိပါတယ်၊ သူတို့ဟာ မကောင်းသူကိုပယ် ကောင်းသူကယ်မယ်လို့ ဆုံးဖြတ်ထားကြတဲ့ သူတွေပဲ၊ သူတို့ဟာ ဂူချန်းကိုသာမက မြို့စားကြီးကိုပါ ရှင်းပစ်ချင်တယ်ဆိုတာ ငါသိတယ်၊ ဒါကြောင့် ငါက တမင် စောင့်ကြည့်နေခဲ့တာပါ"

ဟုရှင်းပြလေသည်။ ဝီကျောင်းက…

"မင်းပြောတာ မှန်တယ်၊ ဒါပေမယ့် အန္တရာယ် များလွန်းတယ်၊ ဂူချန်းရဲ့ကိစ္စကို ဖြေရှင်းပြီးမှ နယ်ခြားနဲ့ ရင်ဆိုင်တာ ပိုကောင်းမယ်၊ တစ်ယောက်စီ ခွဲပြီး ရင်ဆိုင်ရင် ပိုပြီး အဆင်ပြေတာပေါ့"

ထိုစကားကြားလျှင် ကျင်းစန်း ဇဝေဇဝါ ဖြစ်သွားလေသည်။

နဂါးလေးက...

"ဖြစ်နိုင်ရင် ဂူချန်းရဲ့သမီးကို အရင်ဆုံး ရှင်းရမှာပဲ၊ သူနဲ့အတူ မိုးကြိုးဓား ပါလာတယ်ဆိုရင် မင်းရဲ့ ပြဿနာ တစ်ဝက် ဖြေရှင်းပြီးသား ဖြစ်မသွားဘူးလား"

ဝီကျောင်းက ထောက်ခံလိုက်လေသည်။

"ဒီလို ဖြေရှင်းတာ အကောင်းဆုံးပဲ၊ တို့တစ်တွေ ခြေနိုင်လက်နိုင် ရှိလိမ့်မယ်"

ကျင်းစန်း မချိပြုံးပြုံးလိုက်သည်။

"မင်းတို့က အခုချိန်ထိ ငါနဲ့ လက်တွဲဦးမယ်လို့ စိတ်ကူးနေကြတုန်းပဲလား၊ ငါက မင်းတို့အပေါ် လှည့်စားပြီး အသုံးချသလိုဖြစ်ခဲ့တာ ငါ့အပေါ် စိတ်မနာကြဘူးလား"

ဟုမေးလိုက်လေသည်။ ဝီကျောင်းနှင့် နဂါးလေးတို့ ပြိုင်တူခေါင်းယမ်းလိုက်ကြသည်။

"တိုက သူငယ်ချင်းတွေပဲ"

ဟုလည်း ပြိုင်တူ ပြောလိုက်ကြလေသည်။

ကျင်းစန်း ရင်ထဲ လှုပ်ရှားသွား၏။

ဖော်မပြနိုင်သော ခံစားချက်များလည်း ဖြစ်ပေါ်ခံစားလာရလေသည်။



ဝီကျောင်းနှင့် နဂါးလေးတို့ကို ကြည့်လိုက်လေသည်။

ဝီကျောင်းက...

"အချိန်မရှိဘူး၊ မင်းက ငါတို့ကို သူငယ်ချင်းလို သဘောထားတယ်ဆိုရင် ငါတို့ ပြောတာ လက်ခံရမယ်"

ဟုပြောလိုက်၏။ နဂါးလေးကလည်း...

"တို့တစ်တွေ ဂူချန်းရဲ့သမီးကို အရင်ဆုံး နှိမ်နင်းရမယ်"

ဟုပြောလိုက်လေတော့သည်။

➤ ➤ ➤

အရှေ့ဘက် မလှမ်းမကမ်းတွင် မြို့ကြီးတစ်မြို့ တည်ရှိနေသည်ကို တွေ့မြင်ရလေသည်။

ကျင်းစန်း၊ ဝီကျောင်းနှင့် နဂါးလေးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။ ဝီကျောင်းက...

"တို့တစ်တွေ မြို့ထဲ ဝင်ရမှ ဖြစ်မယ်"

ဟုပြောလိုက်လေသည်။

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

မြင်းဂျည်းနှင့် လိုက်ပါသွားသည့် ဂူချန်း၏သမီးကို တွေ့ရန်အရေးကြီးနေသည် မဟုတ်ပါလား။

"ကောင်းပြီ၊ သွားကြမယ်"

သူတို့သည် မြို့ကလေးဆီသို့ ဦးတည်ကာ မြင်းကို မောင်းနှင်သွားကြလေသည်။

မကြာပါချေ။ မြို့အဝင် လမ်းမပေါ်သို့ ရောက်ရှိသွားကြလေသည်။ မြို့ထဲဝယ် လူစည်ကားနေသည်။

မြင်းလှည်းများ၊ မြင်းစီးသမားများ၊ ခြေကျင်သွားလာသူများ ရှုပ်ယှက်ခတ်လျက် စည်ကားသိုက်မြိုက်နေခြင်း ဖြစ်ပေတော့သည်။

ကျင်းစန်း စိတ်ပျက်သွားလေသည်။

"ဒုက္ခပဲ၊ ဂူချန်းရဲ့သမီးကို ငါ ဘယ်လို လိုက်ရှာရမလဲ"

ဟုစိတ်ထဲမှ ညည်းညူလိုက်လေသည်။

နဂါးလေးက...

"သူက ဒီမြို့ကလေးရဲ့ မြို့စားနဲ့ တွေ့ဖို့ လာတယ်ဆိုရင် အခုလောက်ဆို မြို့စားနဲ့ တွေ့နေလောက်ပြီ"

ဟုပြောလိုက်၏။

ကျင်းစန်း ရင်ထဲ ပို၍ တင်းကျပ်သွားလေတော့သည်။

ဝီကျောင်းက...

"တို့တစ်တွေ မြို့စားဂေဟာကို လိုက်သွားလို့တော့ ဖြစ်ဦးမှာ မဟုတ်ဘူး၊ ဒါကြောင့် တစ်နေရာရာမှာ နားပြီး စုံစမ်းကြည့်ကြရင် ကောင်းမယ် ထင်တယ်"

ဟုပြောလေသည်။



ကျင်းစန်း သဘောတူလိုက်သည်။

"ကောင်းသားပဲ"

"ဟိုမှာ ကြည့်စမ်း"

နဂါးလေး ညွှန်ပြရာ နေရာဝယ် စားသောက်ဆိုင်နှင့် တွဲဖက်ဖွင့်လှစ်ထားသည့် တည်းခိုခန်းတစ်ခုကို တွေ့မြင်ရလေသည်။

"တို့သွားကြမယ်"

ကျင်းစန်းက ပြောပြီး တည်းခိုခန်းဆီသို့ ဦးတည်ကာ မောင်းနှင်သွားလေသည်။

သူတို့သုံးယောက် မြင်းပေါ်မှဆင်းကာ တည်းခိုခန်း အတွင်းသို့ လှမ်းဝင်လိုက်ကြလေသည်။

ဆိုင်လုလင်များက သူတို့သုံးယောက်အား ပျာပျာသလဲ ဆီးကြိုလိုက်ကြလေသည်။

"ကြွပါခင်ဗျာ ကြွပါ၊ ဘာများ သုံးဆောင်ကြမလဲ အမိန့်ရှိပါခင်ဗျာ"

ဝီကျောင်း ပြုံးလိုက်သည်။

သူက အနည်းငယ် စဉ်းစားလိုက်ပြီး ဟင်းလျာငါးမျိုး မှာကြားလိုက်သည်။

ဟင်းလျာများမှာ ဈေးအကြီးဆုံး အကောင်းစား ဟင်းလျာများ ဖြစ်လေသည်။

ထို့ကြောင့် ဆိုင်လုလင်များ တအံ့တသြ ဖြစ်သွားကြ၏။

ကျင်းစန်း၊ ဝီကျောင်းနှင့် နဂါးလေးတို့သည် ဆာဆာနှင့် အားရပါးရ စားလိုက်ကြသည်။

ဝီကျောင်းက...

"နဂါးလေး၊ မင်း ဘယ်လိုဖြစ်တာလဲ မဆာဘူးလား"

ဟုမေးလိုက်သည်။

နဂါးလေး မချိပြုံးပြုံးလိုက်သည်။

"ငါက မစားနိုင်လို့ပါကွာ"

"မင်း..."

ဝီကျောင်းက စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားသည်။

နဂါးလေး၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေပြီး ခန္ဓာကိုယ် မသိမသာ တုန်ယင်နေသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

နဂါးလေးသည် လူဆိုးများနှင့် ရင်ဆိုင်စဉ်က အဆိပ်မိခဲ့သလို ဖုံးဝမ်း၏လူများနှင့် ရင်ဆိုင်ခဲ့စဉ်ကလည်း ဒဏ်ရာများ ရရှိခဲ့ပေသည်။

သူသည် လုံလောက်မှု မရှိသော ဆေးဝါးကုသမှုသာ ခံယူခဲ့ရ၏။ ထို့အပြင် အနားယူဖို့ အချိန် လုံလောက်စွာ မရခဲ့ချေ။ နဂါးလေး အခြေအနေ မဟန်သည်ကို ဝီကျောင်းနှင့် ကျင်းစန်းတို့ နားလည်လိုက်ကြသည်။

နဂါးလေး ပြုံးလိုက်သည်။



"ဒီလောက်တောင်လဲ မဟုတ်သေးပါဘူးကွာ၊ ငါခံနိုင်ရည်ရှိပါတယ်၊ ငါ့အတွက် ဘာမှမပူပါနဲ့"

ဟုငြင်းပယ်လိုက်သည်။

ဝီကျောင်းက...

"မလိုချင်ဘူး၊ မင်းက ငါတို့ကို သူငယ်ချင်းလို့ သတ်မှတ်ယင် ငါတို့ ပြောတဲ့စကား နားထောင်ရမယ်"

ဟုခပ်ပြတ်ပြတ် ပြောလိုက်သည်။

နဂါးလေး ပါးစပ်ပိတ်ထားလိုက်တော့သည်။

ကျင်းစန်း ဆိုင်လုလင်ကို လှမ်းခေါ်လိုက်သည်။ ဆိုင်လုလင် အနီးသို့ ရောက်လာလျှင်...

"ဟေ့ တို့အတွက် အခန်းတစ်ခန်းလောက် ရနိုင်မလား"

ဟုမေးလိုက်သည်။

"ဆိုင်လုက ရနိုင်ပါတယ်ခင်ဗျာ၊ ဒါပေမယ့် အခန်းခအတွက် ကြိုတင်ပေးချေရမှာ ဖြစ်ပါတယ်၊ တစ်ရက်ကို ငွေငါးဆယ်ကျပါတယ်၊ ကိုယ်နေမယ့်ရက်အတွက် တစ်ခါတည်း ပေးချေထားရမှာ ဖြစ်ပါတယ်"

ဟုရှင်းပြလေသည်။ ကျင်းစန်းက...

"ကောင်းပြီ၊ ကျုပ်တို့ သုံးရက်စာ ရှင်းပေးထားတယ်"

ပြောပြီး ငွေပေးချေရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက် သူ၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သူ့ထံတွင် ငွေတစ်ပြားတစ်ချပ်မှ မရှိသည့် အဖြစ်ကို သတိရလာခြင်းကြောင့် ဖြစ်ပေသည်။

ဇီကျောင်းကို လှမ်းကြည့်လိုက်သည်။

ဇီကျောင်း ခေါင်းယမ်းပြလိုက်သည်။

သူ့ထံ၌လည်း တစ်ပြားတစ်ချပ်မှ မရှိဟူသည့်သဘော ဖြစ်၏။ ကျင်းစန်းနှင့် ဇီကျောင်းတို့ အကျပ်ရိုက်သွားကြသည်။

စားသောက်ခနှင့် တည်းခိုခကို မည်သို့ ပေးချေမည်နည်း။

သူတို့ မတွေးမိခဲ့သည်ကို ယခုမှ နောင်တရမိသွားသည်။

သူတို့၏အချက်အခဲကို နဂါးလေး ရိပ်မိသွားပြီး...

"ကျုပ်တို့က အရေးတကြီး ခရီးထွက်လာခဲ့ကြရလို့ ငွေပါမလာခဲ့ကြဘူး၊ ဒီတော့ ကျုပ်လက်စွပ်ကို ယူထားပါ၊ နောက်မှ လာရွေးယူပါ့မယ်"

ပြောရင်း ဝဲဘက်လက်သူကြွယ်၌ စွပ်ထားသည့် လက်စွပ်ကို ချွတ်ပေးလိုက်လေသည်။ ဆိုင်လုလင်က လက်ကာပြလိုက်ယင်း...

"ကျွန်တော်တို့ဟာ ငွေကိုပဲ လက်ခံယူဖို့ တာဝန် ရှိပါတယ်၊ ပစ္စည်းလက်ခံနိုင်တဲ့ အခွင့်အရေး မရှိပါဘူးခင်ဗျာ၊ ဆရာလေးတို့ အခက်အခဲရှိနေယင် ဆိုင်ရှင်နဲ့ဝင်တွေ့ပြီး အကျိုးအကြောင်း ပြောပြလိုက်ကြပါလား၊ ဆိုင်ရှင်က သဘောကောင်းပါတယ် ခင်ဗျာ"

ဟုပြောလေသည်။

နဂါးလေး ခေါင်းညိတ်လိုက်သည်။



"ကောင်းပြီ၊ ဆိုင်ရှင်နဲ့ တွေ့ချင်တယ်၊ သူ ဘယ်မှာလဲ"

ဟုမေးလိုက်၏။

"ကျွန်တော့်နောက်ကို လိုက်ခဲ့ပါ ခင်ဗျာ"

ဆိုင်လုလင်က လမ်းပြခေါ်ဆောင်သွားလေသည်။

ကျင်းစန်း၊ နဂါးလေးနှင့် ဇီကျောင်းတို့လည်း နောက်မှ လိုက်သွားကြလေတော့သည်။

➤ ➤ ➤

ဆိုင်အနောက်ဘက်ဝယ် သီးသန့်အိမ်ကလေးတစ်လုံး ရှိနေ၏။ ထိုအိမ်ကလေးမှာ သပ်သပ်ရပ်ရပ် ရှိပြီး နေချင့်စဖွယ် ဆောက်လုပ်ထားလေသည်။

ဆိုင်လုလင်သည် အိမ်ကလေးရှေ့သို့ ရောက်လျှင် တံခါးခေါက်လိုက်၏။

"ဒေါက်...ဒေါက်"

တံခါးခေါက်သံနှင့် မရှေးမနှောင်းတွင်...

"ဘယ်သူလဲ"

အတွင်းဘက်မှ စကားသံ တစ်ချက် ထွက်ပေါ်လာ၏။

ဆိုင်လုလင်က...

"ကျွန်တော်ယုံမွှေးပါ၊ စားသောက်ခ ကျသင့်ငွေ ပေးဖို့ မရှိ

တဲ့ လူတွေက လက်ဝတ်ရတနာနဲ့ ပေးချေမယ် ပြောနေလို့ ဆရာ့ဆီကို ခေါ်လာခဲ့ပါတယ်"

ဟုပြောလိုက်လေသည်။

အတွင်းဘက်မှ...

"စားသောက်ခ ကျသင့်ငွေကို လက်ဝတ်ရတနာနဲ့ ပေးချေမယ် ဟုတ်လား၊ ဟေ့ အထဲကို မြန်မြန်လွှတ်လိုက်စမ်း"

ထိုစကားကြားလျှင် ဝီကျောင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြ၏။

ဆိုင်ရှင်မှာ လောဘကြီးသူတစ်ယောက် ဖြစ်ကြောင်း သူတို့ နားလည်သဘောပေါက်မိကြလေသည်။

ဆိုင်လုလင်က...

"အထဲ ဝင်သွားပါ ခင်ဗျာ"

ဟုပြောကာ လမ်းဖယ်ပေးလိုက်သည်။

ကျင်းစန်း၊ ဝီကျောင်းနှင့် နဂါးလေးတို့လည်း အတွင်းဘက် လှမ်းဝင်လိုက်ကြလေသည်။

ဆိုင်ရှင်သည် လွန်စွာမှပင် ကြွယ်ဝချမ်းသာသူ ဖြစ်ရမည် ဟု အားလုံး ခန့်မှန်းမိလိုက်ကြလေသည်။

"ကြွပါဗျာ...ကြွပါ"

အတွင်းဘက်မှ ခန္ဓာကိုယ်ဝဝဖိုင့်ဖိုင့်ရှိသူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့ရလေ၏။



ထိုလူ၏အသက်မှာ ငါးဆယ်ကျော်ခန့် ရှိပြီး အဖိုးတန် ပိုးဖဲ အင်္ကျီများ ဝတ်ဆင်ထားပြီး လက်ဆယ်ချောင်းစလုံး စိန်လက်စွပ်၊ ရွှေလက်စွပ် စသော အဖိုးတန် လက်ဝတ်ရတနာများ ဝတ်ဆင်ထားသည်ကို တွေ့ရလေသည်။

ထိုလူအား တွေ့လျှင် မြင်ဖူးသလို ရှိသည်ဟု ကျင်းစန်း ထင်မှတ်မိလေသည်။

နဂါးလေးက ရှေ့သို့ လှမ်းထွက်လိုက်ပြီး...

"ကျုပ်တို့ အရေးတကြီး ခရီးထွက်လာမိလို့ ပိုက်ဆံပါမလာခဲ့ကြဘူး၊ စားသောက်ခနဲ့ တည်းခိုခန်းခကို ဟောဒီ လက်စွပ်နဲ့ ပေးချေချင်တယ်၊ ခင်ဗျား ဘယ်လို သဘောရသလဲ"

ဟုမေးလိုက်ပြန်လေသည်။

ဆိုင်ရှင်က...

"ထိုင်ကြပါဦးဗျာ...ထိုင်ကြပါဦး"

ထိုင်ခုံများ ညွှန်ပြရင်း ပြောလေသည်။

သူတို့အားလုံး ထိုင်ချလိုက်ကြ၏။

ဆိုင်ရှင်က နဂါးလေး ပေးသော လက်စွပ်ကို ယူကာ သေသေချာချာ စစ်ဆေးကြည့်နေလေသည်။

ဝီကျောင်းနှင့် နဂါးလေးက ဆိုင်ရှင်ကို မျက်တောင်မခတ် စိုက်ကြည့်နေကြ၏။

"အင်း ဒီလက်စွပ်က ရတ်တရက် ကြည့်ရင် တန်ဖိုး ရှိမယ်

လို့ ထင်ရပေမယ့် သေသေချာချာ စစ်ဆေးကြည့်တဲ့အခါ တစ်ထောင်လောက်ပဲ တန်လိမ့်မယ်ဆိုတာ တွေ့ရတယ်”

ဆိုင်ရှင်၏စကားသံ ဖြစ်၏။

နဂါးလေး ဒေါပွသွားလေသည်။

“ဒါတော့ မတရား ဈေးနှိမ်တာပဲဗျ၊ ဒီလက်စွပ် အနည်းဆုံး ငွေငါးသောင်းတန်တယ်ဗျ”

“ဟာ မဖြစ်နိုင်တာ”

“ကျုပ် တကယ် ပြောတာဗျ”

“ဒီမှာ မိတ်ဆွေလေး၊ ကျုပ်က နောက်ဆုံး အနေနဲ့ ငွေနှစ်ထောင် တန်ဖိုးဖြတ်လိုက်မယ်၊ မြို့ထဲမှာ လိုက်ပြကြည့်ပါ၊ ကျုပ်က နှစ်ထောင်ပေးတယ်ဆိုရင် ဘယ်သူမှ နှစ်ထောင်ထက် ပိုပေးကြမှာ မဟုတ်ဘူး၊ နှစ်ထောင်ထက် လျော့ပေးကြမယ့် လူချည်းပဲ”

“ခင်ဗျားက နှစ်ထောင်ပေးတယ်ဆိုတာ ဘယ်သူက သိနိုင်မှာလဲ၊ သူတို့က ဈေးအမှန် ပေးကြမှာပေါ့”

ဆိုင်ရှင်က သဘောကျစွာ ပြုံးလိုက်သည်။

“မိတ်ဆွေလေးတို့ ကျုပ်ရဲ့ဆိုင်ထဲက ထွက်သွားတာနဲ့ ဒီသတင်းဟာ တစ်မြို့လုံး ပျံ့နှံ့သွားမှာပါ၊ ဒီမြို့ဟာ တစ်ခြားမြို့ရွာတွေနဲ့ မတူတဲ့ ထူးဆန်းတောင်ကြားက မြို့တစ်မြို့ ဖြစ်တယ်ဆိုတာ မမေ့ပါနဲ့”

နဂါးလေး ပြုံးလိုက်လေသည်။



“လက်စသတ်တော့ ခင်ဗျားက ကျုပ်ပစ္စည်းကို မတရားလိုချင်နေတာကိုး၊ ကောင်းပြီ၊ ကျုပ်က စားသောက်ခအတွက် တစ်ပြားတစ်ချပ်မှ မပေးဘဲ ထွက်သွားမယ်ဆိုရင်ကော”

ဆိုင်ရှင်၏မျက်နှာ တည်သွား၏။

“တောင်ကြားအပြင်ဘက်ကို ထွက်သွားနိုင်တယ်ဆိုရင် ကျုပ်က စားသောက်လုပ်ငန်းကို ဆက်မလုပ်တော့ဘဲ ရပ်ပစ်လိုက်မှာပေါ့ဗျာ၊ မြို့စားကြီးဟာ ထူးဆန်းတောင်ကြားထဲက လူတွေကို ဘယ်လို အကာအကွယ် ပေးနေတယ်ဆိုတာ မိတ်ဆွေလေး မသိသေးလို့ ဖြစ်ပါလိမ့်မယ်”

သူတို့နှစ်ယောက် အချီအချ ပြောဆိုနေကြသည်ကို ကြည့်ကာ ဇီကျောင်း ဒေါပွလာလေသည်။

ဆိုင်ရှင်အား ထိုးကြိတ်ဆုံးမလိုစိတ်များပင် ဖြစ်ပေါ်လာလေတော့သည်။

နဂါးလေးက...

“ကောင်းပြီလေ၊ ခင်ဗျား ကြိုက်သလို လုပ်ပေတော့၊ ကျုပ်ရဲ့ လက်စွပ်ကို မတရားဈေးနှိမ်လို့ ကျုပ်က မရောင်းနိုင်ဘူး၊ ခင်ဗျားရဲ့ စားသောက်ခတွေ နောက်မှ လာပေးမယ်၊ ကျုပ်တို့ သွားတော့မယ်”

ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်လေသည်။

ဆိုင်ရှင် ဒေါပွသွား၏။

"ငါက ငါးထောင်ပေးမယ်ဆိုရင်ကော"

"မရောင်းဘူး"

သူတို့နှစ်ယောက်ကို ကြည့်ကာ ဝီကျောင်း သဘောကျစွာ ပြုံးနေမိလေတော့သည်။

နဂါးလေးက ခေါင်းမာနေလျှင် ဆိုင်ရှင် တစ်စထက်တစ်စ အလျှော့ပေးရလိမ့်မည်ဟု ယုံကြည်ထား၏။

ထိုစဉ်...

"ဒါ..ဒါ ငါ့အမေရဲ့ ပစ္စည်းပဲ"

ကျင်းစန်း၏စကားသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝီကျောင်းနှင့် နဂါးလေးတို့အပြင် ဆိုင်ရှင်ကပါ တအံ့တသြ လှည့်ကြည့်လိုက်လေသည်။

ကျင်းစန်းက ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

သူသည် အခန်းထောင့်ရှိ ဗီရိုတစ်လုံးပေါ်ဝယ် တင်ထားသည့် လင်ဗန်းတစ်ချပ် အနီးသို့ လှမ်းသွားပြီး ဆွဲယူလိုက်လေသည်။

လင်ဗန်းမှာ ထူးထူးခြားခြား ပိုးကြိုးများဖြင့် ထိုးထားသည့် အလှပြဗန်းတစ်ခု ဖြစ်ပေသည်။

ထိုပစ္စည်းကို ကျင်းစန်း ဘယ်သောအခါမှ မေ့နိုင်လိမ့်မည် မဟုတ်ပါ။ ထိုပစ္စည်းသည် သူ၏မိခင်ကိုယ်တိုင် စိတ်ရှည်လက်ရှည် ထိုးခဲ့သော ပစ္စည်း ဖြစ်သည်ကို သူကောင်းစွာ မှတ်မိထားလေသည်။



"ဟေ့ကောင်လေး ဘာလုပ်တာလဲ၊ ချထားလိုက်စမ်း"

ဆိုင်ရှင်က အော်ငေါက်လိုက်လေသည်။

ချက်ချင်းပင် ကျင်းစန်းထံ ပြေးသွားပြီး လင်ဗန်းကို လုယူလိုက်လေသည်။ ကျင်းစန်းက အလျှော့ပေးလိုက်သည်။

ဆိုင်ရှင်ကို သေသေချာချာ စိုက်ကြည့်လိုက်၏။

ဆိုင်ရှင်အား မြင်ဖူးသည်ဟု အဘယ်ကြောင့် ထင်မှတ်မိသည်ကိုလည်း ယခုမှ နားလည်သဘောပေါက်လာလေတော့သည်။

သူ၏ရင်ထဲ တင်းကျပ်သွားပြီး...

"ဦးလေးဖုံးကျူး"

ဟုခေါ်လိုက်လေသည်။

ဆိုင်ရှင်၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ကျင်းစန်းကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်ပြီး...

"မင်း..မင်းက ဘယ်သူလဲ၊ မင်းက ငါ့ကို သိနေတယ်လား"

ဟုမေးလိုက်လေသည်။ ကျင်းစန်း ပြုံးလိုက်သည်။

"ဟုတ်ပါတယ် ဦးလေး၊ ကျွန်တော် ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး"

"မင်း..မင်းက"

"ကျွန်တော်က ကျင်းစန်းပါ"

ကျင်းစန်းက တစ်လုံးချင်း ပြောပြလိုက်လေသည်။

➤ ➤ ➤

ဆိုင်ရှင် မျက်လုံးပြူးသွားသည်။

နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်လေသည်။

ကျင်းစန်းကို မယုံကြည်နိုင်စွာ ကြည့်ရင်း...

"မင်း...မင်းက ကျင်းစန်း ဟုတ်လား"

"ဟုတ်ပါတယ် ဦးလေး"

ဆိုင်ရှင်မှာ ကျင်းစန်း၏ဦးလေး ဖုံးကျူး ဖြစ်နေပေတော့၏။

ဖုံးကျူးသည် ကျင်းစန်း မိဘ ပိုင်ဆိုင်သမျှကို အပိုင်စီးလိုသဖြင့် ကျင်းစန်းအား အစဖျောက်ကြောင်း ဝီကျောင်းတို့ နားလည်ထားကြပြီး ဖြစ်လေသည်။

ကျင်းစန်းသည် ဦးလေးဖြစ်သူအား လိုက်လံရှာဖွေကာ ဆုံးမရန် ရည်ရွယ်ထားကြောင်းလည်း သိထားကြသည်။

ယခု မမျှော်လင့်ဘဲ ကျင်းစန်း၏ဦးလေးနှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့လိုက်ရပြီ ဖြစ်လေသည်။

ထို့ကြောင့် သူတို့က အေးအေးဆေးဆေး လက်ပိုက်ကြည့်နေကြလေတော့သည်။

ဖုံးကျူးမျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

သူက ကျင်းစန်းအား လက်စဖျောက်ရန် စီစဉ်ခဲ့သော်လည်း ကျင်းစန်းကား အသက်ရှင်နေသေးသည်ကို တွေ့လိုက်ရပြီ မဟုတ်ပါလား။



ဖုံးကျူး ဟန်ဆောင်ပြုံးလိုက်သည်။

"ငါ့တူကြီးကျင်းစန်း၊ ကြည့်စမ်း၊ လူပျိုကြီးဖားဖား ဖြစ်နေပါလား၊ မသေကောင်း၊ မပျောက်ကောင်း၊ ငါ့တူကြီး ကံကောင်းလို့ပါနော်"

ကျင်းစန်း ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ ဒါကြောင့် ဦးလေးကို လိုက်ရှာနေတာပါ"

"ဟေ"

"အဖြစ်မှန်တွေ ကျွန်တော် အကုန်လုံးသိပြီးပါပြီ"

"ဘာ"

ဖုံးကျူး အထိတ်တလန့် ဖြစ်သွားသည်။

ချက်ချင်း နောက်ဆုတ်လိုက်လေသည်။

ကျင်းစန်း၏မျက်နှာ တင်းမာသွားသည်။

"ဦးလေးက ကျွန်တော့်မိဘ ပစ္စည်းတွေ အပိုင်စီးချင်တာနဲ့ ကျွန်တော့်ကို သတ်ပစ်ဖို့ ကြံစည်ခဲ့တယ်ဆိုတာ ကျွန်တော် သိပြီးပါပြီဗျာ"

သူ၏စကားအဆုံးတွင် ဖုံးကျူး ငိုကြွေးလိုက်လေတော့သည်။ ငိုလည်းငို ပြောလည်းပြော သူ၏အမှားကို ဝန်ခံနေလေတော့သည်။

ကျင်းစန်း ငိုင်သွား၏။

ဦးလေးဖြစ်သူ ငိုကြွေးကာ အမှားဝန်ခံနေသည်ကို တွေ့ရ

သောအခါ မည်သို့ ပြုလုပ်ရမှန်းမသိ ဖြစ်သွားလေသည်။

ဝီကျောင်းနှင့် နဂါးလေးတို့ နှာခေါင်းရှုံ့လိုက်ကြသည်။

ကျင်းစန်းနှင့် ဖုံးကျူးတို့ကို မကြည့်ဘဲ မျက်နှာလွှဲထားလိုက်လေသည်။

ဖုံးကျူးက…

"ငါတူရယ် ဦးလေး မှားပါတယ်၊ ဦးလေးကို ခွင့်လွှတ်ပါ၊ ငါ့တူရဲ့ ပစ္စည်းတွေ အားလုံး ဦးလေး ပြန်ပေးပါ့မယ်၊ ကျေပါကွယ်"

ငိုကြွေးရင်း ထပ်ကာတလဲလဲ တောင်းပန်နေလေသည်။

ကျင်းစန်း သက်ပြင်းချလိုက်၏။

ဖုံးကျူးက သူ့အပေါ် ရက်စက်သော်လည်း သူက ဖုံးကျူးအပေါ် မရက်စက်နိုင်ပါတော့ချေ။

"ဦးလေး"

ခေါ်ရင်း ဖေးမရန် အနီးသို့ ချဉ်းကပ်သွား၏။ ဤတွင် မမျှော်လင့်သော အပြောင်းအလဲတစ်ရပ် ဖြစ်လာလေတော့သည်။

ဖုံးကျူးသည် အလှပြထားသည့် ငွေဓားတစ်လက်ကို စားပွဲပေါ်မှ ဆွဲယူလိုက်သည်။

ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

ယခုလို အကောက်ကြံလာမည် မထင်ခဲ့သဖြင့် ရုတ်တရက် ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါချေ။ ထိုစဉ်…

"နောက်ဆုတ်လိုက်"



နဂါးလေးနှင့် ဝီကျောင်းတို့၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

နဂါးလေးက ကျင်းစန်းအား တွန်းပစ်လိုက်ပြီး ဝီကျောင်းက ဖုံးကျူးအား လက်ဝါးဖြင့် ရိုက်ချလိုက်၏။

ကျင်းစန်းမှာ နဂါးလေး တွန်းထုတ်လိုက်သည့် အရှိန်ဖြင့် ကြမ်းပြင်ပေါ် လဲကျသွားလေသည်။

ဤတွင် ဖုံးကျူး ထိုးစိုက်ချလိုက်သော ငွေဓားသည် နဂါးလေးနောက်ကျောသို့ နက်ရှိုင်းစွာ စိုက်ဝင်သွားလေတော့၏။

"အား"

နဂါးလေး စူးရှစွာ အော်ဟစ်လိုက်သည်။

ရပ်တည်နိုင်စွမ်း မရှိတော့ဘဲ ကြမ်းပြင်ပေါ် ဝုန်းခနဲ လဲကျသွား၏။ ထိုစဉ်မှာပင် ဝီကျောင်း၏လက်ဝါး ရိုက်ချက်ကြောင့်…

"ဝုန်း"

"အား"

ဖုံးကျူးမှာ စူးရှစွာ အော်ဟစ်ကာ လွင့်စဉ်သွားလေတော့သည်။

➤ ➤ ➤

ဇီကျောင်းသည် စိတ်ဆတ်သူ ဖြစ်၏။

သူ၏လက်ဝါးရိုက်ချက်မှာ ဒေါသမာန်ကြောင့် ပြင်းထန်လွန်းလှပေသည်။

ဖုံးကျူးသည် လက်ဝါးဖြင့် ပြင်းထန်စွာ ရိုက်ချခြင်း ခံလိုက်ရသဖြင့် လွင့်စဉ်သွားလေသည်။

သူက ကြမ်းပြင်ပေါ်မှ ခုန်ထရန် ကြိုးစားလိုက်၏။

သို့ပါသော်လည်း မထနိုင်ဘဲ…

"ဝေါ့"

ပါးစပ်မှ သွေးများ အန်ထုတ်ကာ ပြန်လည်လဲကျသွားသည်။

ကြမ်းပြင်ပေါ်ဝယ် တစ်ချက်နှစ်ချက် လူးလွန့်လိုက်ပြီး လုံးဝငြိမ်သက်သွားလေသည်။

ယခုမှ ကျင်းစန်း သတိဝင်လာ၏။

"နဂါးလေး"

အော်ခေါ်ကာ နဂါးလေးကို ပြေး၍ ပွေ့ဖက်လိုက်လေသည်။ နဂါးလေး၏ကျောပြင်ဝယ် သွေးချင်းချင်း နီရဲနေပါသည်။

ကျင်းစန်း ပွေ့ဖက်လိုက်လျှင် သူ၏မျက်နှာပေါ်၌ အပြုံးရိပ်များ ထွက်ပေါ်လာသည်။

ကျင်းဝန်း မချိတင်ကဲဖြင့်…

"နဂါးလေး၊ မင်း..မင်း ငါ့ကြောင့် အခုလို ဖြစ်ရတာ ငါ့ကိုခွင့်လွှတ်ပါကွာ"



ဟုပြောလိုက်လေသည်။

နဂါးလေး အားယူ၍…

"တို့ဟာ သူငယ်ချင်းတွေပဲ မဟုတ်လားကွာ"

ဟုပြောလေသည်။

သူ၏လေသံ တိုးညှင်းလွန်းလှသည်။

နဂါးလေးသာ ဒဏ်ရာရရှိမထားလျှင် ယခုလို ခံလိုက်ရမည် မဟုတ်ပါချေ။

ကျင်းစန်း၏လက်ကို ဆုပ်ကိုင်ကာ နောက်ထပ် ပြောရန် ကြိုးစားလိုက်၏။

သို့ပါသော်လည်း ဘာမှ မပြောနိုင်တော့ချေ။

သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"နဂါးလေး"

ကျင်းစန်း အထိတ်တလန့် ခေါ်လိုက်၏။

သို့သော် သူ၏ခေါ်သံကို နဂါးလေး ကြားနိုင်တော့မည် မဟုတ်ပါ။

နဂါးလေးမှာ ဖုံးကျူး၏လက်ချက်ကြောင့် သေဆုံးသွားရပြီ ဖြစ်လေသည်။

ဇီကျောင်း အံကြိတ်လိုက်သည်။

"ယား"

ကျယ်လောင်စွာ ညာသံပေးရင်း အသက်ကင်းမဲ့နေပြီ ဖြစ်သော ဖုံးကျူး၏ခန္ဓာကိုယ်ပေါ်သို့ နောက်ထပ် လက်ဝါးရိုက်ချက်ဖြင့် အားကုန်ရိုက်ချလိုက်လေတော့သည်။

➢ ➢ ➢

"ဟား..ဟား..ဟား"

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကြီးမားလှသော ခန်းမ၏တစ်ဘက်တစ်ချက်တွင် လုံ့ရှည်ကိုယ်စီ ကိုင်ဆောင်ထားကြသည့် အစောင့်များ စီတန်းရပ်နေကြပါ၏။

ခန်းမအလယ်တွင် စားပွဲတစ်လုံး ရှိပြီး လူနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြလေသည်။

တစ်ယောက်မှာ အသက်ငါးဆယ်ကျော်ခန့်ရှိပြီး အညိုရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ဥပဓိရုပ်ကောင်းသော်လည်း စေ့စေ့ကြည့်လျှင် သူ၏မျက်လုံးအိမ်ဝယ် ကောက်ကျစ်စဉ်းလဲသည့် အရိပ်အယောင်များ ထွက်ပေါ်နေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

ကျန်တစ်ယောက်မှာ အဖိုးတန် ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထားသူ လူဝကြီးတစ်ယောက် ဖြစ်လေသည်။



ထိုလူသည် စည်းစိမ်ဥစ္စာခံစားတတ်သူ ဖြစ်ကြောင်း ပုံပန်းသဏ္ဌာန်က ဖော်ပြနေလေသည်။

သူ၏မျက်လုံးများ မှေးစင်းသွားအောင် ရယ်မောနေ၏။

အတန်ကြာ ရယ်မောပြီးမှ အညိုရောင်ဝတ်ဆင်ထားသူကို ကြည့်ကာ...

"မိတ်ဆွေကြီးဂူချန်းက တကယ့်ကို အမြော်အမြင်ရှိတဲ့ လူတစ်ယောက်ပါပဲ၊ ခင်ဗျားရဲ့သမီးကို ရှေ့က လွှတ်လိုက်ပြီး ခင်ဗျားက တခြားတစ်လမ်းက တိတ်တဆိတ် လာခဲ့တယ်ဆိုတော့ ခင်ဗျား ဒီကို ရောက်လာတာတောင် ဘယ်သူမှ မသိနိုင်တော့ဘူးပေါ့ဗျာ"

ဟုပြောလိုက်လေသည်။

အညိုရောင်ဝတ်ဆင်ထားသည့်အဘိုးအိုမှာ ဂူချန်း ဖြစ်လေသည်။

ဂူချန်းသည် မမာမကျန်း ဖြစ်နေသည်ဟု သတင်းများ ထွက်ပေါ်နေလေရာ သူက ကျေနပ်အားရစွာ ရယ်မောနေသည်ကို တွေ့မြင်သွားပါက လူတိုင်းလိုလို အံ့ဩမိကြလိမ့်မည် ဖြစ်လေသည်။

ဂူချန်းက ရယ်မောလိုက်ပြီးမှ...

"မိုးကြိုးဓားဟာ တကယ့်ကို မကောင်းဆိုးဝါးဓားတစ်လက်ပါပဲ၊ ဒီဓားရဲ့နာမည်ကို ကြားလိုက်တာနဲ့ လူတိုင်းက လိုချင်မက်မောလာကြတယ်လေဗျာ၊ ဒါကြောင့် ကျုပ်က တမင် စီစဉ်ခဲ့ရတာပေါ့"

"ဒါထက် မိတ်ဆွေ၊ ဒီလို စီစဉ်တော့ မိတ်ဆွေရဲ့သမီး

အတွက် အန္တရာယ် မရှိပေဘူးလား"

ဂူချန်းက လက်ကာပြလိုက်သည်။

"ကျုပ်သမီးက ကျုပ်ထက် ဉာဏ်များတယ်ဆိုတာ သူ ရောက်လာရင် နယ်ခြားမြို့စားကြီး တုရှောင်ထင်း တွေ့ရပါလိမ့်မယ် ဗျာ၊ သူ့ရဲ့သိုင်းပညာ ပြည့်စုံနေပါပြီ၊ သိုင်းလောက အတွေ့အကြုံ ပြည့်ဝအောင် တမင် အခုလို စီစဉ်ခဲ့တာပါ"

နယ်ခြားမြို့စားတုရှောင်ထင်း သဘောကျစွာ ရယ်မော လိုက်လေ၏။

"ဟား...ဟား...ဟား၊ တကယ့် သမီးအလိမ္မာတစ်ယောက်လို့ ဆိုရမှာပေါ့ဗျာ၊ ခင်ဗျားရဲ့သမီးနဲ့ ကျုပ်ရဲ့သားကို လက်ဆက်ပေး လိုက်ရင် သိုင်းလောကမှာ သူတို့ကို ရင်ဆိုင်နိုင်မယ့်လူ မရှိသလောက် ရှားသွားမယ်လို့ ကျုပ်ပြောရဲတယ်"

ဂူချန်း ခေါင်းညိတ်လိုက်လေသည်။

"ကျုပ်ကလဲ သူတို့နှစ်ယောက်အတွက် မိုးကြိုးဓားကို လက် ဖွဲ့မယ်လို့ ကတိပြုပါတယ်ဗျာ"

နယ်ခြားမြို့စားကြီးတုရှောင်ထင်း၏ မျက်လုံးများ အရောင် တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

မိုးကြိုးဓားအား လိုချင်မက်မောသူများတွင် သူလည်း တစ် ယောက် အပါအဝင် ဖြစ်ခဲ့သည် မဟုတ်ပါလား။

မိုးကြိုးဓားရလျှင် လက်ရှိ သူ၏သိုင်းပညာနှင့် ပေါင်းစပ်ပြီ



သိုင်းလောကဝယ် မော်ကြွားနိုင်လိမ့်မည်ဟု ယုံကြည်ထားလေ သည်။

တုရှောင်ထင်း ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ...

"အင်း ကျုပ်တို့ ဆွေမျိုးတော်စပ်သွားပြီဆိုတော့ ခင်ဗျား နဲ့ပတ်သက်တဲ့ ပြဿနာဟာ ကျုပ်ရဲ့ ပြဿနာပေါ့ဗျာ၊ ခင်ဗျား နောက်ကို သိုင်းလောကသားတွေ တကောက်ကောက် လိုက်နေကြ တယ်ဆိုတာ ကျုပ်သိပါတယ်၊ ဘာမှ မပူပါနဲ့တော့ဗျာ၊ ကျုပ်ရဲ့ အရှိန်အဝါကိုသုံးပြီး ခင်ဗျားကို ကာကွယ်ပေးပါ့မယ်"

"ကျေးဇူးတင်လိုက်တာဗျာ"

ဂူချန်းက လှိုက်လှိုက်လှဲလှဲ ပြောလေသည်။

တစ်ချိန်လုံး ပြေးလွှားရှောင်ပုန်းနေရသည်ကို မနှစ်မြို့ တော့သဖြင့် ဓာတ်မြုပ်နေရာမှ ပြန်ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

သူသည် မိုးကြိုးဓားပညာကို ကြေညက်စွာ လေ့လာခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် သူ၏သိုင်းပညာနှင့် တုရှောင်ထင်း၏ အကူ အညီ ပေါင်းစပ်လိုက်လျှင် မည်သူ့ကိုမျှ မှုစရာမလိုဟု သဘော ပေါက်ကာ ယခုလို စီစဉ်ခဲ့ခြင်းလည်း ဖြစ်ပေတော့သည်။

ဂူချန်းက...

"ဒါထက် မြို့စားကြီးရဲ့သားတော့ မတွေ့ပါလားဗျ"

ဟုမေးလိုက်လေသည်။

တုရှောင်ထင်း ပြုံးလိုက်သည်။

"သူက အချိန်ရှိသရွေ့ အိမ်မှာ ကပ်တယ်လို့ မရှိပါဘူး၊ ဒါကြောင့် ခြေငြိမ်သွားအောင် အိမ်ထောင်ချပေးဖို့ ကျုပ်စဉ်းစားနေတာ၊ ခင်ဗျားက ကမ်းလှမ်းလာတော့ အတော်ပဲ ဖြစ်သွားတာပေါ့ဗျာ"

"ဟား...ဟား...ဟား"

သူတို့နှစ်ယောက် ရယ်မောလိုက်ကြပြန်လေသည်။

ထိုစဉ် အပြင်ဘက်မှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ခွပ်ခွပ်...ခွပ်ခွပ်"

ဂူချန်းနှင့် တုရှောင်ထင်းတို့ ခေါင်းထောင်လာကြသည်။

ဂူချန်းက...

"သူတို့ ရောက်လာပြီ ထင်တယ်"

ဟုပြောလိုက်သည်။

တုရှောင်ထင်း ခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်တယ်"

ထိုစဉ် အစောင့်တစ်ယောက် အတွင်းဘက် ပြေးဝင်လာပြီးလျှင်...

"နယ်ခြားမြို့စားကြီးခင်ဗျာ၊ သခင်မလေးဂူချင်းချင်း ရောက်ရှိလာပြီ"



ဟုအစီရင်ခံလိုက်လေသည်။

ဂူချန်းနှင့် တုရှောင်ထင်းတို့ ထိုင်ရာမှ ထလိုက်ကြ၏။ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြသည်။ ထို့နောက် အပြင်ဘက် ထွက်လာခဲ့ကြလေတော့သည်။

➢ ➢ ➢

မြင်းလှည်းတစ်စီးသည် နယ်ခြားဂေဟာရှေ့သို့ ဆိုက်ရောက်လာလေသည်။

မြင်းလှည်း ရပ်တန့်သွားသည်နှင့် အစောင့်အကြပ်များက လှံရှည်များ မြှောက်ကာ အရိုအသေ ပြုလိုက်ကြသည်။

အဆောက်အအုံအတွင်းမှ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြသော မိန်းကလေးများ ပြေးထွက်လာကြသည်။

တစ်ယောက်က မြင်းလှည်းတံခါးကို ဖွင့်ပေးလိုက်ပြီး...

"နယ်ခြားဂေဟာက ကြိုဆိုပါတယ်ရှင်"

ဟုရိုသေစွာ ပြောလိုက်သည်။

မြင်းလှည်းတံခါး ပွင့်သွားပြီး အဖြူရောင်ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက် သုမ်းထွက်လာလေသည်။

နယ်ခြားဂေဟာမှ မိန်းကလေးများက ထိုမိန်းကလေးအားခါးကိုင်းသွားအောင် ဦးညွှတ်အရိုအသေ ပြုလိုက်ကြသည်။

ထိုအချိန်တွင် ဂူချန်းနှင့် နယ်ခြားမြို့စားတို့မှာ အပြင်ဘက်သို့ ထွက်လာလေသည်။

အဖြူရောင်ဝတ်ဆင်ထားသည့် မိန်းကလေးအား နယ်ခြားဂေဟာမှ မိန်းကလေးများ ရိုရိုသေသေ ကြိုဆိုနှုတ်ဆက်နေသည်ကို တွေ့ရသောအခါ ဂူချန်း သဘောကျစွာ ပြုံးလိုက်လေသည်။

"သူတို့ လူမှားနေပြီ"

ဟုလည်း ပြောလိုက်လေသည်။

ထိုစကားကြောင့် နယ်ခြားမြို့စားကြီးတုရှောင်ထင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ဂူချန်းကို နားမလည်နိုင်စွာ ကြည့်ကာ...

"ခင်ဗျား ဘာကို ဆိုလိုတာလဲဗျ"

ဟုမေးလိုက်သည်။

ဂူချန်းက အဖြေမပေးဘဲ ပြုံးနေလေသည်။

ထိုစဉ် အဖြူရောင်ဝတ်ဆင်ထားသည့် မိန်းကလေး၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ရှင်တို့ လူမှားနေပြီရှင့်"

နယ်ခြားမြို့စားတုရှောင်ထင်းမှာ ပို၍ အံ့သြသွားရလေတော့သည်။

ဂူချန်းကို ကြည့်ကာ...

"ခင်ဗျားက ဘယ်လိုလှည့်စားမှုတွေများ အသုံးပြုနေတာလဲဗျာ၊ ကျုပ်တော့ နားမလည်နိုင်အောင် ဖြစ်နေပြီ"



ဟုပြောလိုက်သည်။

ထိုအချိန်တွင်...

"ဖေဖေ"

ချိုလွင်သာယာသော အသံတစ်ချက် ထွက်ပေါ်လာ၏။

မြင်းလှည်းမောင်းသည့်မိန်းကလေးသည် မြင်းလှည်းပေါ်မှ ခုန်ဆင်းကာ ဂူချန်းထံ ပြေးလာလေသည်။

"သမီး"

ဂူချန်းက လက်နှစ်ဘက် ဆန့်တန်းကာ ကြိုဆိုလိုက်သည်။

မြင်းလှည်းမောင်းသည့်မိန်းကလေးသည်သာလျှင် ဂူချန်း သမီး သခင်မလေးဂူချင်းချင်း အစစ်အမှန် ဖြစ်နေသည်တကား။

ဂူချင်းချင်းက ဖခင်၏ရင်ခွင်ထဲ တိုးဝင်လိုက်လေသည်။

ဂူချန်းက ပွေ့ဖက်ထားလိုက်လေသည်။

နယ်ခြားမြို့စားကြီးတုရှောင်ထင်း ခေါင်းကုတ်လိုက်သည်။

"ခင်ဗျားတို့သားအဖကတော့ တော်တော့်ကို ဉာဏ်များတဲ့သူတွေပဲ"

ဟုပြောလိုက်လေသည်။

သူ၏စကားကို စိတ်မဆိုးသည့်အပြင် ဂူချန်းက သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

တုရှောင်ထင်းက...

"ကဲ အထဲကြွကြပါဦး"

ဟုဖိတ်ခေါ်လိုက်သည်။

သူတို့အားလုံး အတွင်းဘက် ပြန်ဝင်သွားကြလေတော့သည်။

➤ ➤ ➤

ည...

ညဥ့်နက်လာပြီ ဖြစ်သည်။

အပြင်ဘက်တွင် အေးမြသော တောင်ကြားလေများ တဟူးဟူး တိုက်ခတ်နေ၏။

သို့သော် အခန်းတွင်းဝယ် မီးလင်းဖို ရှိနေခြင်းကြောင့် နွေးနွေးထွေးထွေး ရှိနေပေသည်။ လူရွယ်တစ်ယောက် ထိုင်နေ၏။

သူ၏မျက်နှာပေါ်တွင် တစ်စုံတစ်ခုအား အလိုမကျသည့် အရိပ်အယောင်များ အထင်းသား ပေါ်လွင်နေလေသည်။

ထိုစဉ်...

"ကျွိ"

မြည်သံနှင့်အတူ အခန်းတံခါး ပွင့်သွားသည်။

လူရွယ်က လှည့်ကြည့်လိုက်လေသည်။

အခန်းတွင်းသို့ လူတစ်ယောက် လှမ်းဝင်လာသည်။



ထိုလူမှာ နယ်ခြားမြို့စားတုရှောင်ထင်း ဖြစ်လေသည်။

တုရှောင်ထင်းကို တွေ့လျှင် လူရွယ်က မီးလင်းဖိုဘက် မျက်နှာ ပြန်လှည့်လိုက်လေသည်။

တုရှောင်ထင်း ပြုံးလိုက်သည်။

လူရွယ် အနီးသို့ ချဉ်းကပ်သွားပြီး...

"သား ဖေဖေ့ကို စိတ်ကောက်နေတယ် ဟုတ်လား"

ဟုမေးလိုက်လေသည်။

လူရွယ်မှာ ဘာမှ ပြန်မပြောဘဲ မီးလင်းဖိုထဲမှ မီးတောက် မီးလျှံများကိုသာ ငေးစိုက်ကြည့်နေလေသည်။

တုရှောင်ထင်းက...

"သား ဖေဖေက ကောင်းစေချင်လို့ အခုလို စီစဉ်တယ်ဆိုတာ နားလည်စမ်းပါ သားရယ်"

ဟုဖျောင်းဖျနှစ်သိမ့်လေသည်။

လူရွယ်မှာ တုရှောင်ထင်း၏သား အို့ရန်စန်း ဖြစ်လေသည်။

အို့ရန်စန်းက ဖခင်ဖြစ်သူကို လှည့်ကြည့်လိုက်ပြီး...

"ဖေဖေ ကျွန်တော် တကယ်ပဲ အိမ်ထောင်ပြုရတော့မှာလားဟင်"

တုရှောင်ထင်းက...

"ဟုတ်တယ်"

"ဖေဖေ ကျွန်တော် အိမ်ထောင်မပြုချင်သေးဘူး၊ လွတ်

လွတ်လပ်လပ် နေချင်သေးတယ်"

"သားရယ် မိုးကြိုးဓားအကြောင်း သားလဲ ကြားဖူးမှာပေါ့၊ ဒီလို အခွင့်အရေးမျိုးဆိုတာ တစ်သက်မှာ တစ်ခါရဖို့ မလွယ်ဘူး"

အို့ရန်စန်း ခေါင်းယမ်းလိုက်သည်။

"မိုးကြိုးဓားကို ရယူသင့်တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော် ဘယ်သူ့ကိုမှ လက်ထပ်မယူနိုင်ဘူး"

တုရှောင်ထင်း သက်ပြင်းချလိုက်သည်။

အခန်းတွင်းသို့ မျက်လုံးတစ်ချက် ကစားလိုက်သည်။

သူတို့သားအဖနှစ်ယောက်တည်း ရှိမှန်း သေချာမှ...

"သား ဖေဖေ့မှာ အစီအစဉ်တစ်ခု ရှိနေတယ်၊ သား နားထောင်မလား"

ဟုမေးလိုက်လေသည်။

အို့ရန်စန်း မျက်မှောင်ကြုတ်သွား၏။

ဖခင်ဖြစ်သူကို နားမလည်နိုင်စွာ ကြည့်ကာ...

"ဖေဖေက"

တုရှောင်ထင်း ပြုံးလိုက်သည်။

"ဂူချန်းရဲ့သမီးဟာ တကယ့်ကို ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ သား သဘောကျမယ်ထင်လို့ ဖေဖေ စီစဉ်လိုက်တာ၊ သား သဘောမကျဘူးဆိုရင်လဲ အရေးမကြီးပါဘူး၊ ဖေဖေ



လိုချင်တာ မိုးကြိုးဓားပဲ"

ဟုပြောလိုက်၏။

အို့ရန်စန်း စိတ်လှုပ်ရှားသွားလေသည်။

"ဖေဖေက မိုးကြိုးဓားကိုပဲ လိုချင်တယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါ...ဒါဖြင့်.."

"အခုလောလောဆယ်တော့ ဖေဖေ့ စကားကို နားထောင်ပါ၊ မိုးကြိုးဓားရပြီးယင် ကြိုက်သလို လုပ်ပေါ့"

အို့ရန်စန်း၏မျက်နှာ ပြုံးရွှင်သွားလေတော့သည်။

"ကျွန်တော်က ဂူချန်းရဲ့သမီးကို စွန့်ပစ်လိုက်မယ်ဆိုရင်ကော"

အို့ရန်စန်း နားလည်သဘောပေါက်သွားဟန်ဖြင့် ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်သည်။

ထို့နောက် သဘောကျစွာ ရယ်မောလိုက်၏။

တုရှောင်ထင်း ရယ်မောလိုက်၏။

သားအဖနှစ်ယောက်၏ ရယ်မောသံ စီစီညံသွားလေတော့သည်။

➤ ➤ ➤

ညဥ့်နက်နေပြီ ဖြစ်သော်လည်း ဂူချန်း အိမ်မပျော်နိုင်ပါ ချေ။

အကြောင်းမှာ သမီးဖြစ်သူ ဂူချင်းချင်းက သူ့အား ဘေး ကျပ်နံကျပ် ဖြစ်စေသည့် မေးခွန်းများ တစ်ခုပြီးတစ်ခု မေးမြန်းနေ ခြင်းကြောင့် ဖြစ်ပေတော့သည်။

"ဖေဖေရဲ့ သိုင်းပညာကို ယှဉ်နိုင်တဲ့လူ ခပ်ရှားရှားပါ၊ ဘာ ကြောင့် နယ်ခြားမြို့စားနဲ့ ပူးပေါင်းချင်တာလဲ"

ထိုမေးခွန်းသည် ဂူချန်းအတွက် အဖြေရ အခက်ဆုံး မေး ခွန်း ဖြစ်လေသည်။

ဂူချန်း သက်ပြင်းချလိုက်သည်။

သမီးဖြစ်သူကို ကြည့်ကာ...

"သမီး..ဖေဖေဟာ ကိုယ့်ဆရာသင်ပေးတာကို မစောင့်နိုင် ဘဲ ကျော်ကြားလိုမှုနဲ့ ဆရာသိမ်းထားတဲ့ မိုးကြိုးဓားကို ခိုးယူပြီး ထွက်ပြေးလာခဲ့တာကို ဖေဖေပြောပြပြီးပြီ မဟုတ်လား၊ ဖေဖေ ဒီလို စွန့်စွန့်စားစား လုပ်ခဲ့တာဟာ သိုင်းလောကမှာ လက်မ,ထောင်နိုင် အောင်လို့ပဲ၊ ဖေဖေ တစ်သက်လုံး ဇာတ်မြှုပ်နေရမယ်ဆိုရင် ဖေဖေ ရဲ့လုပ်ရပ်တွေ ဘယ်လိုလုပ်အဓိပ္ပါယ်ရှိတော့မှာလဲ"

ဂူချင်းချင်း မကျေမနပ် ဖြစ်သွားသည်။

"ဖေဖေ သူတို့ဟာ မိုးကြိုးဓားကြောင့် ကြည်ကြည်ဖြူဖြူ ဆက်ဆံနေကြတာလို့ သမီးထင်တယ်၊ မိုးကြိုးဓားသာ သူတို့လက်ထဲ



ရောက်သွားရင် အကောက်မကြံဘူးလို့ ဖေဖေ ပြောနိုင်မလား"

ဂူချန်း မျက်နှာပျက်သွားသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ပြီးလျှင်...

"ကဲ...ညဥ့်လဲနက်ပြီ၊ သမီး သွားပြီးအိပ်တော့၊ ဖေဖေ သေသေချာချာ စဉ်းစားလိုက်ဦးမယ် ဟုတ်လား"

ဟုချွေးသိပ်လိုက်၏။

ဂူချင်းချင်း တည်ကြည်သော မျက်နှာထားဖြင့်...

"ဖေဖေ သူတို့ဟာ မြေခွေးလိုလူစားမျိုးတွေဆိုတာ သေချာ ပါတယ်"

"အေးပါ သမီးရယ်၊ ဖေဖေ အေးအေးဆေးဆေး စဉ်းစားပါ ရစေဦး"

ဂူချင်းချင်း သက်ပြင်းချလိုက်သည်။

ဖခင်ကြီးအား ဖျောင်းဖျရန် အချိန်အလွန် နည်းနေပြီ ဖြစ် ကြောင်း နားလည်ထား၏။

သူမ မည်သို့ ပြုလုပ်ရမည်နည်း။

သူမသည် ရက်စက်ကြမ်းကြုတ်သည့် စိတ်ထားရှိသူ၊ အေး စက်သော နှလုံးသားပိုင်ရှင် ဖြစ်ကြောင်း ကိုယ်တိုင်ကိုယ်ကျ နား လည်ထားလေသည်။

မည်သို့ဆိုစေ သူမသည် မည်သူ့ကိုမျှ ဒုက္ခပေးလိုစိတ် မရှိ

သလို သူမအား ဒုက္ခပေးလာလျှင်လည်း ခွင့်မလွှတ်တတ်သူ ဖြစ်သည်ကိုကား နားလည်သူ နည်းလှ၏။

သူမအား မထိမချင်း သူမက လက်ပိုက်ကြည့်နေမည် ဖြစ်သည်။

သူမအား တို့ထိမိလျှင်မူ…

ဂူချင်းချင်းက ဖခင်ကြီးအား တစ်ချက်ကြည့်ပြီး အခန်းတွင်းမှ ထွက်သွားလေတော့သည်။

➤ ➤ ➤

လေတဟူးဟူး တိုက်ခတ်လာသည်။

ကျင်းစန်းက မတုန်မလှုပ် ကျောက်ရုပ်ပမာ ရပ်နေ၏။

အဝေးအနိမ့်ပိုင်းတွင် မြို့ကလေးကို တွေ့မြင်နိုင်ပေသည်။

သူတို့သည် မြို့ကလေးအပေါ်ဘက် တောင်ကြောပေါ်သို့ ရောက်ရှိနေကြခြင်း ဖြစ်ပေသည်။

ကျင်းစန်းက နဂါးလေး၏အလောင်းကို ပခုံးပေါ် ထမ်းလာရာမှ မြေပေါ်ချလိုက်ပြီး ဖြစ်၏။

နဂါးလေးမှာ မလှုပ်မယှက် တောင့်တောင့်ကြီး ဖြစ်နေ၏။

သူသည် သေဆုံးသွားသည့်တိုင် မျက်နှာပေါ်တွင် အပြုံးရိပ်များ ထင်ဟပ်ကျန်ရစ်နေဆဲ။



နဂါးလေးနဲ့ ပတ်သက်ပြီး ကျင်းစန်းမှာ ဖြေမဆည်နိုင်အောင် ဖြစ်နေရလေတော့သည်။

ဝီကျောင်းက ဘာမှ မပြောဘဲ ရဲတင်းဖြင့် မြေကြီးကို တူးဆွနေ၏။

သူတို့သည် နဂါးလေး၏အလောင်းကို မြုပ်နှံသင်္ဂြိုဟ်ကြမည် ဖြစ်ပေသည်။

မည်သူမျှ နှောင့်ယှက်ခြင်း မပြုနိုင်စေရန် တောင်ကြောပေါ်သို့ တက်လာခဲ့ကြခြင်း ဖြစ်ပေသည်။

နဂါးလေး သေဆုံးသွားပြီ ဖြစ်သော်လည်း ကျင်းစန်းက သူလုပ်ရမည့် အလုပ်ကို လက်လျှော့လိမ့်မည် မဟုတ်ပါ။

"ရပြီ"

ဝီကျောင်းက အော်ပြောလိုက်သည်။

မြေကျင်းကြီးတစ်ခုကား ဖြစ်ပေါ်လာပြီတည်း။

ကျင်းစန်းက နဂါးလေး၏အလောင်းကို ပွေ့ချီလိုက်၏။

ထို့နောက် ဝီကျောင်း တူးထားသည့် အမြေကျင်းအတွင်းသို့ ညင်သာစွာ ချလိုက်လေသည်။

ဝီကျောင်းက…

"သူငယ်ချင်း၊ ငါက သူ့ကို ရှင်းပစ်လိုက်တာကွ၊ မင်းကျေနပ်ပေတော့၊ ငါ့သူငယ်ချင်းကိုထိယင် ဘယ်လို ဖြစ်ရမယ်ဆိုတာ သူသိသွားပြီလေ"

နဂါးလေး၏အလောင်းကို ကြည့်ကာ ပြောလိုက်ရလေသည်။

ကျင်းစန်း ပင့်သက်ရှိုက်လိုက်သည်။

"သူငယ်ချင်း ငါသေတဲ့အထိ မင်းရဲ့ကျေးဇူးကို မမေ့ဘူးဆိုတာ ယုံပါကွာ"

နဂါးလေး၏အလောင်းကို ဆက်၍ ကြည့်နေလျှင် ဝမ်းနည်းကြေကွဲ၍ ဆုံးတော့မည် မဟုတ်ပါချေ။

ထို့ကြောင့် ကျင်းစန်းကပင် စတင်၍ မြေဖို့လိုက်၏။

ဝီကျောင်းကလည်း ကူညီလေသည်။

မြေဖို့လိုက်ရာ တခဏအကြာတွင် တောင်ကုန်းပေါ်၌ မြေပုံမို့မို့ကလေးတစ်ခု ဖြစ်ပေါ်လာလေတော့သည်။ ဝီကျောင်းက...

"အမှတ်အသားတစ်ခုခု လုပ်ရင် ကောင်းမလား"

ဟုမေးလိုက်သည်။

ကျင်းစန်း ခေါင်းယမ်းလိုက်လေသည်။

"မင်းရင်ထဲမှာ သူရှိသလို ငါ့ရင်ထဲမှာလဲ သူရှိနေတာပဲ အမှတ်အသား လုပ်စရာ မလိုဘူး၊ အမှတ်အသား လုပ်ထားလို့ သူ့ရဲ့ မြေပုံကို တစ်ယောက်ယောက်က လာပြီး နှောင့်ယှက်မှာကို ငါလက်မခံနိုင်ဘူး"

ခံစားချက်အပြည့်ဖြင့် ပြောလိုက်ခြင်း ဖြစ်ကြောင်း ဝီကျောင်း နားလည်လေသည်။



"ကောင်းပြီလေ၊ အမှတ်အသား မလုပ်ယင်လဲ နေပါ၊ ဒါထက် တို့တစ်တွေ ဘာဆက်လုပ်ကြမလဲ"

ဝီကျောင်းက မေးလိုက်သည်။ ကျင်းစန်းက...

"နယ်ခြားဂေဟာကို သွားဖို့ပဲ ရှိတာပေါ့"

"ကောင်းတယ်"

အန္တရာယ်များမှန်း သိသော်လည်း ဝီကျောင်းက ထောက်ခံလိုက်လေသည်။

နဂါးလေး သေဆုံးသွားပြီးသည့်နောက် ဘာဆိုဘာမျှ ရှည်ရှည်ဝေးဝေး စဉ်းစားမနေလိုပါချေ။

အန္တရာယ်နှင့် ရင်ဆိုင်ရမည်ဆိုလျှင်လည်း ပြတ်ပြတ်သားသား ရင်ဆိုင်လိုက်ခြင်းသည် အကောင်းဆုံး ဖြစ်သည်ဟု ယူဆထားလေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ ထိုစဉ်...

"ဖျပ်ဖျပ်..ဖျပ်ဖျပ်"

ပေါ့ပါးပြီး သေးငယ်သော ခြေသံများ ရုတ်ခြည်းထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းစန်းတို့ ရင်ထိတ်သွားကြ၏။

ချက်ချင်း ခြေသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ အလွန်ကြီးမားသော ဝံပုလွေတစ်ကောင် တောင်ကုန်းပေါ် ပြေးတက်လာနေသည်ကို တွေ့မြင်လိုက်ရ၏။

"ဝံပုလွေပါလား"

ဝီကျောင်း ရေရွတ်လိုက်၏။

ဝံပုလွေသည် သူတို့အား တွေ့သည်နှင့် အစွယ်ထုတ်ကာ မာန်ဖီလေတော့သည်။

ဆာလောင်မွတ်သိပ်နေသည့် ဝံပုလွေတစ်ကောင်သည် လူကို တိုက်ခိုက်ရန် ဝန်မလေးကြောင်း ကျင်းစန်းနှင့် ဝီကျောင်းတို့ နားလည်ထားကြလေသည်။ ကျင်းစန်းက...

"သတိထား"

ဝီကျောင်းကို ကျင်းစန်းက သတိပေးလိုက်၏။

ဝံပုလွေအား တိုက်ခိုက်ရန် ကြေးစုတ်တံကိုလည်း ထုတ်လိုက်သည်။

ဝီကျောင်းကလည်း ရဲတင်းကြီးကို ထုတ်ယူထားပြီး ဖြစ်၏။

"ဂရုး"

ဝံပုလွေသည် မာန်ဖီသံတစ်ချက်ပေးကာ ရှေ့သို့ ပြေးလာ၏။

ကျင်းစန်း ကြေးစုတ်တံကို ဝှေ့ယမ်းကာ ရိုက်ချလိုက်လေသည်။ ကြေးစုတ်တံမှ ထွက်ပေါ်လာသည့် အလွန်ပြင်းထန်သော လေအရှိန်ကြောင့် ဝံပုလွေ ထိတ်လန့်သွားပုံရ၏။



တစ်ချက် အော်ဟစ်လိုက်ပြီး နောက်သို့ ဆုတ်သွားလေသည်။

ကျင်းစန်းက အလွတ်မပေးဘဲ ကြေးစုတ်တံဖြင့် ရိုက်ချလိုက်လေသည်။

ဝံပုလွေသည် လွတ်အောင် ရှောင်ရင်း တောင်စောင်းတစ်နေရာသို့ ရောက်ရှိသွားလေသည်။

ဝီကျောင်းက...

"သေပေတော့"

အော်ငေါက်ရင်း လိုက်လံတိုက်ခိုက်ရာ ဝံပုလွေမှာ ရင်မဆိုင်နိုင်သည်ကို ရိပ်မိလျှင် တောင်စောင်းအောက်သို့ ခုန်ဆင်းသွားတော့၏။

"ဝံပုလွေတော့ သေမှာပဲ"

"ဟုတ်တယ်၊ မလွတ်မှန်းသိလို့ ချောက်ထဲ ခုန်ဆင်းသွားတာပဲ"

ဝီကျောင်းနှင့် ကျင်းစန်းတို့ ပြောလိုက်ကြလေသည်။

သို့သော် သူတို့၏ အထင်နှင့် အမြင် တက်တက်စင် လွဲမှားနေသည်ကို တွေ့မြင်လိုက်ကြရလေသည်။

"ဗွမ်း"

ဝံပုလွေမှာ အောက်ဘက်၌ စီးဆင်းနေသော စမ်းချောင်းထဲကျကာ အသက်ဘေးမှ လွတ်မြောက်သွား၏။

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"တိရစ္ဆာန်တောင် အသက်အန္တရာယ်ကို ကာကွယ်တတ်သေးတယ်၊ တို့ရင်ဆိုင်ရမယ့် လူတွေဆိုရင် ပိုပြီး ကာကွယ်တတ်တော့မပေါ့"

ဟုပြောလိုက်၏။

ဝီကျောင်းက...

"တို့ကလဲ သူတို့ကို ဝံပုလွေလို သဘောထားပြီး တိုက်ခိုက်ကြမှာမှ မဟုတ်ဘဲ"

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြ၏။

နဂါးလေး မရှိတော့သဖြင့် သူတို့၏အပြုံးသည် ပီပြင်ခြင်းမရှိဘဲ ဝါးနေပေတော့သည်။

➤ ➤ ➤



## စွန့်လွှတ်၍

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးကွယ်ပျောက်သွားပြီ ဖြစ်လေသည်။

နေခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထု အစားထိုးဝင်ရောက်လာလေသည်။

တောင်ကြားမြို့ကလေးမှ အိမ်တိုင်းလိုလို မီးရောင် ထိန်ထိန်ညီးအောင် ထွန်းညှိထားလိုက်ကြပြီ ဖြစ်သည်။

မကြာသေးမီက မြို့အဝင် စားသောက်ဆိုင် ပိုင်ရှင် သေဆုံးသွားသည့်ကိစ္စနှင့် ပတ်သက်ပြီး မြို့သူမြို့သားများ သို့လောသို့လော ပြောဆိုနေကြလေသည်။

ထိုသတင်းသည် နယ်ခြားဂေဟာသို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

နယ်ခြားမြို့စားတုရောင်ထင်းက ဖုံးကျူးထံ စေ့သည့်သုံးယောက်အား လိုက်လံပို့ဆောင်ပေးခဲ့သည့် ဆိုင်လုလင်ကို ခေါ်ယူကာ ကိုယ်တိုင်ကိုယ်ကျ စစ်ဆေးမေးမြန်းခဲ့သည်။

ဆိုင်လုလင်၏ ပြောကြားချက်ဖြင့် လူဆိုးသုံးယောက်က ဆိုင်ရှင်အား လုပ်ကြံသွားသည်ဟု သတင်းထုတ်ပြန်လိုက်ပြီး လူဆိုးသုံးယောက်အား မြို့ထဲ၌ လိုက်လံရှာဖွေရန် အမိန့်ထုတ်ပြန်လိုက်လေသည်။

နယ်ခြားဂေဟာမှ အစောင့်အကြပ်များ သုံးပုံနှစ်ပုံခန့်သည် မြို့အတွင်းဝယ် လှည့်လည်ကာ လူဆိုးသုံးယောက်အား ရှာဖွေကြလေသည်။

သူတို့က လူဆိုးသုံးယောက်ဟု ယူဆထားသည်မှာ ကျင်းစန်းတို့ ဖြစ်ပြီး ဤမြို့ကလေးသို့ ကျင်းစန်းတို့ ရောက်လာခြင်းနှင့် မိုးကြိုးဓား ပတ်သက်မှု ရှိနေသည်ကို မည်သူမျှ မသိခဲ့ကြပါတကား။

မြို့စားဂေဟာမှ အစောင့်အကြပ်များ မြို့တွင်း၌ လှည့်လည်စစ်ဆေးနေခြင်းကြောင့် တစ်မြို့လုံး စည်စည်ကားကား ဖြစ်နေသည်ဆိုလျှင် ပို၍ မှန်ကန်ပေလိမ့်မည်။

အစောင့်အကြပ်များသည် မြို့တွင်း၌သာ လှည့်လည်ရှာဖွေခဲ့ကြပြီး မြို့စားဂေဟာအနီးသို့ပင် ခြေဦးမလှည့်ခဲ့ကြချေ။

ထို့ကြောင့် မြို့စားဂေဟာအနီးသို့ တိတ်တဆိတ် ရောက်ရှိလာသည့် ကျင်းစန်းနှင့် ဝီကျောင်းတို့အား မည်သူမျှ သတိမပြုမိခဲ့



ကြတော့ချေ။

ကျင်းစန်းနှင့် ဝီကျောင်းသည် မှောင်ရိပ်ခိုကာ မြို့စားဂေဟာ အနီးသို့ ရောက်ရှိလာခဲ့ကြလေတော့သည်။

➤ ➤ ➤

နယ်ခြားမြို့စားဂေဟာမှာ ခြံဝင်းကျယ်ကြီးအတွင်းဝယ် ဆောက်လုပ်ထားလေသည်။

ခြံဝင်းအလယ်၌ ကြီးမားခန့်ညားသော အဆောက်အအုံကြီး ဆောက်လုပ်ထားပြီး အနောက်ဘက်တွင် အလုပ်သမားများ နေထိုင်ရန် အဆောက်အအုံများနှင့် မီးဖိုဆောင်တို့ တည်ရှိသည်။

ဝဲယာတစ်ဘက်တစ်ချက်၌မူ ပန်းဥယျာဉ်၊ ရေကန်၊ တောင်အတုတို့ဖြင့် အလှဆင်ထားလေသည်။

"တုံ..တုံ..တုံ"

အဝေးမှ အုန်းမောင်းခေါက်သံ သုံးချက်တိတိ ထွက်ပေါ်လာလေသည်။

အုန်းမောင်းခေါက်သံနှင့် မရှေးမနှောင်းမှာပင် နယ်ခြားမြို့စားဂေဟာ ခြံဝင်းအုတ်နံရံပေါ်သို့ လူရိပ်နှစ်ခု ခုန်တက်လာလေသည်။

ထိုလူရိပ်နှစ်ခုသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်

ကြပြီး အတွင်းဘက်သို့ ခုန်ဆင်းလိုက်ကြလေသည်။

ထိုလူရိပ်နှစ်ခုမှာ ဝီကျောင်းနှင့် ကျင်းစန်းတို့ ဖြစ်ကြလေသည်။

သူတို့သည် အဆောက်အအုံဆီသို့ ခပ်သွက်သွက်ကလေး ချဉ်းကပ်သွားကြလေသည်။

နယ်ခြားမြို့စားဂေဟာတွင် မီးရောင်များ ရှိနေသေးသည်။

အစောင့်သုံးယောက်သည် ဂေဟာအဝင် တံခါးမကြီးရှေ့၌ စောင့်ကြပ်နေကြလေသည်။

ကျင်းစန်းနှင့် ဝီကျောင်းတို့သည် ဂေဟာဘေး ပန်းရုံအနီးဝယ် ပုန်းအောင်းလိုက်ကြလေသည်။

ဝီကျောင်းက…

"အစောင့်တစ်ယောက်ယောက် ဖမ်းပြီး မေးလိုက်ရင် ကောင်းမယ်"

ဟုတိုးတိုးပြောလိုက်လေသည်။

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ မင်း ဒီမှာ စောင့်နေ"

စကားဆုံးလျှင် ကျင်းစန်း ခုန်ထွက်သွားလေသည်။

အစောင့်သုံးယောက်အနက် နှစ်ယောက်မှာ ထိုင်ခုံများပေါ်ဝယ် ထိုင်ကာ ငိုက်နေကြလေသည်။

အစောင့်တစ်ယောက်သာလျှင် လှံရှည်ကို ပခုံးပေါ်ထမ်း



ကာ လမ်းလျှောက်နေ၏။

ကျင်းစန်းက ကျောက်ခဲတစ်လုံး ကောက်ယူကာ ပစ်ချလိုက်သည်။

"ဂျောက်..ဂျလောက်"

ရုတ်တရက် ထွက်ပေါ်လာသည့် အသံကြောင့် အစောင့်က လှည့်ကြည့်လာသည်။

"ဘာပါလိမ့်"

ရေရွတ်ရင်း ကျောက်ခဲကလေး ကျသွားရာဘက်သို့ လျှောက်သွားလေသည်။

ပန်းရုံနံဘေးမှ ဖြတ်သွားလျှင် ကျင်းစန်းက ခပ်သွက်သွက် လှုပ်ရှားလိုက်လေသည်။

သူ၏လှုပ်ရှားမှုကြောင့် အစောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

နောက်လှည့်ကြည့်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ကျင်းစန်းက သူ့အား သွေးကြောပိတ်ဆို့လိုက်လေတော့သည်။

"အင့်"

အစောင့်က မသဲမကွဲ ညည်းညူကာ မြေပေါ် ခွေခနဲ လဲကျသွားသည်။

ကျင်းစန်းက လျှပ်တစ်ပြက် ပွေ့ယူကာ၊ ဝီကျောင်းထံသို့ သယ်ဆောင်သွားလေသည်။

ဝီကျောင်း ပြုံးလိုက်သည်။

"သူ့ကို ငါမေးမယ်"

ဟုပြောလိုက်၏။

ဝီကျောင်း ခေါင်းညိတ်ပြလိုက်ပြီး သွေးကြောဖွင့်ပေးလိုက်လေသည်။ အစောင့်က လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

"ခင်ဗျားတို့..."

စကားဆုံးအောင် မပြောလိုက်ရပါချေ။

ဝီကျောင်း၏ ရဲတင်းကြီးဖြင့် လည်ပင်းကို ထောက်ထားလိုက်သည် မဟုတ်ပါလား။

"ကျု...ကျုပ်ကို မသတ်ပါနဲ့ဗျာ"

ကပျာကယာ တောင်းပန်လိုက်သည်။

ဝီကျောင်းက...

"မင်း မသေချင်ဘူးဆိုရင် ငါမေးတာ ဖြေစမ်း"

ဟုခပ်မာမာ ပြောလိုက်သည်။

အစောင့်က...

"မေး...မေးပါဗျာ"

"နယ်ခြားမြို့စား ဘယ်မှာလဲ"

"သူ...သူ့အိပ်ခန်းထဲမှာ ရှိပါတယ်"

"နယ်ခြားဂေဟာကို ဧည့်သည် ရောက်လာတယ် မဟုတ်လား"



"ဟုတ်ပါတယ်၊ မိုးကြိုးစားပိုင်ရှင် ဂူချန်းတို့သားအဖ ရောက်လာကြတာပါ"

ဝီကျောင်းက ကျင်းစန်းကို လှမ်းကြည့်လိုက်လေသည်။

ကျင်းစန်း အံ့ဩသွား၏။

"ဂူချန်း ရောက်နေတယ် ဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ်"

"သူတို့ ဘယ်မှာလဲ ပြောစမ်း"

"သူတို့သားအဖ တောင်ဘက်အဆောင်မှာ ရှိနေကြပါတယ်"

"တောင်ဘက်အဆောင်ကို ဘယ်လို သွားရမလဲ"

အစောင့်က သေသေချာချာ ရှင်းပြလိုက်လေသည်။

ဝီကျောင်းက မျက်ရိပ်ပြလိုက်သည်။

ဝီကျောင်းက အစောင့်ကို သွေးကြောထိုးပိတ်လိုက်သည်။

ထိုအခါမှ ဝီကျောင်းက...

"တို့က တစ်ခါတည်းနဲ့ ရန်သူအားလုံးကို ရင်ဆိုင်ရမှာပဲ"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဂူချန်းလဲ ရှိနေတယ်"

"တို့က နှစ်ယောက်တည်း၊ သူတို့က အုံနဲ့ ကျင်းနဲ့ မင်း ဘယ်လို လုပ်မယ်လို့ စိတ်ကူးလဲ"

ကျင်းစန်း အံကြိတ်လိုက်ပြီး...

"ငါ့အသက် သေချင်သေပါစေ၊ သူတို့နဲ့ ပြတ်ပြတ်သားသား ရင်ဆိုင်ရမှာပဲ"

ဟုပြောလိုက်၏။

ဇီကျောင်း ပြုံးလိုက်သည်။

"ကောင်းပြီလေ၊ သွားကြတာပေါ့"

စကားဆုံးလျှင် ရှေ့သို့ ခပ်သွက်သွက် လှမ်းထွက်သွားသည်။ ဇီကျောင်းက နောက်မှ လိုက်သွား၏။

ရန်သူနှင့် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်တော့မည်ဖြစ်ရာ နဂါးလေးကို သတိရလေသည်။

တဆက်တည်းမှာပင် နဂါးလေးသည် သူ့ကြောင့် သေဆုံးသွားရခြင်း ဖြစ်သည်ကို အမှတ်ရလာသည်။

ရုတ်တရက် ကျင်းစန်း ခြေလှမ်း တုန့်ခနဲ ရပ်သွားလေသည်။

"ဇီကျောင်း"

ကျင်းစန်း ခေါ်လိုက်သည်။

ဇီကျောင်းက...

"ဘာဖြစ်လို့လဲ"

ဟုနောက်လှည့်မေးလေသည်။

ကျင်းစန်းက...

"ငါတို့ အစီအစဉ် ပြောင်းရင် ကောင်းမယ် ထင်တယ်ကွ"

"ဟေ"



မမျှော်လင့်သော စကားကြားလိုက်ရသဖြင့် ဇီကျောင်းက အမ်းအမ်း ဖြစ်သွားလေသည်။

ကျင်းစန်းကို နားမလည်နိုင်စွာ ကြည့်လိုက်သည်။

ကျင်းစန်းက...

"ရန်သူနဲ့ ထိပ်တိုက်ရင်ဆိုင်တဲ့ နေရာမှာ ငါတစ်ယောက်ပဲ ရင်ဆိုင်မယ်လို့ ဆုံးဖြတ်ထားတယ်"

"ဘာကွ"

ဇီကျောင်း၏အသံ အနည်းငယ် ကျယ်သွားသည်။

ကျင်းစန်းကို မျက်လုံးပြူး၍ ကြည့်ကာ...

"မင်းတစ်ယောက်တည်း ရင်ဆိုင်မယ် ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ငါ ဘာလုပ်ရမလဲ"

"အခု ကိစ္စဟာ ငါ့ကိစ္စဆိုတော့ မင်းက ပွဲကြည့်ပရိသတ်ပေါ့ကွ"

ဇီကျောင်း၏မျက်နှာ နီမြန်းသွား၏။

သူဒေါသထွက်သွားကြောင်း ထင်ရှားလှသည်။

ကျင်းစန်းကို စိုက်ကြည့်လိုက်ပြီး...

"ကျင်းစန်း၊ နဂါးလေး သေသွားရတာကို မင်း ဘာပြောမလဲ"

"ငါ.."

ကျင်းစန်းရှေ့ မည်သို့ ဆက်ပြောရမှန်းမသိ ဖြစ်သွားလေသည်။ ဝီကျောင်းက...

"ငါတို့ဟာ သူငယ်ချင်းတွေဆိုတာ မင်းမေ့ထားတော့ မလို့လားကွ၊ ပြောစမ်းပါဦး"

"ငါ..ငါက နဂါးလေးလို အဖြစ်မျိုး နောက်ထပ် ဘယ်တော့မှ အဖြစ်မခံနိုင်တော့ဘူး"

"မင်းက ငါ့အတွက် စိုးရိမ်လို့ ပြောနေတာလား"

"ဟုတ်တယ်"

"ဟား..ဟား..ဟား"

"ဝီကျောင်း ဘာပဲဖြစ်ဖြစ် ငါ့ကြောင့် မင်းတစ်ခုခု ဖြစ်သွားမှာကို ငါလက်မခံနိုင်ဘူး"

ဝီကျောင်း ခေါင်းယမ်းလိုက်သည်။

ကျင်းစန်းကို စိုက်ကြည့်ကာ...

"ငါက သူများ ခိုင်းတိုင်း လုပ်တတ်တဲ့ လူတစ်ယောက်လို့ မင်းထင်နေသလား၊ ငါ့သဘောနဲ့ငါ လုပ်ချင်ရာလုပ်မယ်၊ ငါ အခု မင်းကို ဘာကြောင့် ပြောနေရတာလဲ သိလား၊ မင်းဟာ ငါ့ရဲ့ သူငယ်ချင်းလို့ သတ်မှတ်ထားလို့ပဲ"

ကျင်းစန်းက ဝီကျောင်းအား ငေးကြည့်ကာ...

"ကောင်းပြီလေ၊ မင်းက ငါနဲ့အတူ လိုက်မယ်ဆိုရင် ငါပြောတာ နားထောင်ရလိမ့်မယ်"



"မင်း ဘာပြောမလို့လဲ"

"ဂူချန်းကို ငါရှင်းပစ်မယ်၊ မင်းစောင့်ကြည့်နေပါ၊ တကယ်လို့ အခက်အခဲ တစ်ခုခုဖြစ်လာမှ မင်းဝင်ကူညီပါ၊ ငါ့သဘောကတော့ တို့ဝင်လာတာ သူတို့ သိသွားပြီဆိုတာနဲ့ အစောင့်တွေကို မင်းက မျှားခေါ်သွားပါ၊ နောက်ပိုင်း ငါကြည့်ရှင်းမယ်"

ဝီကျောင်း ပြုံးလိုက်သည်။

"မင်းက ဂူချန်းကို ရင်ဆိုင်နိုင်မယ်ဆိုတာ သေချာတယ်နော်"

ဟုမေးလေသည်။ ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဂူချန်းနဲ့ နယ်ခြားမြို့စားနှစ်ယောက် ပေါင်းပြီး တိုက်ခိုက်ရင်လဲ ငါရင်ဆိုင်နိုင်ပါတယ်ကွာ"

သူက မသေချာဘဲ ပြောမည် မဟုတ်ဟု ဝီကျောင်း ယုံကြည်မိလေသည်။ ထို့ကြောင့်...

"ကောင်းပြီလေ၊ ဘာမှ မဖြစ်ဘူးဆိုရင်တော့ ငါလဲ ဝင်တိုက်မယ်၊ တို့လာတာကို သူတို့ သိသွားပြီဆိုမှ ငါက မျှားခေါ်သွားမယ်"

ကျင်းစန်း ဝမ်းသာသွားသည်။

"ဟုတ်တယ်၊ တို့ သည်လိုပဲ လုပ်ကြမယ်"

"နေဦး"

ဝီကျောင်းက ဟန့်တားလိုက်လေသည်။

ကျင်းစန်းက...

"မင်း ဘာပြောချင်လို့လဲ"

"ဟကယ်လို့ တို့နှစ်ယောက် လူချင်း ကွဲသွားကြရင်ကော"

ဝီကျောင်းက မေးလိုက်လေသည်။

ကျင်းစန်း အနည်းငယ် စဉ်းစားလိုက်သည်။

"တို့တစ်တွေ နဂါးလေးရဲ့ မြေပုံမှာ ပြန်ဆုံကြမယ် ဘယ်လိုလဲ"

ဝီကျောင်းလည်း သဘောကျသွားသည်။

"သိပ်ကောင်းတာပေါ့ကွာ၊ တို့ ဘာတွေ လုပ်ခဲ့တယ်ဆိုတာ နဂါးလေးကို ပြန်ပြောနိုင်တာပေါ့"

"ဒါဖြင့် သွားကြစို့"

သူတို့နှစ်ယောက်သည် ဂူချန်း ရှိနေသည့် အခန်းဆီသို့ ဦးတည်ကာ ခပ်သွက်သွက် ပြေးလွှားသွားကြလေတော့သည်။

➤ ➤ ➤

ည...

အမှောင်ထုသိပ်သည်းနေဆဲ။

မြို့စားဂေဟာတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

မြို့စားဂေဟာမှ လူအားလုံး အိပ်မောကျသွားပြီဟု ဆိုနိုင်လေသည်။ သို့သော် အိပ်မပျော်နိုင်သူများ ရှိနေကြပါသေး၏။



ထိုလူများမှာ ဂူချန်း၊ ဂူချင်းချင်း၊ တုရှောင်ထင်းနှင့် အို့ရန်စန်းတို့ ဖြစ်ကြပေသည်။

အို့ရန်စန်းက မီးအိမ်ကို မှုတ်ပစ်လိုက်သည်။

ထို့နောက် ခုတင်ပေါ် ကျောချလိုက်၏။

ထိုစဉ် ထူးခြားသော လှုပ်ရှားမှုတစ်ရပ်ကို ပထမဦးဆုံး သတိပြုမိလိုက်သူမှာ ဂူချင်းချင်း ဖြစ်၏။

ဂူချင်းချင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

"ဘယ်သူလဲ"

အော်ငေါက်ရင်း စားပွဲပေါ်မှ အရက်အိုးဖြင့် ပြတင်းပေါက်ဆီသို့ ပစ်ပေါက်လိုက်လေသည်။

"ခွမ်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

အပြင်ဘက်မှ လူရိပ်သည် ပန်းဥယျာဉ်ဘက်သို့ ရိပ်ခနဲ ပြေးထွက်သွားသည်ကို တွေ့ရလေသည်။

"ရပ်လိုက်စမ်း"

ဂူချင်းချင်းက အော်ငေါက်ရင်း ပြတင်းပေါက် အပြင်သို့ ခုန်ထွက်လိုက်၏။ ဂူချန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

"သမီး"

သူက လွှတ်ခနဲခေါ်ကာ ထရပ်လိုက်၏။

ဂူချင်းချင်းကား အပြင်ဘက်သို့ ရောက်ရှိသွားပြီ ဖြစ်၏။

ဂူချန်းက လိုက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ပြတင်းပေါက်မှတဆင့် အခန်းတွင်းသို့ လူရိပ်တစ်ခု ခုန်ဝင်လာလေသည်။

ဂူချန်းက ကြောင်အမ်းအမ်း ဖြစ်နေစဉ်မှာပင် ခုန်ဝင်လာသူက ပြင်းထန်စွာ တိုက်ခိုက်လိုက်လေတော့သည်။

➤ ➤ ➤

အို့ရန်စန်းသည် အတွေးများကို မောင်းထုတ်ပစ်လိုက်သည်။

"ညဉ့်လဲနက်ပြီ အိပ်တာပဲ ကောင်းတယ်"

တွေးရင်း အိပ်စက်ရန် ကြိုးစားလိုက်လေသည်။

တဖြည်းဖြည်း မျက်တောင်များ စင်းလာ၏။

အိပ်ပျော်လုဆဲဆဲတွင်...

"ဘယ်သူလဲ"

"ခွမ်း"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ အို့ရန်စန်း ရင်ထိတ်သွား၏။

ဝေါက်ခနဲ ထထိုင်လိုက်လေသည်။

"ဘယ်လို ဖြစ်တာပါလိမ့်"

သူတွေးတောနေစဉ်မှာပင်...



"မပြေးနဲ့ ရပ်လိုက်"

အော်ဝေါက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်သည်။ ဂူချင်းချင်း၏အသံ ဖြစ်သည်ကို ချက်ချင်းမှတ်မိလိုက်သည်။

"တစ်ခုခုတော့ ဖြစ်နေပြီ"

သူက ခုတင်ပေါ်မှ ခုန်ဆင်းလိုက်သည်။

ထို့နောက် တံခါးဖွင့်ကာ အပြင်သို့ လှမ်းထွက်လိုက်၏။

အပြင်ဘက်ဝယ် လူရိပ်များ ပြေးလွှားနေသည်ကို တွေ့မြင်လိုက်ရသည်။

နှစ်ပေါင်းနှစ်ဆယ်အတွင်း မြို့စားဂေဟာသို့ တိတ်တဆိတ် ခိုးဝင်သူဟူ၍ မရှိခဲ့ဘူးချေ။

ယခုတော့ တစ်စုံတစ်ယောက်က ခိုးဝင်လာပြီ ဖြစ်လေသည်။ အို့ရန်စန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

"တော်တော် အတင့်ရဲတဲ့သူပဲ"

တွေးရင်း ကျူးကျော်ဝင်လာသူအား တားဆီးရန် သတိဝင်လာလေသည်။

"သိကြသေးတာပေါ့"

အံကြိတ်ကာ ကြုံးဝါးရင်း အပြင်ဘက် ခပ်သွက်သွက် ပြေးလွှားသွားလေတော့သည်။

➤ ➤ ➤

တုရှောင်ထင်း မျက်လုံးပြူးသွားလေသည်။

ဆူဆူညံညံ အသံများက သူ၏အတွေးများကို ဖြတ်တောက်ပစ်လိုက်၏။

အတွေ့အကြုံ ရင့်ကျက်သူပီပီ တစ်စုံတစ်ခု ထူးခြားနေပြီဖြစ်ကြောင်း ချက်ချင်းနားလည်လိုက်၏။

ထိုင်ရာမှ ငေါက်ခနဲ ထရပ်လိုက်လေသည်။

သူသတိမပြုနိုင်မီ သူ၏ခြေလှမ်းများသည် တံခါးဝဆီသို့ လှမ်းသွားပြီ ဖြစ်လေသည်။

"ပန်းဥယျာဉ်ထဲကို ပြေးသွားနေတာပဲ"

သူက ပန်းဥယျာဉ်ဘက်လှည့်ရန် ခြေလှမ်း ပြင်လိုက်၏။

"မပြေးနဲ့"

"ရပ်လိုက်စမ်း"

"သူခိုး...သူခိုး"

အပြင်ဘက်မှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာ၏။

လူစုလူဝေးဖြင့် လိုက်လံဖမ်းဆီးကြတော့မည် ဖြစ်ပေသည်။

တုရှောင်ထင်း ပြုံးလိုက်သည်။

"ငါ့ရဲ့ခြံဝင်းထဲကို ဘယ်သူကများ သည်လောက်တောင် အတင့်ရဲရဲနဲ့ ကျူးကျော်ဝင်လာကြတာလဲ မသိဘူး၊ နေပါစေဦး၊ ငါ့ရဲ့ အစောင့်တွေ ဘယ်လောက် အစွမ်းရှိတယ်ဆိုတာ ကြည့်လိုက်ဦးမယ်"



သူက ခြေလှမ်းရပ်လိုက်သည်။ ထိုစဉ်...

"ဝုန်း"

"ခွမ်း"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ တုရှောင်ထင်း မျက်လုံးပြူးသွား၏။

"ဘယ်လို ဖြစ်တာလဲ အိမ်ထဲက ဆူဆူညံညံ အသံတွေပါလား"

သူက သေသေချာချာ နားစွင့်လိုက်သည်။

"ဘယ်သူကများ အိမ်ထဲဝင်ပြီး တိုက်ခိုက်ဝံ့ရတာလဲ၊ ဘယ်သူ့ကိုများ တိုက်ခိုက်နေတာလဲ"

တွေးရင်း ရုတ်တရက် တစ်စုံတစ်ခုကို သတိရလာလေသည်။

"ဟိုက် ဂူချန်းရဲ့အခန်းက တိုက်ခိုက်သံတွေ ထွက်ပေါ်နေတာကိုး၊ တစ်ယောက်ယောက်က ဂူချန်းဆီက မိုးကြိုးဓား လုယူဖို့ ကြိုးစားနေတာပဲ"

ချက်ချင်းပင် ဂူချန်း၏အခန်းဆီသို့ ဒုန်းစိုင်းပြေးသွားလေတော့သည်။

➤ ➤ ➤

ကျင်းစန်းနှင့် ဝီကျောင်းတို့သည် အစောင့် ပြောပြလိုက်သည့်အတိုင်း အဆောက်အအုံဆီသို့ ချဉ်းကပ်လာကြလေသည်။

အနီးသို့ ရောက်လျှင် မီးလင်းနေသော အခန်းတစ်ခုကို တွေ့မြင်လိုက်ရလေ၏။

အပြင်ဘက်မှ ကြည့်လိုက်သည်နှင့် အတွင်းဘက်မှာ လူနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြသည်ကို တွေ့မြင်လိုက်ရ၏။

ဝီကျောင်း ပြုံးလိုက်သည်။

"တို့ကို ပညာပြသွားတဲ့ မိန်းကလေးကွ"

ဟု ပြောလိုက်သည်။ မှန်ပေသည်။

အခန်းအတွင်း၌ ထိုင်နေသည်မှာ မြင်းလှည်းမောင်းသည့် မိန်းကလေး ဖြစ်လေသည်။

ထိုမိန်းကလေးမှာ ဂူချန်း၏သမီး ဖြစ်သည်ကို သူတို့ မသိကြသေးပါချေ။

ထိုမိန်းကလေး၏သိုင်းပညာ မခေသည်ကိုသာ နှစ်ယောက်စလုံး နားလည်ထားကြ၏။ ဝီကျောင်းက...

"အစောင့်ပြောတဲ့ အတိုင်းဆိုရင် ဒါ ဂူချန်းရဲ့ အခန်းပဲကွ"

ဟုပြောလိုက်ပြန်သည်။

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဝီကျောင်းက...



"မင်းက ဂူချန်းကို တွေ့နေပြီလေ၊ ကဲ ဘာလုပ်မလဲ"

ဟုမေးလိုက်လေသည်။ ကျင်းစန်းက...

"သူ့ကို ရှင်းပစ်ရမှာပေါ့"

"ကောင်းပြီ၊ ငါက အခန်းထဲက မိန်းကလေးကို မျှားခေါ်သွားမယ်၊ မင်းက ဂူချန်းကို တာဝန်ယူပြီးရင် တောင်ထိပ်ပေါ်မှာ ပြန်ဆုံကြမယ်"

စကားဆုံးလျှင် ကျင်းစန်း မတားဆီးနိုင်မီ ရှေ့သို့ ပြေးထွက်သွားလေသည်။

သူက ပြတင်းပေါက်ရှေ့မှ ဖြတ်ပြေးလိုက်ခြင်း ဖြစ်၏။

ထို့ကြောင့်...

အတွင်းဘက်၌ ထိုင်နေသည့် ဂူချင်းချင်းက တွေ့မြင်သွားခြင်း ဖြစ်ပေတော့သည်။

"ဘယ်သူလဲ"

အော်ငေါက်သံ ထွက်ပေါ်လာ၏။

တဆက်တည်းမှာပင် ကျယ်လောင်သော အသံ ထွက်ပေါ်လာ၏။

ပြတင်းပေါက် ကျိုးပဲ့ပျက်စီးသွားပြီး အတွင်းဘက်မှ လူရိပ်တစ်ခု ခုန်ထွက်လာသည်။

ဝီကျောင်းက ကျင်းစန်းဘက်လှည့်ကာ ပြုံးပြလိုက်လေသည်။

ထို့နောက်...

ပန်းဥယျာဉ်ဘက်သို့ အားကုန် ပြေးထွက်သွား၏။

အခန်းတွင်းမှ ခုန်ထွက်လာသူက ဝီကျောင်းနောက်သို့ ထပ်ကြပ်မကွာ ပြေးလိုက်သွားလေသည်။

ကျင်းစန်း မျက်မှောင်ကြုတ်သွား၏။

အခန်းတွင်းမှ ခုန်ထွက်လာသူမှာ မြင်းလှည်းမောင်းသော မိန်းကလေး ဖြစ်ကြောင်း နားလည်ထားလေသည်။

ထိုမိန်းကလေး၏ ကိုယ်ဖော့ပညာကို ကြည့်ရုံဖြင့် ဝီကျောင်းထက် သိုင်းပညာ အဆင့်မြင့်သူ ဖြစ်ကြောင်း ရိပ်မိလိုက်၏။

ဝီကျောင်း ရင်ဆိုင်နိုင်မည် မဟုတ်ဟု တွေးကာ စိုးရိမ်ပူပန်သွားလေ၏။

ဝီကျောင်း နောက်သို့ လိုက်သွားရန်ပင် ဟန်ပြင်လိုက်၏။

သို့သော်...

ဝီကျောင်းသည် ဂူချန်းအား သုတ်သင်ရှင်းလင်းပစ်နိုင်ရန် ဖန်တီးပေးလိုက်ခြင်း ဖြစ်ကြောင်း တွေးမိရာ မလိုက်ဖြစ်တော့ချေ။

တွေးတောစဉ်းစားနေခြင်းဖြင့် ဝီကျောင်း၏ ကြိုးပမ်းမှု အချည်းနှီး ဖြစ်သွားနိုင်ကြောင်း တွက်ဆမိသည်။

ဝီကျောင်းသည် အန္တရာယ်ကို လွတ်အောင် ရှောင်တိမ်းနိုင်လိမ့်မည်ဟုလည်း ယုံကြည်မိသည်။

ကျိုးပဲ့နေသော ပြတင်းပေါက်မှတဆင့် အတွင်းဘက် ခုန်



ဝင်လိုက်၏။

တဆက်တည်း အခန်းတွင်း၌ ကြောင်အမ်းအမ်းဖြင့် ရပ်နေသူအား တိုက်ခိုက်လိုက်လေတော့သည်။

ထိုလူမှာ ဂူချန်း ဖြစ်ရမည်ဟု ယုံကြည်ထား၏။

သူယုံကြည်ထားသည့်အတိုင်း ထိုလူမှာ ဂူချန်းပင် ဖြစ်နေလေသည်။

ဂူချန်းသည် ကျင်းစန်း တိုက်ခိုက်သည့် အရှိန်မှာ ပြင်းထန်လွန်းလှသည်ကို ရိပ်မိလိုက်သည်။

ခုခံတိုက်ခိုက်ခြင်း မပြုဘဲ ကြမ်းပြင်ပေါ်သို့ လှိမ့်ချကာ ရှောင်တိမ်းလိုက်လေသည်။ ကျင်းစန်းက အလွတ်မပေးဘဲ ထပ်မံတိုက်ခိုက်လိုက်လေ၏။

"ဂူချန်း၊ ခင်ဗျား ဘယ်ပြေးမလဲ"

ဟုလည်း အော်ငေါက်လိုက်၏။

သူတိုက်ခိုက်လိုက်သူမှာ ဂူချန်း ဟုတ်မဟုတ် ဆန်းစစ်လိုက်သည့် သဘောလည်း ဖြစ်လေသည်။

ဂူချန်းက နောက်သို့ ခြေလှမ်းငါးလှမ်းမျှ ဆက်တိုက် နောက်ဆုတ်သွားပြီးမှ...

"မင်းက ဘယ်သူလဲ၊ ဘာကြောင့် ငါ့ကို တိုက်ခိုက်ရတာလဲ"

ဟုပြန်မေးလိုက်၏။

ထိုစကားကြားလျှင် သူတိုက်ခိုက်လိုက်သူမှာ ဂူချန်း ဖြစ်

ကြောင်း ကျင်းစန်း စိတ်ချလက်ချ နားလည်သွားတော့သည်။

မဲ့ပြုံးပြုံးရင်း...

"ဂူချန်း၊ ခင်ဗျားက မိုးကြိုးဓားကို ခိုးယူပြီး ငရဲပြည်မှာ သွားပုန်းနေရင်တောင် မလွတ်နိုင်ဘူး မှတ်ထားပါ၊ ခင်ဗျားရဲ့ လုပ်ရပ်ကြောင့် ထိုက်သင့်တဲ့အပြစ် ခံရမှာဘဲ"

ဟုပြောလိုက်လေသည်။

ဂူချန်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ကျင်းစန်းအား စိုက်ကြည့်လိုက်ပြီး...

"မင်း...မင်းက ဘယ်သူလဲ၊ မင်းကို ဘယ်သူက လွှတ်လိုက်တာလဲ ပြောစမ်း"

ဟုမေးလေသည်။

ဂူချန်း တွေဝေသွားသည့် တဒင်္ဂအချိန်အတွင်းပင် ကျင်းစန်း၏လက်ဝါးတစ်ဘက်သည် သူ၏ပခုံးပေါ်သို့ ရိုက်ချမိလိုက်လေသည်။

"ဝုန်း"

"အား"

ဂူချန်း လွှတ်ခနဲအော်ကာ အနောက်ဘက်သို့ လွင့်စဉ်သွားလေသည်။

ကျင်းစန်းက အခွင့်အရေးကို လက်လွှတ်မခံဘဲ ထပ်မံတိုက်ခိုက်လိုက်လေသည်။



ဂူချန်း၏နဖူးပေါ်တွင် ချွေးများ စို့ရွဲလာလေသည်။

ကြမ်းပြင်ပေါ် လိမ့်ချကာ ရှောင်တိမ်းလိုက်သည်။

ကျင်းစန်းက ပြင်းထန်စွာ ထပ်မံတိုက်ခိုက်နေဆဲ။

ရုတ်တရက် ဝင်းလက်သော အလင်းရောင်တစ်ချက် ထွက်ပေါ်လာလေသည်။ ကျင်းစန်း ရင်ထိတ်သွား၏။

ကပျာကယာ နောက်သို့ ခုန်ဆုတ်လိုက်လေသည်။

ကံကောင်းထောက်မသွားသည်ဟု ဆိုရပေမည်။

သူသာ အချိန်မီ သတိမဝင်ဘဲ ရှေ့ဆက်တိုက်လိုက်မည်ဆိုလျှင် ရုတ်တရက် ထွက်ပေါ်လာသည့် ဂူချန်း၏ဓားက သူ့အား ဖိဝိန် ခြေပစ်လိုက်မည် ဖြစ်သည်။

ကပျာကယာ နောက်ဆုတ်လိုက်သည့်တိုင် ထက်မြက်သော ဓားဦးက သူ၏အင်္ကျီကို တစ်ထွာခန့် စုတ်ပြဲသွားစေခဲ့၏။

ကျင်းစန်း မဲ့ပြုံးပြုံးလိုက်သည်။

"မိုးကြိုးဓားကို ခင်ဗျား ဝှက်မထားနိုင်တော့ဘူး မဟုတ်လား"

ဟုအော်ပြောလိုက်လေသည်။

ဂူချန်းက ကြမ်းပြင်ပေါ်မှ ခုန်ထလာသည်။

သူ၏လက်ထဲဝယ် ဝင်းလက်တောက်ပသည့် ဓားတစ်လက်ကိုင်ဆောင်ထားပြီး ဖြစ်လေသည်။

ကျင်းစန်းအား စိုက်ကြည့်လိုက်ပြီး...

"မင်းက ဘယ်သူလဲ၊ မင်းကို ဘယ်သူက ခိုင်းလိုက်တာလဲ ပြောစမ်း"

ဟုမေးလိုက်လေသည်။

ကျင်းစန်းက...

"ကျုပ်ရဲ့ သိုင်းကွက်တွေက ကျုပ် ဘယ်သူဘယ်ဝါဆိုတာ ဖော်ပြပါလိမ့်မယ်ဗျာ"

ပြော-ပြီး ခုန်ဝင်တိုက်ခိုက်လိုက်၏။

ယခုတစ်ကြိမ် သူက ကြေးစုတ်တံကို ယူကာ လေလွင့်ဂိုဏ်းချုပ် သင်ကြားပေးလိုက်သော သိုင်းကွက်များကို ဖော်ထုတ်ကာ တိုက်ခိုက်လိုက်လေသည်။

ကြေးစုတ်တံကို မြင်လျှင် ဂူချန်း မျက်မှောင်ကြုတ်သွားလေသည်။

"မင်းက လင်းကျိနဲ့ ဘယ်လိုများ ပတ်သက်နေသလဲ"

ဟုမေးလိုက်လေသည်။

ကျင်းစန်းက ဘာမှ ပြန်မပြောဘဲ တိုက်ခိုက်မြဲ တိုက်ခိုက်နေလေ၏။

ထို့ကြောင့်...

ဂူချန်း ကပျာကယာ လက်ထဲမှ ဓားကို ဝှေ့ယမ်းကာ ပြန်လည်ခုခံလိုက်လေသည်။

"ထန်း"



ကျယ်လောင်သော အသံနှင့် မီးပွင့်ကလေးများ ထွက်ပေါ်လာလေသည်။

သူတို့နှစ်ယောက် ခြေတစ်လှမ်းစီး ပြိုင်တူ ဆုတ်လိုက်ကြရလေသည်။ ဂူချန်း မျက်နှာပျက်သွား၏။

အဘယ်ကြောင့်ဆိုသော် လူငယ်လေးတစ်ယောက်က သူနှင့် လက်ရည်ညီ ယှဉ်ပြိုင်နိုင်သည် မဟုတ်ပါလား။

ကျင်းစန်းက...

"ခင်ဗျား ဘယ်ဆိုးလို့တုန်း၊ ကြေးစုတ်တံကို တွေ့တာနဲ့ လင်းကျိကို ပြေးပြီး သတိရလိုက်တာပဲလား၊ ကောင်းပြီ၊ ကျုပ်ရဲ့ သိုင်းကွက်ကို သေသေချာချာ ကြည့်ပါဦး"

သူ အဆင့်မြင့်သိုင်းကွက်များဖြင့် တိုက်ခိုက်လိုက်လေသည်။ ဂူချန်းက ပြန်လည်တိုက်ခိုက်၏။

သို့သော်...

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိသောအခါ ကျင်းစန်း နောက်ဆုတ်လိုက်ရလေသည်။

"မင်း..မင်း လေလွင့်ဂိုဏ်းနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ဟုအထိတ်တလန့် မေးလိုက်ပြန်လေသည်။

ကျင်းစန်း ရယ်မောလိုက်သည်။

"နောက်ဆုံးတော့ ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျား သိရမှာပေါ့၊ အခုတော့ ကျုပ်ရဲ့သိုင်းကွက် မကုန်သေးဘူးဗျ"

အော်ပြောရင်း ထပ်မံတိုက်ခိုက်၏။

ယခုတစ်ကြိမ် သူက ဟန်ကျောင်း သင်ကြားပေးလိုက်သည့် သိုင်းကွက်ကို ဖော်ထုတ်လိုက်လေသည်။

ဂူချန်း၏လက်ထဲ ဓားရှိနေသဖြင့် လက်ဖြင့် မတိုက်ခိုက်ဝံ့ဘဲ ကြေးစုတ်တံကို လက်အစား ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

ဂူချန်း မျက်နှာပျက်သွားသည်။

ကျင်းစန်း၏သိုင်းကွက်များမှာ တစ်စထက်တစ်စ ထူးခြားဆန်းပြားလာသည် မဟုတ်ပါလား။

သိုင်းကွက်များကို တဖြည်းဖြည်း မြင်တွေ့လာသည်နှင့် မျက်လုံးပြူးသွားလေသည်။

"ဒါ ဟန်ကျောင်းရဲ့ သိုင်းကွက်ပဲ"

ဟုအော်ဟစ်လိုက်၏။

ကျင်းစန်းက...

"ဟုတ်တယ်၊ ခင်ဗျားကို ဆုံးမဖို့ ကျုပ်ကို ဘယ်သူတွေက လွှတ်လိုက်တယ်ဆိုတာ ခင်ဗျား နားလည်ရောပေါ့၊ ခင်ဗျားရဲ့ မိုက်ပြစ်တွေအတွက် ပေးဆပ်ရမယ့် အချိန် ရောက်ပြီ"

သူက ပါးစပ်မှ ပြောနေသလို လက်မှလည်း မရပ်မနား တိုက်ခိုက်နေလေသည်။

အမှန်ဆိုလျှင် ဂူချန်းသည် မိုးကြိုးဓားမှ ဓားကွက်များကို



နှစ်ပေါင်းများစွာ လေ့ကျင့်ထားခဲ့ပြီး ဖြစ်သည်။

သူ၏သိုင်းပညာသည် ပြိုင်စံရှားသော အဆင့်တွင် ရောက်ရှိနေပြီ ဖြစ်လေသည်။

သို့သော်...

ကျင်းစန်းသည် သူ၏ဆရာ စေလွှတ်လိုက်သည်ဟု ထင်မှတ်နေသဖြင့် ကြောက်ရွံ့ထိတ်လန့်မှုများ လွန်စွာ ဖြစ်ပေါ်နေလေ၏။

အပြစ်ရှိသူ ဖြစ်လေရာ မလုံမလဲစိတ်ကြောင့် တိုက်ခိုက်မှုတွင် အာရုံမစိုက်နိုင်တော့ဘဲ သိုင်းကွက်များ ဖရိုဖရဲ ဖြစ်သွား၏။

ဤတွင် ကျင်းစန်းက အပေါ်စီးရသွားကာ ပြင်းပြင်းထန်ထန် ဖိ၍ တိုက်ခိုက်ခြင်းကို သူက ခံလိုက်ရလေတော့သည်။

ကျင်းစန်းက...

"ခင်ဗျားအတွက် ရမယ့် အပြစ်ဒဏ်က သေဒဏ်ပဲ ဂူချန်း"

ဟုအော်ပြောလိုက်သည်။

တဆက်တည်းပင် ကြေးစုတ်တံဖြင့် ဂူချန်း၏ဦးခေါင်းပေါ် ရိုက်ချလိုက်လေသည်။ ဂူချန်း၏မျက်လုံး ပြာဝေသွား၏။

သူက မည်သို့မျှ ရှောင်တိမ်းနိုင်တော့မည် မဟုတ်ပါချေ။

ထိုစဉ်မှာပင်...

"ဂူချန်း ဘာတွေ ဖြစ်နေတာလဲ"

ကျယ်လောင်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်

ကို ကြားလိုက်ရ၏။

တဆက်တည်းပင်...

"ဝုန်း"

ကျယ်လောင်သော မြည်ဟည်းသံနှင့်အတူ အခန်းတံခါး ပွင့်သွားလေသည်။

ထို့နောက်...

အခန်းတွင်းသို့ လူတစ်ယောက် ခုန်ဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

➤ ➤ ➤

ဂူချန်း ထိတ်လန့်နေ၏။

သူသည် ကျောင်းစန်း၏လက်ချက်ဖြင့် သေရတော့မည်ဟု ထင်မိလေသည်။

ဆရာဖြစ်သူက သူ့အား သေဒဏ်ခတ်လိုက်ပြီဟု တွေးဆကာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်နေ၏။

သူသည် မိမိ၏အတ္တအကျိုးအတွက် ဆရာဖြစ်သူအပေါ် သစ္စာဖောက်ခဲ့သည် မဟုတ်ပါလား။

ထို့အပြင်...

သူ၏စိတ် ကစဉ့်ကလျား ဖြစ်နေ၏။



သိုင်းကွက်များ ဖရိုဖရဲ ဖြစ်နေရာ ကျောင်းစန်း၏တိုက်ခိုက်မှုကို မရှောင်နိုင်ပါ။

ထိုစဉ်...

အခန်းတံခါး ပွင့်သွားပြီး တုရှောင်ထင်း ခုန်ဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

တုရှောင်ထင်းသည် ဂူချန်း အခြေအနေမဟန်သည်ကို တွေ့ရသည်နှင့်...

"နောက်ဆုတ်လိုက်"

ဟုအော်ပြော၏။

တဆက်တည်း ကျောင်းစန်းအား နောက်ကျောမှ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ ကျောင်းစန်း ရင်ထိတ်သွား၏။

သူ၏တိုက်ကွက်ကို ပြောင်းလဲကာ ဘေးသို့ ခုန်ရှောင်လိုက်ရလေသည်။

ထို့ကြောင့်...

ကြေးစုတ်တံသည် ဂူချန်း၏ဦးခေါင်းပေါ်သို့ ရိုက်ချမိခြင်း မရှိတော့ချေ။

သို့တိုင် ကြေးစုတ်တံအဖျားသည် ဂူချန်း၏ဝဲဘက်ပခုံးကို ရှပ်၍ ရိုက်ချမိသွားသေး၏။

"ဖျောက်"

"အား"

အရိုးကျိုးသံသဲ့သဲ့ ထွက်ပေါ်လာ၏။

ဂူချန်းမှာ ရူးရှစ္စာ အော်ဟစ်လိုက်ပြီး ကြမ်းပြင်ပေါ် ဒူး ထောက်ကျသွား၏။

သူ၏လက်တစ်ဘက်မှာလည်း အောက်သို့ တွဲလောင်းကျ ၍ သွားလေသည်။ သူ၏ခန္ဓာကိုယ် ယိမ်းထိုးနေ၏။

သို့သော်...

သူသည် တုရှောင်ထင်း ဝင်လာသည်ကို မြင်လျှင် ဝမ်းသာ အားရ အော်ပြောလိုက်လေသည်။

"မိတ်ဆွေကြီး တုရှောင်ထင်း သည်ကို မြန်မြန်လာစမ်းပါ"

တုရှောင်ထင်းက...

"စိတ်ချ ဂူချန်း၊ ကျုပ်က သူ့ကို မှတ်လောက်အောင် ဆုံးမ လိုက်ပါ့မယ်"

ပြောရင်း ကျင်းစန်းအား တိုက်ခိုက်လိုက်၏။

ကျင်းစန်းက ကြေးစုတ်တံကို ဝှေ့ယမ်းကာ ပြန်လည်တိုက် ခိုက်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိသည်နှင့် ကျင်းစန်း သည် ခေသူတစ်ယောက် မဟုတ်ကြောင်းကို တုရှောင်ထင်းက ကောင်းစွာ နားလည်သဘောပေါက်သွားလေသည်။

သူသည် နောက်သို့ ပြန်ဆုတ်လိုက်၏။

ချက်ချင်းပင်...



"မြန်မြန်လာကြဟေ့၊ သည်မှာ လူဆိုးတစ်ယောက် ရောက်နေတယ်"

ဟုအော်ပြောလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ထို့နောက်...

မရှေးမနှောင်းမှာပင် ပြေးလွှားလာသည့် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းစန်း ရင်ထိတ်သွား၏။

ဂူချန်းအား သုတ်သင်ရှင်းလင်းပစ်နိုင်ကာနီးမှ တုရှောင်ထင်း ရောက်ရှိလာခြင်းကြောင့် ဒေါသလည်း ထွက်သွား၏။

မည်သို့ဆိုစေ သူ့အား တိုက်ခိုက်မည့် လူများ လူစုလူဝေးဖြင့် ရောက်လာပြီ ဖြစ်ရာ အမိုက်ခံပြီး ဆက်လက်တိုက်ခိုက်နေရန် မသင့်ဟု တွေးမိ၏။

ဆက်၍ တိုက်ခိုက်နေမည်ဆိုလျှင် ဂူချန်းအား သုတ်သင်ရှင်းလင်းပစ်နိုင်မည် မဟုတ်သည့်အပြင် ရန်သူများ၏လက်ချက်ဖြင့် သူသာ ဒုက္ခရောက်သွားမည် ဖြစ်ကြောင်း နားလည်မိလေသည်။

ဇီကျောင်းက အခြေအနေ မဟန်လျှင် ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်တိမ်းသွားဖို့ မှာကြားထားသေးသည် မဟုတ်ပါလား။

ကျင်းစန်း စိတ်လျှော့လိုက်၏။

ဂုချန်းကို စိုက်ကြည့်လိုက်ပြီး...

"သည်ကနေ့ ခင်ဗျား ကံကောင်းသွားတယ်၊ ဒါပေမယ့် ကြာကြာ ကံမကောင်းနိုင်ဘူးဆိုတာ ခင်ဗျား မှတ်ထားပါ"

ဟုပြောလိုက်သည်။

ထို့နောက်...

ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ ခုန်ထွက်လိုက်လေသည်။

ကျင်းစန်းသည် တခဏအတွင်းမှာပင် အမှောင်ရိပ်ထဲ တိုးဝင်ပျောက်ကွယ်သွားလေသည်။

➢ ➢ ➢

ဝီကျောင်းက ခပ်သွက်သွက်ပြေးထွက်သွားလိုက်လေ၏။

သူက ပန်းဥယျာဉ်ဆီသို့ ဦးတည်ကာ ပြေးသွားခြင်းဖြစ်ပေသည်။

"မပြေးနဲ့"

အော်ငေါက်သံနှင့်အတူ နောက်မှ မိန်းကလေးတစ်ယောက် ပြေးလိုက်လာ၏။

မိန်းကလေး၏ ကိုယ်ဖော့ပညာမှာ လွန်စွာအဆင့်မြင့်လှပေသည်။



ထိုမိန်းကလေးမှာ ဂုချန်း၏သမီး ဂုချင်းချင်းပင် ဖြစ်လေသည်။

သို့သော်...

ဝီကျောင်းမှာမူ ထိုမိန်းကလေးကို ဂုချန်း၏သမီး ဂုချင်းချင်းဖြစ်သည်ကို မသိခဲ့ပါချေ။

မြင်းလှည်းအား သူတို့ တစ်ချိန်လုံး စောင့်ရှောက်ပေးခဲ့သဖြင့် သူ့အားတွေ့ရှိလိုက်လျှင် ဂုချင်းချင်းက ရန်ပြုတိုက်ခိုက်လိမ့်မည်မဟုတ်ဟု ဝီကျောင်း ယုံကြည်ထားလေသည်။

ပြေးရင်းလွှားရင်း သူ၏ရင်ထဲ ပျော်ရွှင်သလိုဖြစ်လာလေ၏။ အန္တရာယ်နှင့် ရင်ဆိုင်ရချိန်ဝယ် ပျော်ရွှင်သောစိတ်များ ဖြစ်ပေါ်လာခြင်းကြောင့် ကိုယ့်ကိုကိုယ် အံ့သြနေမိလေသည်။

ထိုစဉ်...

"လိုက်ဟေ့...လိုက်ဟ"

"မလွှတ်စေနဲ့"

"ဝိုင်းထား"

ဩသံပေးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မကြာပါချေ။

မီးရောင်များ ဟိုမှသည်မှ ထွက်ပေါ်လာသည်ကိုတွေ့လိုက်ရလေသည်။

မြို့စားဂေဟာမှ အစောင့်အကြပ်များသည် မီးတုတ်တစ်ဘက် လက်နက်တစ်ဘက်ကိုင်ဆောင်ကာ ပြေးလွှားလာနေကြသည်ကို တွေ့ရ၏။

ယခုမှ ဇီကျောင်း ရင်ထိတ်သွား၏။

သူ့အား ပြေးပေါက်မရှိအောင် ဝိုင်းရံထားလိုက်ကြကြောင်း နားလည်သဘောပေါက်လိုက်လေသည်။

ထို့ကြောင့်...

ပြေးမလွတ်တော့သည့်အတူ သူသည် ခြေလှမ်းကိုရပ်လိုက်လေသည်။

ဂုချင်းချင်းက သူ၏ရှေ့သို့ ချက်ချင်းပင် ရောက်ရှိလာလေတော့သည်။ ရောက်လျှင်ရောက်ချင်း...

"သေပေတော့"

အော်ငေါက်ရင်း တိုက်ခိုက်လိုက်လေသည်။

သူမ၏ တိုက်ခိုက်လိုက်သည့် အရှိန်အဟုန်မှာ ပြင်းထန်လှပေသည်။ ဇီကျောင်း ထိတ်လန့်သွား၏။

"ဟော့..ဘာဖြစ်လို့ သည်လောက်တောင် တိုက်ခိုက်ရတာလဲ"

ဟုအော်ပြောလိုက်၏။ ဂုချင်းချင်း အံ့ဩသွားသည်။

ဇီကျောင်း၏အသံကို သူမက ကောင်းစွာမှတ်မိလိုက်လေသည်။



"ရှင်က ဇီကျောင်း ဟုတ်လား"

မေးရင်း တိုက်ခိုက်မှုကို ရုပ်သိမ်းကာ နောက်ဆုတ်လိုက်လေသည်။

ဇီကျောင်း သက်ပြင်းချလိုက်သည်။

"သိပ်ဟုတ်တာပေါ့ဗျာ၊ ကျုပ်က ဇီကျောင်းပဲ"

ဟုပြောလိုက်၏။

ထိုအချိန်တွင် ဂေဟာမှ အစောင့်အကြပ်များ ရောက်လာကြပြီဖြစ်လေသည်။

အစောင့်များသည် လက်နက်ကိုယ်စီ ဆွဲကိုင်ကာ ဇီကျောင်း ပြေးပေါက်မရှိအောင် ဝိုင်းရံထားလိုက်ကြသည်။

မီးတုတ်များကိုလည်း မြေပေါ်စိုက်ထူထားလိုက်ကြလေသည်။ ထိုအခါ....

ဝန်းကျင်တစ်ခုလုံး နေ့ဘက်နှင့်မခြားအောင် ထိန်ထိန်လင်းသွားလေတော့သည်။

ဇီကျောင်းက ခါးထောက်ရပ်နေ၏။

ဂုချင်းချင်းက သူ့အားမှတ်မိသွားသဖြင့် သဘောကျစွာ ပြုံးနေလေသည်။

ထို့နောက်...

ဂုချင်းချင်းက မျက်မှောင်ကြုတ်ကာ...

"ရှင် ဘာလာလုပ်တာလဲ"

ဟုမေးလိုက်လေသည်။

ဝီကျောင်းက..

"အကြွေးလာတောင်းတာ"

ဟုပြောလိုက်၏။

ဂူချင်းချင်း အံ့ဩသွားသည်။

"ဘာရှင့်"

ဝီကျောင်းက...

"အကြွေးလာတောင်းတာလေ၊ ခင်ဗျားတို့ကို ကျုပ်တို့က ဒုက္ခခံပြီး လိုက်ပို့ပေးရတာ၊ ခင်ဗျားတို့က လိုရာခရီးရောက်တော့ ကျုပ်တို့ကိုထားပစ်ပြီး ထွက်သွားတယ်၊ သည်လိုနဲ့ကျေနပ်ရတော့မှာလားဗျ"

ဂူချင်းချင်း နှာခေါင်းရှုံ့လိုက်ပြီး...

"ရှင် ဘာလိုချင်သလဲ"

ဟုမေးလိုက်၏။

ဝီကျောင်း ရယ်မောလိုက်သည်။

"ဘာလိုချင်သလဲ ဟုတ်လား၊ ကျုပ်ဘာလိုချင်သလဲဆိုတာ ခင်ဗျားက ကိုယ့်ဘာသာကိုယ် မစဉ်းစားတတ်တော့ဘူးလား"

ဂူချင်းချင်းက...

"ရှင်က ငွေလိုချင်လို့လား"

ဝီကျောင်းက ရယ်မောလိုက်လေသည်။



"ဟား..ဟား..ဟား"

သူ၏ရယ်မောသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဂူချင်းချင်းက မကျေမနပ်ဖြစ်သွားလေသည်။

ဝီကျောင်းက ရယ်မောလိုက်ပြီးမှ...

"ငွေ ဟုတ်လား၊ ငွေက ဘာလုပ်ဖို့လဲ"

ဟုပြောလိုက်၏။

ဂူချင်းချင်းက မျက်နှာတင်းလိုက်ပြီး....

"ရှင် ဘာလိုချင်သလဲ ပြောပါ"

ဝီကျောင်း၊ ကျင်းစန်းနှင့် နဂါးလေးတို့သည် အခက်အခဲအန္တရာယ်များကိုရင်ဆိုင်ကာ သူမအား ကူညီခဲ့ကြောင်း နားလည်ထား၏။ ထို့ကြောင့်...

အလျှော့ပေးကာ ဆက်ဆံနေခြင်းဖြစ်၏။

မည်သို့ဆိုစေ သူမ၏ရင်ထဲ၌ ဒေါသမီး စတင်တောက်လောင်နေပြီ ဖြစ်လေသည်။

ဝီကျောင်းက...

"ကျုပ် သူငယ်ချင်းကို လိုချင်တယ်"

ဟုပြောလိုက်သည်။

"ဘာရှင့်"

ဝီကျောင်းက ဆက်ပြောလိုက်သည်။

"ကျုပ် သူငယ်ချင်းကို ပြန်ပေးရမယ်"

ဂူချင်းချင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။ ပြီးမှ...

"ရှင် ဘာတွေလာပြောနေတာလဲ"

ဟုအော်ငေါက်လိုက်လေသည်။

ဝီကျောင်းသည် ကျင်းစန်းအတွက် အချိန်ဆွဲနေခြင်း ဖြစ်ပေသည်။

အစောင့်ကကြပ်များနှင့် ဂူချင်းချင်းကို အချိန်ဆွဲထားနိုင်လျှင် ကျင်းစန်းသည် ဂူချန်းအား သုတ်သင်ရှင်းလင်းရန် အခွင့်အရေးပိုရမည်ဟု ယုံကြည်ထားလေသည်။

ဂူချင်းချင်းကိုကြည့်ကာ...

"ကျုပ် သူငယ်ချင်းလေ၊ ခင်ဗျားတို့ကို ကူညီခဲ့ရလို့ ကျုပ် သူငယ်ချင်း နဂါးလေးသေဆုံးသွားရပြီ၊ ခင်ဗျားတို့ ပြန်လျော်ပေးရမယ်၊ ခင်ဗျားရဲ့ သခင်မလေး ဘယ်မှာလဲ၊ ခေါ်လိုက်စမ်းပါ"

ဟုပြောလိုက်လေ၏။

"ဘာရှင့်"

ဝီကျောင်းက...

"ခင်ဗျားရဲ့ သခင်မလေးကို ခေါ်လိုက်စမ်းပါ"

ဟုပြောလိုက်၏။ ဂူချင်းချင်းက မဲ့ပြုံးပြုံးလိုက်သည်။

ပြီးမှ...

"သခင်မလေးဆိုတာ ကျွန်မပဲ"



ဟု တိကျပြတ်သားသောလေသံဖြင့် ဝီကျောင်းကို ပြောလိုက်လေသည်။

"ဘာဗျ"

ဝီကျောင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ဂူချင်းချင်းကို မျက်လုံးပြူးကြီးဖြင့် ကြည့်မိ၏။

ဂူချင်းချင်းက...

"ချင်းယဉ်ကော မြင်းလှည်းထဲမှာ လိုက်လာတဲ့ မိန်းကလေးကော တစ်ယောက်မှ သခင်မလေးမဟုတ်ဘူး၊ တကယ့် သခင်မလေးအစစ်က ကျွန်မပဲ"

ဟုပြောသည်။

"ခင်..ခင်ဗျား"

ဝီကျောင်း အံ့ဩလွန်းသဖြင့် စကား အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသည်။

ဂူချင်းချင်းက မြေပေါ်သို့ ခြေတစ်ချက်ဆောင့်လိုက်လေသည်။

"ရှင်တို့တွေဟာ စေတနာသက်သက်နဲ့ နေဝန်းအာမခံဌာနကို ကူညီခဲ့ကြတာ မဟုတ်ဘူး၊ ဒါကို ကျွန်မသိတယ်၊ ရှင်တို့မှာ အကြံအစည်ရှိနေတယ်၊ ရှင်တို့ကိုယ်တိုင်က မိုးကြိုးဓားကို လိုချင်နေကြတယ်ဆိုတာ ကျွန်မသိတယ်"

ဟုပြောလိုက်လေသည်။

ဝီကျောင်း၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားလေတော့သည်။

အခြေအနေမဟန်မှန်းလည်း နားလည်သဘောပေါက်သွားလေသည်။

သူက သာမန်မြင်းလှည်းမောင်းသမားဟု ထင်မှတ်ခဲ့သည့် မိန်းကလေးမှာ ကျင်းစန်း၏ရန်သူတော်ကြီးဂူချန်း၏သမီး ဖြစ်နေသည် မဟုတ်ပါလား။

ဝီကျောင်းက နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်လေသည်။ ထိုစဉ်...

ဂူချင်းချင်းက...

"ကဲ..ပြောစမ်း၊ ရှင့်သူငယ်ချင်း ကျင်းစန်းကော၊ ဘယ်မှာလဲ"

ဟုငေါက်လိုက်လေသည်။

ဝီကျောင်း ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး မိုးကြိုးဓားကို လိုချင်မှတော့ သည်လိုအပင်ပန်းခံလာပြီး ခိုးယူစရာမလိုပါဘူး၊ လမ်းခရီးမှာကတည်းက ယူဖို့ကြိုးစားတော့မှာပေါ့"

ဟုပြောလိုက်၏။

ထိုစကားကြောင့် ဂူချင်းချင်း ငိုင်သွား၏။

ဝီကျောင်းပြောသည့်စကားမှာ သဘာဝကျနေသည်



မဟုတ်ပါလား။

ဝီကျောင်းကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး...

"ညကြီးအချိန်မတော် သည်ကို ရှင်ဘာလာလုပ်တာလဲ ပြောစမ်း"

ဟုမေးလိုက်၏။

ဝီကျောင်းသည် ဂူချင်းချင်းကိုကြည့်ကာ လှောင်ပြောင်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

နဂိုကပင် ဂူချင်းချင်း၏ အေးတိအေးစက်နိုင်လှသော အပြုအမူများကို သဘောမကျဖြစ်ခဲ့ရသည် မဟုတ်ပါလား။

ထို့ကြောင့်...

သူက ဂူချင်းချင်းကို သေသေချာချာကြည့်လိုက်ပြီး...

"ကောင်းပြီလေ၊ ခင်ဗျားက မရမကမေးတော့လည်း ပြောပြရတော့မှာပေါ့၊ ရှင်းရှင်းပြောရရင် ကျုပ်သူငယ်ချင်းရဲ့ ဝေဒနာကြောင့် မလာချင်ဘဲလာခဲ့ရတာဗျ"

ဟုပြောလိုက်၏။ ဂူချင်းချင်းက...

"ရှင့်သူငယ်ချင်းရဲ့ ဝေဒနာကြောင့် ဟုတ်လား"

ဝီကျောင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဂူချင်းချင်းက...

"ပြောစမ်းပါဦး"

"သူက လမ်းခရီးတလျှောက်လုံး တွေ့မြင်ခဲ့ရတာမို့ မြင်းလှည်းမောင်းတဲ့ မိန်းကလေးကို တစ်ဘက်သတ်မေတ္တာသက်ဝင်နေမိတယ်လေ၊ ဒါကြောင့် ကျုပ်က"

"ရှင့်ပါးစပ်ကို ပိတ်ထားစမ်း"

ဝီကျောင်း၏စကားမဆုံးမီ ဂူချင်းချင်းက ကြားဖြတ်အော်ငေါက်လိုက်သည်။ သို့သော်..

ဝီကျောင်းက ရပ်မသွားဘဲ...

"ခင်ဗျားကို မြင်းလှည်းမောင်းတဲ့ မိန်းကလေးလို့ သူကထင်နေတာဗျ၊ ခင်ဗျားဟာ သခင်မလေးဖြစ်နေတယ်ဆိုတာကိုသာ သူကသိသွားခဲ့ရင် သူကတော့ စိတ်ဓာတ်အကြီးအကျယ် ကျဆင်းသွားမှာပဲ"

ဟုပြောလိုက်သည်။

ပြီးလျှင် သဘောကျစွာ ပြုံးနေသည်။

ဂူချင်းချင်း၏မျက်နှာ နီရဲသွားလေသည်။

အဘယ်ကြောင့်ဆိုသော် မေတ္တာတရားနှင့်ပတ်သက်ပြီး သူမ၏ဘဝ တစ်သက်တာတွင် ပထမဆုံးအကြိမ် ကြားလိုက်ရခြင်းဖြစ်လေသည်။

ထို့ကြောင့်...

သူမ မျက်နှာတစ်ခုလုံး ထူပူသွားပြီး မည်သို့ပြန်ပြောရမှန်းမသိဖြစ်သွား၏။



သို့ပါသော်လည်း ခက်ထန်သူဝီဝီ ချက်ချင်းကိုယ့်ကိုကိုယ် ထိန်းသိမ်းနိုင်ခဲ့လေသည်။

တဆက်တည်းပင် ဝီကျောင်းက သူမအားပြောသည့် စကားများမှာလည်း ဟိုရောက်သည်ရောက် အဆက်အစပ်မရှိဖြစ်နေသည်ကိုလည်း သူမက သတိပြုမိလိုက်လေသည်။

ဝီကျောင်းက အဖြစ်မှန်ကို ဖုံးကွယ်လိုသည်။

ထို့ကြောင့် သူက ပါးစပ်ထဲတွေ့ရာ လျှောက်ပြောနေခြင်းဖြစ်ကြောင်း နားလည်လာသည်။

သူမ ရှက်သွားပြီး သူမ၏မျက်နှာ ခက်ထန်တင်းမာသွားသည်။ ဝီကျောင်းအား အေးစက်စက်ကြည့်ကာ....

"ရှင် ကျွန်မကို မလိမ်နဲ့၊ ရှင် သည်ကိုဘာလာလုပ်တာလဲ ပြောစမ်း"

ဟုမေးလိုက်သည်။

ထို့နောက်...

ရှေ့သို့လည်း ခြေတစ်လှမ်း တိုးလိုက်လေသည်။

သူမ၏ခက်ထန်သော မျက်နှာနှင့် အေးစက်သောစကားသံတို့ကို ကြားလိုက်ရသောအခါ သူ၏ကြိုးစားမှုများ အချည်းနှီးဖြစ်သွားပြီဟု ဝီကျောင်းက နားလည်မိလေသည်။

ကျင်းစန်းသည် သူနှင့်လမ်းခွဲကာ ဂူချန်းအား သုတ်သင်ရှင်းလင်းရန် အဆောက်အအုံတွင်းသို့ ဝင်သွားခဲ့ပြီဖြစ်သည်။

ဝင်သွားသည်မှာ အချိန်အတော်ကြာလှပြီ ဖြစ်လေသည်။

ဤအချိန်မျှလောက်ဆိုလျှင် ထူးခြားမှုတစ်ခုခု ဖြစ်လာမည် ဖြစ်သည်။

သို့သော်...

ယခုတိုင် ကျင်းစန်းနှင့်ပတ်သက်ပြီး ထူးခြားမှုကို မတွေ့ရ သေးချေ။

ကျင်းစန်းကသာ ဂူချန်းအား သုတ်သင်ရှင်းလင်းပစ်လိုက်ပြီ ဆိုလျှင် ချက်ချင်းပင် မြို့စားဂေဟာကြီးတစ်ခုလုံးတွင် အုတ်အော် သောင်းနင်းဖြစ်သွားမည်ကိုလည်း ဝီကျောင်းက ကောင်းစွာနားလည် ထားလေသည်။ ယခု...

ကျင်းစန်းသည် သူ၏ရည်ရွယ်ချက်အတိုင်း ဂူချန်းအား အောင်မြင်စွာ မသတ်နိုင်သေးကြောင်း ထင်ရှားလှပေသည်။

ထိုအခါ ဝီကျောင်းမှာ မည်သို့ပြုလုပ်ရမှန်းမသိ ဖြစ်သွား သည်။

သူသည် စဉ်းစားရခက်စွာဖြင့် ဂူချင်းချင်းကိုကြည့်လိုက်လေ သည်။

ဂူချင်းချင်းသည် သူ့အား အေးစက်စွာကြည့်နေသည်ကို တွေ့ရလေသည်။ နှုတ်မှလည်း ခက်ထန်စွာဖြင့်...

"ပြောစမ်း၊ ဝီကျောင်း ရှင် သည်နေရာကို ဘာလာလုပ်တာ လဲ"



ဟုမေးလေ၏။

သူမသည် ဝီကျောင်းမှာ လျှို့ဝှက်သောကိစ္စတစ်ခုခုရှိနေ သည်ကို ရိပ်မိသောကြောင့် ခက်ထန်စွာ မေးလိုက်ခြင်းဖြစ်သည်။

ဝီကျောင်း သက်ပြင်းချလိုက်၏။

သူသည် ဂူချင်းချင်းတို့အား အချိန်ဆွဲနိုင်တော့မည် မဟုတ် ကြောင်းနားလည်လိုက်သည်။

ထို့ကြောင့် ဂူချင်းချင်းအားကြည့်ကာ...

"ကျုပ်ပြောတာကို ခင်ဗျားမယုံရင် ကျုပ်ဘယ်တတ်နိုင် မလဲ၊ ကဲ ကျုပ်သွားတော့မယ်"

ဟုပြောလိုက်သည်။

တဆက်တည်းပင် လှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေ သည်။ ဂူချင်းချင်းက...

"ရပ်လိုက်"

ဟုဟန့်တားလိုက်၏။

ဝီကျောင်းက...

"ခင်ဗျား ဘာပြောမလို့လဲ"

ဟုမေးလိုက်၏။

ဂူချင်းချင်း မဲ့ပြုံးပြုံးကာ...

"ရှင် သည်ကထွက်သွားဖို့ ကျွန်မ ခွင့်မပြုဘူး"

ဟုပြောလာ၏။

ဝီကျောင်း ဒေါပွသွား၏။

"ဘာဗျ"

ဂူချင်းချင်းက…

"ရှင်ဟာ မိုးကြိုးဓားအတွက် လာခဲ့တယ်ဆိုတာ ကျွန်မသိတယ်"

ဟုပြော၏။ ထို့အပြင်…

သူမ၏မျက်လုံးအစုံက ဝီကျောင်းကို အကဲခတ်ကြည့်လိုက်လေသည်။

ဝီကျောင်းက သူမပြောသည့်စကားကို ငြိမ်သက်စွာ နားထောင်နေ၏။

ဂူချင်းချင်းက စကားဆက်လိုက်၏။

"ဒါကြောင့် ရှင်တို့မှာ ဘယ်လိုအကြံအစည်တွေ ရှိတယ်၊ ဘာကြောင့် သည်နေရာကို လာခဲ့တယ်ဆိုတာ အမှန်အတိုင်း မပြောရင် ပြန်မလွှတ်နိုင်ဘူး"

ဟုပြော၏။

ဝီကျောင်းက ပြုံးလိုက်သည်။

တိုက်ခိုက်ခြင်း မပြုဘဲ ထွက်သွား၍ ရမည် မဟုတ်ကြောင်း နားလည်လိုက်သည်။

ဂူချင်းချင်း၏သိုင်းပညာ မခေသည်ကိုလည်း သူက သိထားရာ ပေါ့ပေါ့ဆဆ သဘောမထားရဲပါချေ။



ခါးမှ ရဲတင်းကို ဖြုတ်ယူလိုက်ပြီး…

"ခင်ဗျားကလဲ မလွှတ်နိုင်ဘူး၊ ကျုပ်ကလဲ သွားချင်တယ်၊ သည်တော့ ခင်ဗျားနဲ့ ကျုပ် တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ကြဖို့ပဲ ကျန်တော့ပါတယ်"

ဟုပြောလိုက်သည်။

ဂူချင်းချင်းက မဲ့ပြုံးပြုံးလိုက်သည်။

ပြီးလျှင်…

"ရှင့်ရဲ့သိုင်းပညာဟာ မဆိုးပါဘူး၊ ဒါပေမယ့် ကျွန်မကို ရှင်လွယ်လွယ်နဲ့ သတ်နိုင်မှာတော့ မဟုတ်ဘူး"

ဟုပြောလိုက်၏။

သူမသည် သူမကိုယ်ကို ယုံကြည်ဟန်အပြည့် ရှိနေလေသည်။

သူမ၏သိုင်းပညာကိုလည်း ကောင်းစွာ စိတ်ချထားပုံရသည်။ ဝီကျောင်းသည် သူမ၏ပုံစံကို သဘောမကျနိုင်ပါချေ။

ထို့ကြောင့်…

ဂူချင်းချင်းအား အေးစက်စက်ဖြင့် စိုက်ကြည့်လိုက်လေသည်။

ပြီးလျှင် သွားကြားထဲမှ ထွက်သော လေသံဖြင့်…

"ခင်ဗျား ကိုယ့်ကိုကိုယ် သည်လောက်တောင်လဲ အထင်ကြီး မနေစမ်းပါနဲ့ဗျာ"

ဟုပြောလိုက်၏။

ဂူချင်းချင်းက အံကြိတ်လိုက်၏။

ပြီးမှ...

"ကောင်းပြီလေ၊ ရှင်က လက်တွေ့ သိရတော့မှာပါ"

ဟုပြောယင်း တိုက်ခိုက်ရန် ချက်ချင်း ဟန်ပြင်လိုက်လေသည်။

ဝီကျောင်းကလည်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်...

"ဝုန်း"

"အား"

အဆောက်အအုံအတွင်းမှ အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထိုအသံကြောင့် ဂူချင်းချင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

တဆက်တည်းပင် အော်ဟစ်သံသည် ဖခင်၏အသံ ဖြစ်ကြောင်းကိုလည်း ဂူချင်းချင်းက နားလည်လိုက်လေသည်။

ထိုအခါ...

သူမ၏ရင်ထဲမှ ဒေါသမီးဟုန်းခနဲ တောက်လောင်လာလေသည်။ ဝီကျောင်းကို စိုက်ကြည့်ကာ...

"လက်စသတ်တော့ ရှင်က ကျွန်မကို အချိန်ဆွဲနေတာကိုး



သေပေတော့"

အော်ငေါက်ရင်း ဝီကျောင်းအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

ဝီကျောင်းက ရှောင်တိမ်းပေးလိုက်၏။

သို့သော်...

ဂူချင်းချင်း၏တိုက်ခိုက်မှုက ပြင်းထန်လွန်းရကား ရှောင်မလွတ်မှန်း ရိပ်မိလိုက်၏။

ထို့ကြောင့် ရဲတင်းကို ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်...

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

ဝီကျောင်းက မသဲမကွဲ ညည်းညူကာ နောက်ဆုတ်လိုက်ရ၏။ ဂူချင်းချင်းကိုလည်း မယုံကြည်နိုင်စွာ ကြည့်လိုက်မိ၏။

ဂူချင်းချင်းက...

"သည်တစ်ခါ ရှောင်နိုင်ရင် ရှောင်ပေတော့"

ဟုအော်ငေါက်လိုက်ရင်း ဝီကျောင်းအား ထပ်မံတိုက်ခိုက်လိုက်လေ၏။

ယခုတစ်ကြိမ် သူမ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်

ကောင်းလောက်အောင် ပြင်းထန်လွန်းလှပေသည်။

ဝီကျောင်း အံတင်းတင်းကြိတ်လိုက်သည်။

အတွင်းအားကို စုစည်းကာ ရဲထင်းဝေ့ယမ်းယင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက် တိုက်ခိုက်နေစဉ်မှာပင် လူရိပ်တစ်ခု ရိပ်ခနဲ ပြေးဝင်လာလေ၏။

ထိုလူရိပ်သည် ဂူချင်းချင်းနှင့် ရင်ဆိုင်နေသည့် ဝီကျောင်းအား တိုက်ခိုက်လိုက်လေတော့သည်။

ဝီကျောင်း ထိတ်လန့်သွားသည်။

ဂူချင်းချင်းနှင့် ရင်ဆိုင်နေရသည် ဖြစ်ရာ အလစ်ဝင် တိုက်ခိုက်လာမှုအား ခုခံနိုင်ခြင်း မရှိသလို ရှောင်တိမ်းနိုင်ခြင်းလည်း မရှိတော့ချေ။

"ဝုန်း"

"အား"

ဝီကျောင်း စူးရှစွာ အော်ဟစ်လိုက်ပြီး ဒူးကွေးညွတ်ကာ လဲကျသွား၏။

ထိုစဉ်မှာပင် ဂူချင်းချင်း၏လက်ဝါးရိုက်ချက်သည် အရှိန်သတ်၍ မရတော့ဘဲ ဦးခေါင်းပေါ်သို့ ကျရောက်သွားလေတော့သည်။ ဝီကျောင်းမှာ အသံပင် မထွက်နိုင်တော့ဘဲ မြေပေါ်လဲကျသွား၏။



သူ၏လက်ထဲမှ လွတ်ထွက်လာသည့် ရဲထင်းမှာ ဂူချင်းချင်းထံ ပစ်လွင့်သွားရာ ဂူချင်းချင်းက ဖမ်းယူထားလိုက်ပြီး နောက်ဆုတ်လိုက်၏။

ဂူချင်းချင်း စိတ်လှုပ်ရှားသွား၏။

ဝီကျောင်းကား မြေပေါ် မလှုပ်မယှက်လှဲကာ သေဆုံးနေပြီ ဖြစ်၏။

သူမသည် အလစ်ဝင်ရောက် တိုက်ခိုက်လိုက်သူကို ကြည့်လိုက်၏။ ထိုအခါ…

အို့ရန်စန်း ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

အို့ရန်စန်းက သူမအား ပြုံးပြလိုက်ပြီး…

"သူ့ကို စကားပြောဖို့ အခွင့်အရေးပေးနေတာထက် ပြတ်ပြတ်သားသား ရှင်းပစ်လိုက်တာ အကောင်းဆုံးပဲလို့ ကျုပ်ထင်တယ်"

ဟုပြောလိုက်လေသည်။

ဂူချင်းချင်း မကျေမနပ် ဖြစ်သွား၏။

သို့သော်…

ဘာမျှမပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွား၏။

သူမသည် ဖခင်ဖြစ်သူ ကျန်ရစ်ခဲ့သည့် အခန်းဆီသို့ ပြေးလွှားသွားလေတော့သည်။

➢ ➢ ➢

ကျောင်းစန်း ထွက်သွားပြီ ဖြစ်လေသည်။

ဂူချန်းသည် ကြမ်းပြင်ပေါ်မှ အားယူ၍ ထလိုက်လေသည်။

သူ၏လက်တစ်ဘက် တွဲလောင်းကျနေ၏။

ကျောင်းစန်း၏ကြေးစုတ်တံ ရိုက်ချက်ကြောင့် ပခုံးရိုးများ ကျိုးပဲ့ကြေမွသွားပြီ ဖြစ်သည်။

ထို့ကြောင့်...

သူ၏လက်တစ်ဘက်မှာ မည်သို့မျှ အသုံးပြုနိုင်တော့မည် မဟုတ်ပါ။

သူက မိုးကြိုးဓားကို မျှော်လင့်ချက်ကြီးစွာ ခိုးယူခဲ့ပြီး နှစ်ပေါင်းများစွာ လေ့ကျင့်ခဲ့သည်။

ယခုမူ သူ၏သားအရွယ် လူရွယ်လေးတစ်ယောက်၏ လက်ချက်ဖြင့် မရှုမလှ ရှုံးနိမ့်ခဲ့ရပြီ မဟုတ်ပါလား။

မိုးကြိုးဓားရလျှင် သိုင်းလောကဝယ် မည်သူ့ကိုမှ အရေးစိုက်စရာမလိုဘဲ လက်မ,ထောင်နိုင်သည်ဆိုခြင်းမှာ မှန်ကန်ပါ၏လော။

သိုင်းပညာသည်လည်းကောင်း၊ လက်နက်များသည်လည်းကောင်း၊ ပဓာန မကျဘဲ လူသာလျှင် ပဓာနကျကြောင်း ပထမဦးဆုံး အကြိမ် နားလည်သဘောပေါက်လာလေသည်။

သို့သော်...

သူ၏အသိ နောက်ကျခဲ့ပြီ မဟုတ်ပါလား။



ဂူချန်း အံကို တင်းတင်းကြိတ်လိုက်သည်။

ဝေဒနာမှာ ပြင်းထန်စွာ နာကျင်နေလေသည်။

သူ၏ဘဝနှင့်ရင်းပြီး ရယူလာခဲ့သည့် မိုးကြိုးဓားကို လွယ်လွယ်ကူကူ အဆုံးရှုံးမခံနိုင်ဟု တွေးမိပြန်သည်။

မိုးကြိုးဓားသည် သူ၏သမီး ဂူချင်းချင်းအတွက်ပင် ဖြစ်ရပေမည်။

ဂူချန်းက တုရှောင်ထင်းကို လှမ်းကြည့်လိုက်သည်။

တုရှောင်ထင်းက သူ့အားကြည့်နေသည်။

တုရှောင်ထင်း၏မျက်ဝန်းအစုံဝယ် ထူးခြားသည့်အရိပ်အယောင်များ ထွက်ပေါ်နေသည်ဟုပင် ထင်မှတ်မိလေသည်။

"ကျုပ်ကို ကူညီတာ ကျေးဇူးတင်ပါတယ်ဗျာ"

ဂူချန်းက အားတင်းကာ ပြောလိုက်လေသည်။

တုရှောင်ထင်းလည်း ယခုမှ သတိဝင်လာဟန်ရှိသည်။

နှစ်လိုဖွယ် ပြုံးလိုက်ပြီး...

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်က အိမ်ရှင်ပဲ၊ ကျုပ်အိမ်ထဲမှာ အခုလိုဖြစ်သွားရတဲ့အတွက် ကျုပ်မှာ တာဝန်ရှိပါတယ်၊ ကျုပ်က တောင်းပန်ရဦးမှာပါ၊ မိတ်ဆွေ ဘယ်လိုနေသေးသလဲ"

ပြောပြောဆိုဆို ဖေးမရန် အနီးသို့ချဉ်းကပ်လာလေသည်။

ဂူချန်းက ကြမ်းပြင်ပေါ်တွင် မတ်တတ်ရပ်နေနိုင်အောင်ပင် မနည်းထိန်းထားရလေသည်။

မြို့စားကြီး တုရှောင်ထင်းက ဖေးမလိုက်သဖြင့်...

"ကျေးဇူးပါပဲဗျာ"

ဂူချန်းက ပြောလိုက်၏။

သို့သော် ကြာကြာ ကျေးဇူးမတင်လိုက်ရပါ။

တုရှောင်ထင်းသည် ဖေးမရန်ဟန်ပြင်ပြီးမှ လျှပ်တပြက် လှုပ်ရှားလိုက်သည်။

သူသည် ဂူချန်း၏လက်ထဲမှ မိုးကြိုးဓားကို ဖျတ်ခနဲဆွဲယူ လိုက်သည်။

ထို့နောက် ဂူချန်းအား ပြန်လည်ရိုက်ချလိုက်လေသည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ဂူချန်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

တုရှောင်ထင်းကိုကြည့်ကာ...

"ခင်...ခင်ဗျား ဘယ်လိုလုပ်လိုက်.."

စကားဆုံးအောင် မပြောလိုက်ရချေ။

မိုးကြိုးဓားသည် သူ၏ရင်ဝကို ထိုးဖောက်စိုက်ဝင်သွားသ ဖြင့်...

"အား"

စူးရှစွာအော်ဟစ်ရင်း ကြမ်းပြင်ပေါ်သို့ ဒူးထောက်ကျသွား ၏။ တုရှောင်ထင်း ပြုံးလိုက်၏။

"ခင်ဗျားကို သိုင်းလောကတစ်ခုလုံးက အာရုံစိုက်နေကြ



တယ်ဆိုတာ ကျုပ်သိလျှက်နဲ့ လက်ခံထားလိုက်ရင် ပြဿနာကို ဖိတ် ခေါ်လိုက်သလို ဖြစ်နေမှာပေါ့ဗျာ၊ ခင်ဗျားထက် မိုးကြိုးဓားကပိုပြီး တန်ဖိုးရှိတယ်ဆိုတာ ကျုပ်သိတယ်လေ၊ မိုးကြိုးဓားကို ရနိုင်မှတော့ ခင်ဗျားကို လောကပေါ်မှာထားနေလို့လည်း အပိုပဲ"

ဟုပြောလိုက်၏။ ဂူချန်း အံတင်းတင်းကြိတ်လိုက်သည်။

"ခင်ဗျားက လူယုတ်မာပဲ"

အော်ငေါက်ယင်း ရှိသမျှအင်အား ဖျစ်ညှစ်ထုတ်ကာ တု ရှောင်ထင်းအား ခုန်အုပ်လိုက်လေသည်။

တုရှောင်ထင်း ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားက ဘာတတ်နိုင်ဦးမှာလဲ"

ပြောယင်း သူက လုယူထားသည့် မိုးကြိုးဓားကို ဝှေ့ယမ်း လိုက်လေသည်။ ဓားရောင်က ဝင်းလက်သွားသည်။

မိုးကြိုးဓားသည် ဂူချန်း၏ရင်ဝကို ဒုတိယအကြိမ် ထိုး ဖောက်စိုက်ဝင်သွားလေသည်။

"အား"

ဂူချန်း စူးရှစွာ အော်ဟစ်လိုက်သည်။

ယခုတစ်ကြိမ် သူက လုံးဝမဟန်နိုင်တော့ပါချေ။

တိုက်ခိုက်ခြင်းလည်း မပြုနိုင်တော့ချေ။

မျက်လုံးကြီးများ ပြူးထွက်လာသည်။

တုရှောင်ထင်းကို လက်ညှိုးငေါက်ငေါက်ထိုးကာ...

"မင်း"

တုရှောင်ထင်းက အေးတိအေးစက် ကြည့်ယင်းခါးကို ပြန်လည်ဆွဲနှုတ်လိုက်၏။

"ဝုန်း"

ဝူချန်းက ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားလေသည်။

ထိုငြိမှာပင်...

"ဖေဖေ"

ဝူချင်းချင်းက အခန်းတွင်းသို့ ခုန်ဝင်လာလေတော့သည်။

➤ ➤ ➤

"ဖေဖေ"

ဝူချင်းချင်း၏ခေါ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ တုရှောင်ထင်း မျက်နှာပျက်သွားသည်။

နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပြီး မိုးကြိုးဓားကို နောက်ကျောတွင် ဝှက်ထားလိုက်လေသည်။

"ဖေဖေ ဘယ်လိုဖြစ်ရတာလဲ ဖေဖေရယ်"

ဝူချင်းချင်းက မချိတင်ကဲပြောရင်း ဖခင်ဖြစ်သူအား ပြေး၍ ပွေ့ဖက်လိုက်လေသည်။



ဝူချန်းကား သူမ၏စကားကို ကြားနိုင်တော့မည် မဟုတ်ပါချေ။

ဝူချင်းချင်းသည် ဖခင်ဖြစ်သူအား ပွေ့ဖက်၍ငိုကြွေးလိုက်လေသည်။

တုရှောင်ထင်းက နောက်သို့ဆုတ်ကာ မလှုပ်မယှက်ရပ်နေ၏။ ဝူချင်းချင်း ခေါင်းထောင်လာသည်။

နီရဲသော မျက်လုံးများဖြင့် တုရှောင်ထင်းကိုကြည့်ကာ...

"ကျွန်မဖေဖေကို ဘယ်သူတိုက်ခိုက်လိုက်တာလဲ၊ ပြောပါ"

ဟုမေးလိုက်လေသည်။

သူမ၏စကားသံ ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်နေ၏။ တုရှောင်ထင်း ထိတ်လန့်သွား၏။

"ဟို...ဟို"

"ဘယ်သူလဲ"

"သူ..သူ ထွက်ပြေးသွားပြီ"

"ဘာရှင့်"

"ကျုပ်..ကျုပ်ရောက်လာတော့ သူထွက်ပြေးသွားပြီ"

"ကျွန်မဖေဖေကို လုပ်ကြံသွားတဲ့လူကို ရှင်တွေ့လိုက်တယ်ဟုတ်လား"

"ဟုတ်တယ်၊ သူက မိုးကြိုးဓားကိုယူပြီး ပြေးထွက်သွားပြီ"

တုရှောင်ထင်းက ခပ်တည်တည် လိမ်ပြောလိုက်သည်။

ဂူချင်းချင်းမှာမူ ထူပူနေသည်မို့ တုရောင်ထင်းက မိုးကြိုးဓားဝှက်ထားသည်ကို မမြင်မိချေ။

တုရောင်ထင်းပြောစကားကို ယုံကြည်မိလေသည်။

တုရောင်ထင်းက...

"သူထွက်ပြေးသွားပြီ၊ ကျုပ်လည်း အမှတ်တမဲ့မို့ ငေးကြည့်နေ.."

သူ၏စကားဆုံးအောင် ဂူချင်းချင်းက နားမထောင်တော့ပါချေ။ စူးရှသောအသံ တစ်ချက်ပြုလိုက်သည်။

ထို့နောက်..

အခန်းအပြင်သို့ ပြေးထွက်သွားလေတော့သည်။

➤ ➤ ➤

"အောက်..အီးအီးအွတ်"

အဝေးမှ ကြက်တွန်သံများ ထွက်ပေါ်လာသည်။

အရှေ့ဘက်ဆီဝယ် ရောင်နီများ ထွက်ပေါ်လာပြီဖြစ်လေသည်။ မကြာမီ မိုးစင်စင်လင်းပေတော့မည်။

မိုးလင်းလုလုအချိန်ဝယ် ကျင်းစန်းသည် တောင်ကုန်းပေါ်သို့ ရောက်ရှိလာလေသည်။

ဝီကျောင်း ကြိုတင်ရောက်ရှိနေလိမ့်မည်ဟု ထင်မိလေ



သည်။ သို့သော်...

တောင်ကုန်းပေါ်ရောက်သည့်တိုင် ဝီကျောင်းအား မတွေ့ရပါချေ။

"ဝီကျောင်း..ဝီကျောင်း"

ကျင်းစန်းက အော်ဟစ်လိုက်လေသည်။သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

သို့သော် တုန့်ပြန်သံ မကြားရချေ။

တောင်ကုန်းပေါ်ဝယ် လူသူကင်းရှင်းနေ၏။

ကျင်းစန်း မျက်မှောင်ကြုတ်သွား၏။

ပတ်ဝန်းကျင်ဝယ် လိုက်လံရှာဖွေကြည့်ပါသော်လည်း ဝီကျောင်းအား မတွေ့ရချေ။

"ဝီကျောင်း မရောက်သေးပါလား"

ဟုလွတ်ခနဲ ညည်းညူမိလိုက်လေသည်။

ဝီကျောင်း အဘယ်ကြောင့် ပြန်မရောက်သေးပါသနည်း။

အမှန်ဆိုလျှင် ဝီကျောင်းသည် သူ့ထက်အရင် ရောက်လာသင့်သည် မဟုတ်ပါလား။

ကျင်းစန်း ရင်ထိတ်သွား၏။

"ဝီကျောင်း တစ်ခုခုများ ဖြစ်နေပြီလား"

တွေးရင်း မြို့ကလေးရှိရာဘက်သို့ လှမ်းကြည့်လိုက်မိ၏။

ထိုစဉ် တောင်ကုန်းပေါ်သို့ လူရိပ်တစ်ခု ပြေးတက်လာ

သည်ကို တွေ့မြင်လိုက်ရလေသည်။

ကျောင်းစန်း၏ရင်ထဲ လှုပ်ရှားသွား၏။

"ဝိကျောင်း"

ဟုခေါ်လိုက်၏။

သို့သော် တောင်ကုန်းပေါ်သို့ ပြေးတက်လာသူမှာ ဝိကျောင်း မဟုတ်ပါချေ။

ပြေးတက်လာသူသည် မိန်းကလေးတစ်ယောက် ဖြစ်နေလေသည်။

ကျောင်းစန်း မျက်မှောင်ကြုတ်သွားပြီး သေသေချာချာကြည့်လိုက်သောအခါ ထိုမိန်းကလေးမှာ မြင်းလှည်းမောင်းသည့် မိန်းကလေးဖြစ်နေသည်ကို တွေ့ရလေသည်။

"မြင်းလှည်းမောင်းတဲ့ မိန်းကလေးပါလား"

ထိုမိန်းကလေးသည် ဂူချန်း၏သမီး ဂူချင်းချင်းဖြစ်သည်ကို သူ မသိချေ။

ဂူချင်းချင်းကား ပြေးလွှားလာရင်း သူ၏အနီးသို့ ရောက်လာပြီဖြစ်သည်။

ဂူချင်းချင်း၏မျက်နှာ ခက်ထန်တင်းမာနေ၏။

ကျောင်းစန်းက...

"မင်းက ဘယ်လိုလုပ်ပြီး သည်ကိုရောက်လာတာလဲ၊ ဝိကျောင်းကော"



ဟုမေးလိုက်သည်။

ဂူချင်းချင်း အံကြိတ်လိုက်သည်။

"ရှင်ဖြစ်မယ်လို့ ကျွန်မ ထင်သားပဲ၊ သေပေတော့"

အော်ငေါက်ရင်း တရကြမ်း ကျောင်းစန်းအား တိုက်ခိုက်လိုက်လေသည်။

ကျောင်းစန်း ထိတ်လန့်သွား၏။

ကပျာကယာ နောက်ဆုတ်ရှောင်တိမ်းလိုက်ရလေသည်။

"ဟေ့..ဟေ့..မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ဂူချင်းချင်းက အံကိုတင်းတင်းကြိတ်ကာ ဆက်၍တိုက်ခိုက်လိုက်လေသည်။

သူမ၏တိုက်ခိုက်မှုကြောင့် လေတိုးသံ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေ၏။

"မင်း ဘယ်လို လုပ်လိုက်တာလဲ"

ကျောင်းစန်း မကျေမနပ် အော်ပြောလိုက်၏။

ဂူချင်းချင်းက ဘာမှမပြောဘဲ အံကိုတင်းတင်းကြိတ်ကာ တိုက်ခိုက်နေပါသည်။

သူမ၏ဖခင်အား လုပ်ကြံသွားသူမှာ ကျောင်းစန်းဖြစ်ရမည် ဟုယုံကြည်ထားလေသည်။

ကျောင်းစန်းက...

"မင်း ဆက်ပြီးတိုက်ခိုက်နေမယ်ဆိုရင် ကျုပ်က တုန့်ပြန်

ရလိမ့်မယ်"

ဟုအော်ပြောလိုက်သည်။

ဂူချင်းချင်းအား မည်သို့မျှ တားဆီး၍ရမည်မဟုတ်သည်ကို သူ မသိခဲ့ပါတကား။

သူမ၏တိုက်ခိုက်မှုသည် ပို၍ပြင်းထန်လာသည်။

ကျင်းစန်းမှာ ရှောင်တိမ်းနေသော်လည်း ကြာကြာရှောင်၍ လွတ်မည်မဟုတ်ကြောင်း နားလည်မိ၏။

ထို့ကြောင့်...

လက်နှစ်ဘက်ဝှေ့ယမ်းကာ ပြန်လည်ခုခံတိုက်ခိုက်လိုက်လေသည်။ သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်...

"ဝုန်း"

ကျယ်လောင်သောအသံ တစ်ချက်ထွက်ပေါ်လာလေ၏။

နှစ်ယောက်သား နောက်သို့ခြေတစ်လှမ်းစီ ပြိုင်တူဆုတ်လိုက်ကြရ၏။

ဂူချင်းချင်း ဒေါပွသွားသည်။

ကျင်းစန်းက၏သိုင်းပညာ မခေသည်ကို နားလည်ထားပြီး ဖြစ်သည်။

ကျင်းစန်းက ထက်မြက်သော သိုင်းပညာရှိနေသဖြင့် ဖခင် ဖြစ်သူကိုပင် လုပ်ကြံသွားနိုင်သည်ဟုတွေးကာ ဒေါသထွက်နေလေသည်။



သူမသည် ခန္ဓာကိုယ် ချာခနဲလှည့်လိုက်ပြီး မွှတ်နေအောင် လည်နေသည့် ဂျင်ကလေးတစ်လုံးသဖွယ် ကျင်းစန်းအနီးသို့ တိုးကပ် သွားလေသည်။

သူမ၏ထူးခြားသော လှုပ်ရှားမှုကြောင့် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ဂူချင်းချင်းကို မျက်လုံးပြူးကာ ကြည့်လိုက်မိသည်။

ထိုအချိန်မှာပင် ဂူချင်းချင်းသည် သူ၏အနီးသို့ရောက်လာ ပြီး ခြေတစ်ဘက်ဆန့်ထုတ်လိုက်ရာ...

"ဝုန်း"

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာပြီး ကျင်း စန်း အနောက်ဘက်သို့ လွင့်စဉ်သွားလေတော့သည်။

"ရှင် ဘာတတ်နိုင်သေးသလဲ"

ဂူချင်းချင်းက အော်ငေါက်ရင်း ထပ်မံတိုက်ခိုက်လိုက်လေ သည်။

ကျင်းစန်း အသက်ပြင်းပြင်းရှူရှိုက်ကာ မြေပေါ်မှခုန်ထ လိုက်သည်။

ဂူချင်းချင်းအား ပေါ့ဆ၍မရတော့မှန်း ကောင်းစွာနားလည် လိုက်လေသည်။ အံကြိတ်ယင်း....

"ခင်ဗျား ဘာကြောင့် ကျုပ်ကို သည်လောက်တောင် အငြိုး တကြီး တိုက်ခိုက်နေရတာလဲ"

အော်ပြောရင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူတို့ ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြပြီး...

"ဝုန်း"

ကျယ်လောင်သောအသံ တစ်ချက်ထွက်ပေါ်လာသည်။

နှစ်ယောက်စလုံး နောက်သို့ခြေတစ်လှမ်းစီ ဆုတ်လိုက်ကြရလေသည်။ ဂူချင်းချင်း မျက်နှာပျက်သွားသည်။

"ရှင် ဘယ်လောက်ခံနိုင်ရည်ရှိမလဲ ကြည့်ကြသေးတာပေါ့"

ပြောရင်း လက်နှစ်ဘက်ကို ခပ်သွက်သွက်ကလေး ဝှေ့ယမ်းလိုက်လေသည်။

"ဝှစ်...ဝှစ်"

ဝင်းလက်တောက်ပသော အလင်းရောင်များနှင့်အတူ လက်နက်ပုန်းကလေးများသည် ကျင်းစန်းထံ လွှမ်းခြုံ၍စ်လွင့်သွားလေတော့သည်။

ကျင်းစန်း ထိတ်လန့်သွား၏။

လူချင်းနီးကပ်လာသည်ဖြစ်ရာ ရှောင်ဖို့မလွယ်ကြောင်း နားလည်ထား၏။

သူက မြေပေါ်လှိမ့်ကာ ရှောင်တိမ်းလိုက်ရလေတော့သည်။

ထိုသို့ ရှောင်တိမ်းလိုက်သည်နှင့် တပြိုင်နက် ဂူချင်းချင်းက ထပ်မံတိုက်ခိုက်လိုက်ပြန်လေသည်။

ကျင်းစန်း မြေပေါ်ဆက်ကာဆက်ကာ လှိမ့်ရှောင်နေရ



လေသည်။ ထိုစဉ်မှာပင်...

"မလွတ်စေနဲ့ဟေ့"

"လူဆိုးက တောင်ပေါ်မှာရှိနေတယ်"

"တက်ကြ"

ဗြသံပေးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တဆက်တည်းပင် လူရိပ်ပေါင်းများစွာ တောင်ပေါ်သို့ပြေးလွှားတက်လာကြသည်ကို တွေ့ရ၏။

တုရှောင်ထင်း၏လူများ လိုက်လာကြပြီ ဖြစ်လေသည်။

ကျင်းစန်း ရင်ထိတ်သွား၏။

ရင်ဆိုင်တိုက်ခိုက်ခြင်းသည် အကျိုးမရှိကြောင်း နားလည်မိလေ၏။

ဝီကျောင်းအား လိုက်လံရှာဖွေရဦးမည်ဖြစ်သည့်အပြင် ဂူချန်းကို သုတ်သင်ရှင်းလင်းပစ်ရဦးမည် မဟုတ်ပါလား။

ဤသို့တွေးမိလျှင် ရှောင်တိမ်းသွားရန် ဆုံးဖြတ်လိုက်လေသည်။

တောင်ပေါ်သို့ တုရှောင်ထင်း၏လူများ အုပ်စုဖွဲ့ကာ တက်လာနေကြပြီ ဖြစ်သည်။

ထို့ကြောင့်..

လွတ်မြောက်ဖို့လမ်း မရှိတော့ချေ။

ရုတ်တရက် ကျင်းစန်း ဝံပုလွေကို သတိရလာ၏။

ဝံပုလွေတစ်ကောင်သည် ဤနေရာဝယ် သူနှင့်ဇီကျောင်းအားရန်ပြုခဲ့ပြီး သူတို့တိုက်ခိုက်လိုက်သည်နှင့် တောင်အောက်ချောင်းထဲသို့ ခုန်ဆင်းကာ ထွက်ပြေးသွားခဲ့သည် မဟုတ်ပါလား။

ကျင်းစန်းက တောင်စောင်းဆီသို့ ခပ်သွက်သွက်ကလေးဆုတ်သွားလေသည်။

"ရှင်ပြေးလို့ ရမလား"

ဂူချင်းချင်းက ငေါက်လိုက်သည်။

ကျင်းစန်းမှာ ဝံပုလွေ ခုန်ဆင်းသွားသည့် တောင်စောင်းအနီးသို့ ရောက်သွားပြီ ဖြစ်လေသည်။

ဂူချင်းချင်းကို ကြည့်ကာ...

"ကျုပ်တို့ တစ်နေ့ပြန်တွေ့ကြတာပေါ့"

ဟုပြောလိုက်သည်။

ထိုအချိန်တွင် တုရှောင်ထင်း၏လူများသည် လက်နက်ကိုယ်စီဆွဲကိုင်ကာ ပြေးလွှားလာနေကြပြီ ဖြစ်လေသည်။

ကျင်းစန်း၏စကားကြောင့် ဂူချင်းချင်းမှာ ကြောင်အမ်းအမ်းဖြစ်သွား၏။

ကျင်းစန်းကို နားမလည်နိုင်စွာကြည့်ကာ...

"ရှင်က.."

ကျင်းစန်း ပြုံးပြလိုက်သည်။



"ကျုပ် သွားတော့မယ်"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ချောက်ထဲသို့ ခုန်ဆင်းလိုက်လေသည်။

"ဟင်"

ဂူချင်းချင်း လွှတ်ခနဲအော်လိုက်၏။

ကျင်းစန်း သေဆုံးသွားမည်ဟုလည်း ထင်မှတ်မိလေ၏။

ကျင်းစန်းကား ချောက်ထဲခုန်ဆင်းသွားပြီ ဖြစ်သည်။

ဂူချင်းချင်း သတိဝင်လာ၏။

မြေပေါ်ခြေဆောင့်ကာ...

"ရှင့်ကို ကျွန်မလက်နဲ့ သုတ်သင်ပစ်ချင်တာရှင့်"

ဟုအော်ပြောလိုက်၏။

သူမ၏စကားသံသည် တောတောင်ထဲဝယ် ပဲ့တင်ထပ်ကာ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

➤ ➤ ➤

## နောင်တ

ဝူချင်းချင်း၏မျက်ဝန်းအစုံမှ မျက်ရည်များစီးကျလာလေသည်။

ဝူချန်းအတွက် သူမ ငိုရှိုက်ဆုံးတော့မည် မထင်ချေ။

ဝူချန်းအား မြို့ပြင်သင်္ချိုင်း၌ မြှုပ်နှံသဂြိုလ်လိုက်ပြီးဖြစ်၏။

ဝူချန်းသည် မြို့စားကြီး တုရှောင်ထင်း၏ညှော့သည်ဖြစ်သည့်အားလျော်စွာ မြို့စားကြီးတုရှောင်ထင်းကပင် အစစအရာရာတာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

သို့သော်...

ဝူချန်းမှာ သိုင်းလောကတစ်ခုလုံးက မျက်လုံးဒေါက်ထောက်ကြည့်ရှုခြင်းခံရသူဖြစ်ရာ ကြီးကျယ်ခမ်းနားစွာ ပြုလုပ်နိုင်ခြင်းမရှိဘဲ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်လိုက်ရခြင်းဖြစ်သည်။



မြို့စားကြီး၏ညှော့သည်တော်အား ရန်ပြုခဲ့သူဟု ကမ္ဘည်းတပ်ကာ ဝီကျောင်း၏အလောင်းကို မြို့လမ်းဆုံလမ်းခွမြေကွက်လပ်တွင် သည်အတိုင်းပစ်ထားခဲ့သည်။

ဤနေရာဝယ် မြို့စားကြီး၏အမိန့်သည်သာလျှင် အဓိကဖြစ်ပေသည်။

တုရှောင်ထင်းအား မည်သူမျှ လွန်ဆန်ဝံ့သည်မရှိပါချေ။

ဝီကျောင်း၏အလောင်းကို လူမြင်ကွင်း၌ပြသထားသည်ကိုလည်း မည်သူမျှ အပြစ်မပြောဝံ့ပါချေ။

ဝူချင်းချင်းသည် ဖခင်၏မြေပုံကို နေ့စဉ်သွားရောက်ကာငိုကြွေးနေခဲ့၏။

ယခုလည်း မျက်ရည်စက်လက်ဖြင့် သင်္ချိုင်းမြေမှ ပြန်လာခဲ့ခြင်းဖြစ်ပေသည်။

မြို့စားဂေဟာသို့ရောက်လျှင် တုရှောင်ထင်းက သူမအားအသင့်စောင့်ကြိုနေသည်ကို တွေ့မြင်ရလေသည်။

"ငါ့တူမကြီးလည်း တစ်နေ့တစ်နေ့ စိတ်ဆင်းရဲနေတာနဲ့ကြာရင်ဒုက္ခရောက်မှာပဲ"

ဟုညည်းညည်းညူညူ ပြောဆိုလိုက်၏။

ဝူချင်းချင်းက...

"တောင်အောက်ကို ဆင်းရာတဲ့လူတွေ ဒီက ဘာသတင်းကြားသေးသလဲဟင်"

ဟုပြန်မေးလေသည်။

တုရှောင်ထင်း ခေါင်းယမ်းလိုက်သည်။

"ဘာမှမကြားရဘူး၊ သူတို့ တောင်အောက်မှာ အနံ့လိုက်ရှာပြီးပြီ၊ ဒါပေမယ့် ဘာကိုမှမတွေ့ခဲ့ဘူး"

ဟုပြောလေသည်။

"ဘာဆိုဘာမှ မတွေ့ရဘူး ဟုတ်လား"

"ဟုတ်တယ်"

"သူက ချောက်ထဲခုန်ဆင်းသွားတာ ကျွန်မကိုယ်တိုင် မြင်ခဲ့ရတာပဲ၊ သူသေသွားမှာပေါ့၊ သူ့အလောင်းကို တွေ့ရလိမ့်မယ်လို့ထင်တယ်၊ သေသေချာချာ ရှာခိုင်းစမ်းပါဦး"

တုရှောင်ထင်း ပြုံးလိုက်သည်။

"အောက်ဘက်မှာ စမ်းချောင်းတစ်ခု ရှိနေတယ်ကွယ့်"

"စမ်းချောင်း ဟုတ်လား၊ ဒါဖြင့် သူက စမ်းချောင်းထဲမျောပါသွားတာကော မဖြစ်နိုင်ဘူးလား"

တုရှောင်ထင်း ခေါင်းယမ်းလိုက်သည်။

"သူက စမ်းချောင်းထဲ မျောပါသွားတာ မဟုတ်ဘဲ ချောက်ထဲကျသွားပေမယ့် အောက်မှာ စမ်းချောင်းရှိနေတော့ ဘယ်သေနိုင်ပါ့မလဲ"

"ရှင်"

ဂူချင်းချင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။



ကျင်းစန်းက နောက်တစ်ကြိမ် ပြန်လည်တွေ့ဆုံကြမည်ဟု ပြောသွားသည့်စကားအဓိပ္ပါယ်ကို ယခုမှ နားလည်သဘောပေါက်လာလေသည်။

ကျင်းစန်းသည် တောင်အောက်၌ စမ်းချောင်းရှိနေသည်ကို ကြိုတင်သိထားပုံရ၏။

ကျင်းစန်း အသက်ရှင်နေနိုင်သေးကြောင်း တွေးမိလျှင် ဒေါသခြောင်းခြောင်း ထွက်လာလေတော့သည်။

"တောက်"

အံကြိတ်ကာ တက်ခေါက်လိုက်သည်။

"ကျွန်မ သူ့ကိုလိုက်ရှာမယ်"

ဟုခပ်ပြတ်ပြတ် ပြောလိုက်၏။

တုရှောင်ထင်းက...

"ကျုပ်ကလည်း သည်အကြောင်းပြောမလို့ပါပဲ၊ ဒါပေမယ့် သင်္ချိုင်းမြေမှာသွားပြီးငိုယင်း အချိန်တွေကုန်နေတာမို့ မပြောဖြစ်ခဲ့တာပါ"

ဂူချင်းချင်းက ဂူချန်းအား လုပ်ကြံသတ်ဖြတ်သွားသူကို ဖော်ထုတ်သုတ်သင်ပြီးမှ ဤနေရာမှထွက်သွားမည်ဟု စိတ်ပိုင်းဖြတ်လိုက်၏။

တုရှောင်ထင်းကို စိုက်ကြည့်ကာ...

"ကောင်းပြီ၊ သူ့ကိုရှာလို့ မတွေ့မချင်း ဖေဖေရဲ့မြေပုံရှိ

ရာကို မသွားတော့ဘူး"

ဟုပြောလိုက်၏။

တုရှောင်ထင်း ခေါင်းညိတ်လိုက်၏။

"ငါတူမကြီး ဖေဖေကလည်းသည်လိုသတ္တိမျိုးကိုသာ သဘောကျမယ်လို့ ကျုပ်ထင်ပါတယ်ကွယ်"

ဂူချင်းချင်းက...

"သူက ချောက်ထဲကျပြီး မသေခဲ့ဘူးဆိုရင် ဘယ်နေရာကို ရောက်နေမယ်လို့ ဦးထင်သလဲ"

ဟုမေးလိုက်၏။

တုရှောင်ထင်းက တည်ကြည်သော မျက်နှာထားဖြင့်...

"သူက ရုပ်ဖျက်ပြီး မြို့ထဲဝင်လာမှာပေါ့"

ဟုဖြေလေသည်။

ဂူချင်းချင်း မဲ့ပြုံးပြုံးလိုက်သည်။

"သူ့အကြောင်း ကျွန်မသိတယ်၊ သူက မြို့ထဲဝင်လာတယ်ဆိုရင် ကျွန်မရှာလို့တွေ့မှာပဲ"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားလေ၏။

တုရှောင်ထင်း ဟန့်တားခြင်းမပြုပါချေ။

ဂူချင်းချင်းထွက်သွားပြီး မရှေးမနှောင်းမှာပင် အိုရန်စန်းက အခန်းတွင်းသို့ လှမ်းဝင်လာလေသည်။

သူ၏မျက်နှာတွင် အလိုမကျသည့် အရိပ်အယောင်များ အ



ထင်းသားပေါ်လွင်နေပေတော့သည်။

"ဖေဖေ"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"သြော်..သား ဘာပြောချင်သလဲ"

"ဖေဖေ သူ့ကို ဘာကြောင့်လွှတ်ထားရတာလဲ၊ သူက အန္တရာယ်ပေးနိုင်တယ်ဆိုတာကို ဖေဖေသိမှာပါ"

ဟုပြောလေသည်။ တုရှောင်ထင်း ပြုံးမိသည်။

"သိတာပေါ့ သားရယ်"

"ဒါဖြင့် သူ့ကိုပါ ရှင်းပစ်လိုက်ပါလား"

တုရှောင်ထင်း၏မျက်နှာ တည်သွား၏။

အဝေးသို့ လှမ်းမျှော်ကြည့်လိုက်ပြီး...

"ဖေဖေ့လက်ထဲကို မိုးကြိုးဓားရောက်လာပြီဆိုရင် သူ့ကို တစ်မွန်းတည့်ဘောင် အရှင်ထားမှာ မဟုတ်ပါဘူး၊ ပြီးတော့ ဂူချန်းနောက်ကို သဲကြီးမဲကြီး လိုက်နေသူတွေ ရှိနေသေးတယ် မဟုတ်လား"

အိုရန်စန်း မျက်မှောင်ကြုတ်သွား၏။

ဖခင်ဖြစ်သူကို နားမလည်နိုင်စွာကြည့်ကာ...

"မိုးကြိုးဓားကို ဖေဖေရပြီးပြီ မဟုတ်လား"

ဟုမေးလိုက်လေသည်။

တုရှောင်ထင်း မဲ့ပြုံးပြုံးလိုက်၏။

"ဂူချန်းက ဉာဏ်များတယ်၊ ကောက်ကျစ်စဉ်းလဲတယ်ဆိုတာ အလကားမဟုတ်ဘူး၊ သူက မိုးကြိုးဓားဆိုပြီးကိုင်ခဲ့တဲ့ဓားဟာ ဖေဖေ စစ်ဆေးကြည့်တော့ အတုကြီးဖြစ်နေတယ်"

"ဟင်…ဒါဖြင့် ဓားအစစ်ကော"

"ဓားအစစ်က ဂူချင်းချင်းဆီမှာရှိတယ်"

"သည်ကောင်မလေးကို ရှင်းပစ်ပြီး ယူထားလိုက်ရုံပေါ့"

တုရှောင်ထင်းက…

"မလောနဲ့လေ၊ သူတို့နောက်ကို တကောက်ကောက်လိုက်နေတဲ့ ရန်သူတွေရှိနေသေးတယ် မဟုတ်လား၊ ရန်သူဟာလည်း သိုင်းပညာမခေဘူး၊ ဒါကြောင့် ဖေဖေတို့က ဝင်မပါဘဲ လက်ပိုက်ကြည့်နေမယ်၊ ဂူချင်းချင်းကို သူ့အဖေရဲ့ရန်သူတွေနဲ့ ရင်ဆိုင်ခိုင်းရမယ်၊ ဂူချင်းချင်းက အနိုင်ရလိုက်ယင်လည်း နောက်ကြောင်းရှင်းသွားတာပေါ့"

ဟုပြောလေသည်။ အိုရန်စန်းက…

"ဒါမှမဟုတ် ဂူချင်းချင်းသေသွားရင်ကော"

ဟုကြားဖြတ်မေးလိုက်၏။

တုရှောင်ထင်းက သဘောကျစွာပြုံးလိုက်ပြီး…

"တို့က ဂူချင်းချင်းရဲ့ရန်သူကိုရှင်းပြီး မိုးကြိုးဓားကို ယူလိုက်ရုံပေါ့၊ ဟား ဟား ဟား"

စကားဆုံးလျှင် သဘောကျစွာ ရယ်မောလိုက်၏။



သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

➤ ➤ ➤

နေရောင်ခြည် ဖြာကျနေ၏။

မြို့ကလေးမှာ စည်စည်ကားကား ဖြစ်နေ၏။

မြို့၏အစည်ကားဆုံးနေရာမှာ မြို့လယ်လမ်းလေးခွဆုံသောနေရာဖြစ်သည်။

ထိုနေရာ၌ သစ်ပင်ကြီးတစ်ပင် ရှိသည်။

သစ်ပင်ကြီးရှေ့ဝယ် လူအများ ဝိုင်းအုံကြည့်နေကြသည်။

လူအများသည် သစ်ပင်ကြီးကို ဝိုင်းအုံကြည့်နေကြခြင်းမဟုတ်ပါ။

သစ်ပင်၌ ကြိုးဖြင့် ချည်နှောင်ထားသည့် လူသေအလောင်းတစ်လောင်းအား ဝိုင်းကြည့်နေကြခြင်းပင် ဖြစ်လေသည်။

အလောင်းပေါ်တွင်…

"မြို့စားဂေဟာကို ကျူးကျော်ဝင်ရောက်လျှင် ယခုကဲ့သို့အပြစ်ဒဏ်ခံရမည်။

ပုံ

မြို့စားကြီးတုရှောင်ထင်း။"

ဟုရေးသားထားသည့် ဆိုင်းဘုတ်ချိတ်ဆွဲထားလေသည်။

သေဆုံးနေသူကား ဝီကျောင်းဖြစ်လေသည်။

ဝိုင်းကြည့်နေသူများသည် တစ်ယောက်တစ်ပေါက် ပြောဆိုကာ ထွက်သွားလိုက်ကြ၊ အသစ်တဖန် ကြည့်ရှုမည့်သူများ ဝင်လာလိုက်ကြဖြင့် လူမစဲနိုင်အောင် ရှိနေပေတော့သည်။

လူအုပ်ကြားထဲသို့ ခမောက်ဆောင်းထားသည့် လူငယ်တစ်ယောက် တိုးဝင်လာ၏။

ထိုလူငယ်သည် လူအုပ်ရှေ့ဆုံးသို့ ရောက်သည်အထိ တိုးသွားပြီး ကြည့်လိုက်၏။

ထိုလူငယ်သည်ကား ရုပ်ဖျက်ကာ မြို့တွင်းသို့ဝင်လာသည့် ကျင်းစန်းဖြစ်သည်။

ကျင်းစန်းသည် ဝီကျောင်း၏အလောင်းကို တွေ့မြင်လိုက်ရသည်နှင့် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

"ဝီကျောင်း"

ဟုလည်း လွှတ်ခနဲခေါ်လိုက်၏။

လည်ချောင်းထဲဝယ် တစ်ဆို့နေခြင်းကြောင့် စကားသံပီပီပြင်ပြင် ထွက်ပေါ်လာခြင်းမရှိပါချေ။

သူမျှော်လင့်နေခဲ့သည့် ဝီကျောင်းကား သေဆုံးသွားခဲ့ပေပြီ။ ဝီကျောင်း သူ့ထံသို့ပြန်မလာနိုင်တော့သည့် အကြောင်းရင်းကို သိလိုက်ရပြီတည်း။



နဂါးလေးသည် သူ့အတွက် အသက်စွန့်သွားခဲ့ရ၏။

ယခုတဖန် ဝီကျောင်းသည်လည်း ဒုတိယမြောက် သားကောင်ဖြစ်ခဲ့ရပြန်ချေပြီ။

ဝီကျောင်းအား သူက သွေးဆောင်ခေါ်လာခဲ့ခြင်း ဖြစ်ပေသည်။

ဝီကျောင်းသေဆုံးသွားခြင်းနှင့် ပတ်သက်ပြီး သူ့အပေါ်တွင် လုံးဝ တာဝန်ရှိသည်ဟု ယုံကြည်လေသည်။

"တောက်"

ဝီကျောင်းအတွက် တက်ခေါက်လိုက်မိသည်။

ဘေးမှလူအများက သူ့အား ဝိုင်းကြည့်လာကြသည်။

သို့သော်...

ကျင်းစန်းက ဂရုမစိုက်ပါတော့ချေ။

ဝီကျောင်းနှင့် ပတ်သက်ပြီး ဒေါသခြောင်းခြောင်းထွက်လာပြီဖြစ်လေသည်။ အံတင်းတင်းကြိတ်ကာ...

"ဝီကျောင်း မင်းသေသွားပြီးမှတော့ အေးအေးဆေးဆေး အနားရသင့်တာပေါ့"

ဟုပြောလိုက်သည်။

ထို့နောက်...

ရှေ့သို့ ခုန်ထွက်လိုက်လေသည်။

သူ၏လှုပ်ရှားမှုကြောင့် ဝိုင်းကြည့်နေသူများ အံ့သြသွားကြ

ပြီး သတိပြုကြည့်လာကြသည်။

ကျင်းစန်းက မည်သူ့ကိုမျှ အရေးမစိုက်တော့ပါချေ။

သစ်ပင်ကြီးရှိရာသို့ ခပ်သွက်သွက်ကလေး လျှောက်သွားပြီး ဝီကျောင်းအား ချည်နှောင်ထားသည့်ကြိုးများကို ဖြတ်ပစ်လိုက်လေသည်။

"ဘာလုပ်တာလဲ"

"ဟာ မြို့စားကြီး အပြစ်ပေးတာ ခံရတော့မှာပဲ"

ဝိုင်းကြည့်နေသူများ တစ်ယောက်တစ်ပေါက် လှမ်းပြောလိုက်ကြလေသည်။

ကျင်းစန်းက လုံးဝ အရေးမစိုက်ဘဲ ကြိုးများဖြတ်ပစ်ကာ ဝီကျောင်း၏အလောင်းကို ပခုံးပေါ်ထမ်းလိုက်၏။

ထို့နောက် ထွက်သွားရန် ဟန်ပြင်လိုက်၏။

လူအုပ်ကြီး ဘေးသို့ရှဲသွားကြ၏။

ကျင်းစန်းက လူအုပ်ကြားမှဖြတ်ကာ ထွက်လာခဲ့၏။

လူအုပ်ကို ကျော်ဖြတ်နေစဉ်မှာပင်...

"ရပ်လိုက်စမ်း"

ကျယ်လောင်သော ဟန့်တားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အဝါရောင်ဝတ်ဆင်ထားသူများသည် လက်နက်ကိုယ်စီ ဆွဲကိုင်ကာ ပြေးလွှားလာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။



"မြို့စားကြီးရဲ့လူတွေ လာနေကြပြီ၊ ပြေးကြဟေ့"

ဝိုင်းကြည့်နေသူများသည် အထိတ်တလန့်အော်ဟစ်ကာ အလျှိုအလျှို လူစုခွဲကာ ရှောင်ပြေးသွားကြလေသည်။

သစ်ပင်ကြီးရှေ့တွင် ကျင်းစန်းတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ပေသည်။

အဝါရောင်ဝတ်ဆင်ထားသူများက ကျင်းစန်းအား ချက်ချင်းဝိုင်းရံထားလိုက်ကြ၏။

ကျင်းစန်း မဲ့ပြုံးပြုံးလိုက်သည်။

"မြို့စားကြီးရဲ့လူတွေဆိုရင်တော့ ကျုပ်က ချမ်းသာမပေးနိုင်ဘူး"

သူ၏လက်တစ်ဘက်က ပခုံးပေါ်ထမ်းထားသည့် ဝီကျောင်းအား ထိန်းထား၏။

ကျန်လက်တစ်ဘက်က ကြေးစုတ်တံကို ထုတ်ယူလိုက်လေသည်။

အဝါရောင်ဝတ်ဆင်ထားသူများသည် ကျင်းစန်းထံ ပြေးလာကြပြီး...

"ဝိုင်းကြဟေ့ တိုက်ကြ"

"သည်ကောင်လေးကို မလွတ်စေနဲ့"

တစ်ယောက်တစ်ပေါက် အော်ပြောလိုက်ကြသည်။

တဆက်တည်းပင် လက်နက်ကိုယ်စီဆွဲထုတ်ကာ ဝိုင်းရံ

တိုက်ခိုက်လိုက်ကြလေသည်။

ကျင်းစန်းကလည်း ကြေးစုတ်တံကိုဝှေ့ယမ်းကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

ထိုသို့ တိုက်ခိုက်လိုက်သည်နှင့်...

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာလေသည်။

အဝါရောင်ဝတ်ဆင်ထားသူများမှာ တစ်ယောက်ပြီးတစ်ယောက် မြေပေါ်လဲကျသွားလေတော့သည်။

ကျင်းစန်းက ထွက်သွားရန် မစဉ်းစားဘဲ ထပ်မံတိုက်ခိုက်လိုက်လေသည်။

"အား"

"အွန့်"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများ ထပ်မံထွက်ပေါ်လာပြန်လေသည်။

အဝါရောင်ဝတ်ဆင်ထားသူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြပြန်လေသည်။



တခဏအတွင်းမှာပင် အဝါရောင်ဝတ်ဆင်ထားသူများ တစ်ဝက်ခန့်လဲကျသွားပြီ ဖြစ်လေသည်။

ကျန်ရှိသေးသူများ ဆက်၍မတိုက်ခိုက်ရဲကြတော့ပါချေ။

ကြောက်ကြောက်ရွံ့ရွံ့ဖြင့် နောက်ဆုတ်သွားကြလေသည်။

ကျင်းစန်းက....

"ခင်ဗျားတို့ မြို့စားကြီးကို သွားပြောလိုက်ပါ၊ ဝီကျောင်းအတွက် အသက်ကို အစားပြန်ပေးလျော်ရလိမ့်မယ်"

စကားဆုံးလျှင် ဝီကျောင်းကို ပခုံးပေါ်ထမ်းကာ ခပ်သွက်သွက်ပြေးထွက်သွား၏။

သူ့အား မည်သူမျှ ဟန့်တားခြင်းမပြုဝံ့တော့ချေ။

ကျင်းစန်း မြင်ကွင်းမှ ပျောက်ကွယ်သွားလျှင်..

"မြို့စားကြီးဆီကိုသွားပြီး အကြောင်းကြားမယ်"

တစ်ယောက်က အော်ပြောလိုက်၏။

ကျန်လူများလည်း သဘောတူလိုက်ကြပြီး ကသုတ်ကရက်ပြေးထွက်သွားကြလေတော့သည်။

➢ ➢ ➢

လေတဟူးဟူး တိုက်ခတ်နေ၏။

ကျင်းစန်းမှာ တောင်ကုန်းပေါ်သို့ တတိယအကြိမ် ပြန်လည်ရောက်ရှိလာပြီ ဖြစ်လေသည်။

တောင်ပေါ်တွင် နဂါးလေး၏မြေပုံ ရှိနေ၏။

ကျင်းစန်းက နဂါးလေး၏မြေပုံဘေးတွင် ခြေလှမ်းရပ်တန့်လိုက်လေသည်။

နဂါးလေးအတွက် အဖော်အဖြစ် ဝီကျောင်းရောက်လာပြီ ဖြစ်ပါသည်။

နဂါးလေးနှင့်ဝီကျောင်းသည် မည်သည့်အခါမျှ မခွဲဘဲ အတူတကွနေကြရတော့မည် ဖြစ်လေသည်။

ကျင်းစန်း ပင့်သက်ရှိုက်လိုက်၏။

ဝီကျောင်း၏အလောင်းကို မြေပေါ်ချကာ နဂါးလေး၏မြေပုံဘေးတွင် မြေကျင်းတစ်ခု တူးလိုက်လေသည်။

တခဏအကြာတွင် မြေကျင်းကြီးတစ်ခု ဖြစ်ပေါ်လာသည်။

ကျင်းစန်းက ဝီကျောင်း၏အလောင်းကို မြေကျင်းထဲထည့်လိုက်သည်။ ထို့နောက် အပေါ်မှ မြေဖို့လိုက်သည်။

မို့မောက်သစ်လွင်သော မြေပုံတစ်ခုပေါ်ထွက်လာပြီ ဖြစ်သည်။

နဂါးလေး၏မြေပုံနှင့် ဝီကျောင်း၏မြေပုံကား ဘေးချင်းယှဉ်လျက်။



သူ၏အကောင်းဆုံး မိတ်ဆွေရင်းချာနှစ်ယောက်မှာ သူ့အားထာဝရခွဲခွာသွားကြပြီ ဖြစ်လေသည်။

ကျင်းစန်း အံကြိတ်လိုက်သည်။

မြေပုံနှစ်ခုရှေ့ဝယ် ဒူးထောက်ကာ...

"သူငယ်ချင်းတို့ရယ်၊ ငါ့အကျိုးအတွက် မင်းတို့ကို အသုံးချသလိုဖြစ်ခဲ့တာ ငါ့ကိုခွင့်လွှတ်ကြပါ၊ မြို့စားကြီးနဲ့ဂူချန်းတို့ကို သုတ်သင်ရှင်းလင်းပစ်မယ်လို့ ငါကတိပေးပါတယ်"

ဟု တိုင်တည်ပြောဆိုလိုက်၏။

သူ၏မျက်ဝန်းအစုံဝယ် မျက်ရည်များ ရစ်သိုင်းနေလေသည်။ သူ၏စကားသံနှင့် မရှေးမနှောင်းတွင်...

"ဟား..ဟား..ဟား"

ရယ်မောသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

ကျင်းစန်း၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား၏။

ချက်ချင်း နောက်သို့လှည့်ကြည့်လိုက်၏။ ထိုအခါ...

လူတစ်ယောက်မှာ လက်နှစ်ဘက်နောက်ပစ်ထားကာ တောင်ပေါ်သို့ လှမ်းတက်လာနေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူကိုမြင်လျှင် ကျင်းစန်းက ချက်ချင်းမှတ်မိလိုက်သည်။

"အို့ရန်စန်း"

ဟုရေရွတ်လိုက်၏။ မှန်ပေသည်။

ထိုလူမှာ မြို့စားကြီးတုရှောင်ထင်း၏သား အို့ရန်စန်းဖြစ်ပေသည်။

အို့ရန်စန်းက...

"မင်းဟာ မိုးကြိုးဓားနောက်ကို လိုက်တဲ့အဆင့်မျိုး ရောက်လာလိမ့်မယ်လို့ ငါမထင်ခဲ့မိဘူး၊ မင်းရဲ့ဆရာမုတ်ဆိတ်ဖြူကသည်လောက် သိုင်းပညာတော်တဲ့လူ မဟုတ်ပါဘူး"

လှောင်ပြောင်သည့်အသံဖြင့် ကျင်းစန်းအား ပြောလိုက်လေသည်။

အို့ရန်စန်း၏စကားကြောင့် ကျင်းစန်း ဒေါသထွက်သွားလေ၏။

အို့ရန်စန်းသည် ကျင်းစန်း၏ကျေးဇူးရှင်ဖြစ်သူ မုတ်ဆိတ်ဖြူလုကျား၊ နန်းကုန်းလွေနှင့်မေကျင်းတို့အား သတ်ဖြတ်ခဲ့သူ ဖြစ်ပေသည်။

ထို့ကြောင့်...

ကျင်းစန်းက ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ထားသူများအနက်မှ တစ်ယောက်အပါအဝင် ဖြစ်လေသည်။

ကျင်းစန်း၏မျက်နှာ တင်းမာသွား၏။

"လက်စသတ်တော့ ခင်ဗျားကလည်း သည်တောင်ကြားထဲရောက်နေတာကိုး၊ တစ်ချိန်က ခင်ဗျားလုပ်ခဲ့တဲ့ အပြစ်တွေအတွက်အသက်ကို ပေးဆပ်ရမယ်ဗျ"



ဟုပြောလိုက်လေသည်။

"ဟား...ဟား...ဟား"

အို့ရန်စန်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

ပြီးမှ ကျင်းစန်းအား စိုက်ကြည့်ကာ...

"သူခိုးကလူဟစ်နေပါလား၊ ငါဟာမြို့စားကြီးတုရှောင်ထင်းရဲ့သားဆိုတာ မင်းမသိဘူးလား၊ သည်နေရာဟာ ငါ့ရဲ့ဇာတိချက်မြှုပ်ဒေသပဲကွ၊ တစ်ချိန်က ကံကောင်းပြီး ငါ့လက်ထဲက လွတ်သွားတာကို မမေ့စမ်းပါနဲ့ကွာ၊ သည်တစ်ခါတော့ မင်းမလွတ်နိုင်တော့ပါဘူး"

ကျင်းစန်း အံ့သြသွားသည်။

"ခင်...ခင်ဗျားက"

စကားအထစ်ထစ် အငေါ့ငေါ့ဖြစ်နေသည်။

အို့ရန်စန်းက ဝင့်ကြွားစွာ ပြုံးလိုက်ပြီး...

"ဟုတ်တယ်၊ ငါက မြို့စားကြီးတုရှောင်ထင်းရဲ့သားပဲ"

အို့ရန်စန်းသည် မြို့စားကြီးတုရှောင်ထင်း၏သားဖြစ်ကြောင်း ကျင်းစန်း ယခုမှသိလိုက်ရလေသည်။

ထိုအခါ...

အို့ရန်စန်းအတွက် အပြစ်တစ်ခု ပို၍တိုးသွားလေသည်။

ဝီကျောင်း သေဆုံးသွားရခြင်းကြောင့် ဖြစ်သည်။

"တိုက်ဆိုင်လိုက်တာဗျာ၊ ကျုပ်က မြို့စားကြီးတုရှောင်ထင်း

ကိုလည်း သုတ်သင်ရှင်းလင်းပစ်မယ်လို့ ဆုံးဖြတ်ထားတယ်၊ မြို့စားဂေဟာမှာ ရောက်နေတဲ့ ဂူချန်းလည်း အပါအဝင်ပဲပေ့ါလေ"

အို့ရန်စန်း လက်ကာပြလိုက်၏။

ပြီးလျှင် ကျင်းစန်းကို အထင်သေးသော မျက်လုံးများဖြင့် ကြည့်ကာ...

"ငါ့အဖေ အနားကို ကပ်လို့ရမယ် မထင်စမ်းပါနဲ့ကွာ၊ ဂူချန်းအတွက်တော့ မင်းအ ၁င်ပန်းခံစရာ မလိုတော့ပါဘူး၊ သူ့ကို ငါတို့တာဝန်ယူလိုက်ပါပြီ"

ဟုပြောလေသည်။ ကျင်းစန်း မျက်လုံးပြူးသွားပြီး...

"ဘာ..ဘာပြောတယ်"

ဟုမေးလိုက်၏။

အို့ရန်စန်းက...

"သူ့အတွက် မစဉ်းစားနဲ့တော့လို့ ပြောတာလေ"

ကျင်းစန်း ရင်ထိတ်သွား၏။

"သူ့ကို ခင်ဗျားတို့ ရှင်းပစ်လိုက်ကြပြီ ဟုတ်သလား"

ဟုမေးလိုက်သည်။

အို့ရန်စန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"လက်စသတ်တော့ ဂူချန်းရဲ့မိုးကြိုးဓားကို လိုချင်လို့ အပိုင်စီးဖို့ ခင်ဗျားတို့သားအဖ ကြိုးစားခဲ့တာကိုး"



ဟုပြော၏။

အို့ရန်စန်းက မဲ့ပြုံးပြုံးကာ...

"မင်းကကော မိုးကြိုးဓားကို လိုချင်နေတာ မဟုတ်လား"

ဟုပြန်မေးသည်။

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်လိုချင်တာ မှန်တယ်၊ ဒါပေမယ့် ခင်ဗျားတို့လို ကိုယ်ကျိုးအသုံးပြုဖို့ မဟုတ်ဘူး၊ ဖျက်ဆီးပစ်ဖို့ဗျ"

ဟုအော်ပြောလိုက်သည်။

အို့ရန်စန်းက...

"ကြီးကြီးကျယ်ကျယ် ပြောမနေနဲ့၊ မင်းကို မုတ်ဆိတ်ဖြူဆီရောက်အောင် ငါပို့ပေးမယ်"

ဟုအော်ပြောရင်း စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ ကျင်းစန်းက လက်ကာပြလိုက်သည်။

"နေဦး"

ဟု ဟန့်တားလိုက်၏။ အို့ရန်စန်း ပြုံးလိုက်သည်။

"ဘာလဲ မင်းကြောက်နေပြီလား"

ဟု ခနဲ့လေသည်။

ကျင်းစန်းက သူ၏စကားကို အရေးမစိုက်ဘဲ...

"ကျုပ်ရဲ့သူငယ်ချင်း ဗိုကျောင်းကို ဘယ်သူသတ်ပစ်လိုက်တာလဲ ပြောစမ်း"

ဟုမေးလိုက်လေသည်။

အို့ရန်စန်းက...

"ဝီကျောင်း ဟုတ်လား၊ ဘယ်က ဝီကျောင်းလဲ"

ဟုပြန်မေး၏။

ကျင်းစန်းက အေးတိအေးစက်ဖြင့်...

"ခင်ဗျားတို့ မြို့လယ်သစ်ပင်မှာ ချည်ထားတဲ့ ဝီကျောင်း"

"ဟား..ဟား..ဟား"

အို့ရန်စန်း ကျယ်လောင်စွာဖြင့် ရယ်မောလိုက်လေသည်။

ကျင်းစန်းက အံကြိတ်ကာ စိုက်ကြည့်နေသည်။

အို့ရန်စန်း သဘောကျစွာ ရယ်မောပြီးမှ...

"လက်စသတ်တော့ ညက ကျူးကျော်ဝင်လာခဲ့တဲ့ သူခိုးလေးဟာ ဝီကျောင်းလို့ခေါ်တာကိုး၊ သူ့ကို ငါကလက်ဝါးနဲ့ တစ်ချက်ရိုက်ချလိုက်တယ်၊ ဂူချင်းချင်းက အဆုံးစီရင်လိုက်တယ်လေ၊ သူ့ကို မြို့လယ်မှာထားယင် ၁၇ အဖော်တွေရောက်လာလိမ့်မယ်ဆိုတာ ငါသိလို့ တမင်စောင့်ကြည့်နေခဲ့တာ၊ ငါထင်တဲ့အတိုင်း မင်းက ရောက်လာတာပဲ"

ဟုပြောလေသည်။

ဝီချန်းအား လုပ်ကြံသူများအကြောင်း သိလိုက်ရပြီဖြစ်လေသည်။ သို့သော်...

ဂူချင်းချင်းဆိုသူမှာ မည်သူမည်ဝါဖြစ်သည်ကို မသိသေးပါ။



ထို့ကြောင့်....

"ဂူချင်းချင်းဆိုတာ ဘယ်သူလဲ"

ဟုမေးလိုက်လေသည်။

အို့ရန်စန်းက...

"ဘယ်သူရှိမလဲကွာ၊ မင်းရဲ့မိတ်ဆွေကြီးဂူချန်းရဲ့သမီးပေါ့"

ဟုပြောလိုက်၏။ ကျင်းစန်း၏နားထဲ အုံးခနဲဖြစ်သွား၏။

မြင်းလှည်းမောင်းသည့် မိန်းကလေးကို မျက်လုံးထဲမြင်ယောင်လာသည်။

ထိုမိန်းကလေးသည် ဤမျှရက်စက်ကြမ်းကြုတ်လိမ့်မည်ဟု မထင်ခဲ့မိချေ။

ကျင်းစန်း ဒေါသ ခြောင်းခြောင်းထွက်လာလေတော့သည်။

အို့ရန်စန်းက...

"မင်းက စ,မလား၊ ငါက စ,ရမလား"

ဟုမေးလိုက်သည်။

ကျင်းစန်း အံကြိတ်ကာ...

"ခင်ဗျား သတိသာထားပေတော့"

အော်ငေါက်ရင်း စတင်တိုက်ခိုက်လိုက်လေတော့သည်။

➤ ➤ ➤

အို့ရန်စန်းသည် ကျင်းစန်းအား တွေ့မြင်ဖူးခဲ့သူဖြစ်ရာ လုံးဝ ကြောက်ရွံ့မှုမရှိခဲ့ချေ။

ကျင်းစန်းအား သိုင်းကွက်သုံးကွက်အတွင်း ဆုံးမနိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

ကျင်းစန်း တိုက်ခိုက်လာသည့်အခါ ရယ်မောယင်း..

"မင်း ဘာတတ်နိုင်မှာမို့လဲ"

ပြောယင်း ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

ကျင်းစန်း၏တိုက်ခိုက်မှုသည် အရှိန်အဟုန်ပြင်းထန် လွန်းလှသည်ကို သတိပြုမိသွား၏။

ပြန်လည်တိုက်ခိုက်ခြင်း မပြုဝံ့တော့ဘဲ ကပျာကယာ နောက်ဆုတ် ရှောင်တိမ်းပေးလိုက်ရလေသည်။

"ခင်ဗျား ဘယ်ပြေးမလဲ"

ကျင်းစန်းက အလွတ်မပေးဘဲ ထပ်မံတိုက်ခိုက်လိုက်လေသည်။

နဂါးလေးနှင့် ဝီကျောင်း သေဆုံးသွားကြပြီးနောက်ဝယ် ကျင်းစန်း၏ဒေါသကို ဖျောင်းဖျနိုင်မည့်သူ မရှိပါတော့ချေ။

အို့ရန်စန်း၏မျက်နှာပေါ် အပြုံးရိပ်များ ကွယ်ပျောက်သွား၏။

"မင်း..မင်း ဘယ်လိုလုပ် သိုင်းပညာတတ်လာတာလဲ"



ဟု အလန့်တကြား မေးလိုက်သည်။

ကျင်းစန်းက ပါးစပ်မှအဖြေမပေးဘဲ တိုက်ခိုက်မှုဖြင့် အဖြေပေးလိုက်လေသည်။

လေတိုးသံ တဟူးဟူးမြည်ကာ ထွက်ပေါ်လာ၏။

အို့ရန်စန်းမှာ ရှောင်၍မလွတ်တော့မှန်း နားလည်မိလေသည်။

ထို့ကြောင့်...

လက်ဝါးနှစ်ဘက်တွင် အတွင်းအားစုစည်းကာ ပြန်လည်ခုခံလိုက်ရလေသည်။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်လိုက်သည်နှင့်....

"ဝုန်း"

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

ကျင်းစန်းက မလှုပ်မယှက် ရပ်နေသော်လည်း အို့ရန်စန်းမှာမူ အနောက်ဘက်သို့ ခြေသုံးလှမ်းမျှ ဆုတ်သွားရလေသည်။

"မင်း...မင်း"

အို့ရန်စန်းက အထိတ်တလန့် ဖြစ်နေ၏။

ကျင်းစန်း ဤမျှ သိုင်းပညာထက်မြက်နေမည်ဟုလည်း မယုံကြည်နိုင်အောင် ဖြစ်နေလေသည်။

ကျင်းစန်းက...

"ခင်ဗျားက ကျုပ်မိတ်ဆွေတွေရဲ့ မြေပုံရှေ့မှာ ဒူးထောက်

တောင်းပန်ပါ၊ ပြီးရင် ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်ပါ၊ ဒါဆိုရင် ကျုပ်က ခွင့်လွှတ်ပေးမယ်”

ဟုပြောလိုက်လေသည်။

“ဘာ...ဘာ”

အို့ရန်စန်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သူ၏မျက်လုံးများ ပြူးထွက်လာသလို မျက်နှာကြီးနီမြန်းသွား၏။ ခါးမှဓားကို ဆွဲထုတ်လိုက်ပြီး...

“ဘယ်သူက တောင်းပန်ရမလဲ၊ ကြည့်ကြသေးတာပေါ့”

အော်ငေါက်ကာ ဓားဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာလေသည်။

ကျင်းစန်း မဲ့ပြုံးပြုံးလိုက်ပြီး...

ခန္ဓာကိုယ် တစ်ချက်လှုပ်ရှားလိုက်လျှင် သူ၏လက်ထဲသို့ ကြေးစုတ်တံ ရောက်ရှိလာလေသည်။

သူက ကြေးစုတ်တံနှင့် ခံပေးလိုက်သည်။

“ထန်း”

“အား”

ကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။

မီးပွင့်ကလေးများ ထွက်ပေါ်လာပြီး အို့ရန်စန်း၏လက်ထဲမှ



ဓား လွင့်စဉ်သွားလေတော့သည်။

အို့ရန်စန်း နောက်ဆုတ်သွား၏။

ဓားကိုင်ထားသောလက်ကို ကျန်လက်ဖြင့် ပွတ်နေ၏။

ကြေးစုတ်တံနှင့် ရင်ဆိုင်လိုက်ရသဖြင့် သူ၏လက်များ ကွဲကြေသွားမတတ် နာကျင်သွားခဲ့ရသည် မဟုတ်ပါလား။

ကျင်းစန်းက...

“ကဲ...ခင်ဗျားအလှည့်ပဲ”

ပြောရင်း ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

အို့ရန်စန်း မျက်နှာပျက်သွားသည်။

နောက်သို့ ကပျာကယာ ဆုတ်လိုက်ပြီး...

“မလုပ်နဲ့”

ကြောက်လန့်တကြား အော်ဟစ်ကာ တားဆီးလိုက်၏။

သို့သော် ကျင်းစန်းက ဆက်လက်တိုက်ခိုက်လိုက်သဖြင့်...

“ဝုန်း”

“အား”

ပခုံးပေါ် ကြေးစုတ်တံဖြင့် ရိုက်ချခြင်း ခံလိုက်ရလျှင် အို့ရန်စန်း စူးရှစွာအော်ဟစ်လိုက်၏။

ခန္ဓာကိုယ် အရုပ်ကြိုးပြတ်ဖြင့် မြေပေါ်ပုံလျက်သား လဲကျသွားလေသည်။

ကျင်းစန်းက...

"သေပေတော့"

ထပ်မံအော်ငေါက်ကာ တိုက်ခိုက်လိုက်ပြန်၏။

အို့ရန်စန်းမှာ ကျင်းစန်းအား မည်သို့မျှ မယှဉ်နိုင်သည်ကို ယခုမှ ရှင်းရှင်းလင်းလင်း နားလည်လာ၏။

တစ်ယောက်တည်း လိုက်လာခဲ့မိသည်မှာ မှားပြီဟု နောင်တရလာ၏။

မည်သို့ဆိုစေ သူနောင်တရသည့်အချိန်မှာ နောက်ကျနေပြီ ဖြစ်လေသည်။ လက်နှစ်ဘက်ယှက်ကာ...

"ကျုပ်..ကျုပ်ကို ချမ်းသာပေးပါ"

ဟုတောင်းပန်လေသည်။

သူ၏ပုံသဏ္ဌာန်ကိုမြင်လျှင် ကျင်းစန်း တုန့်ခနဲရပ်သွားလေသည်။

အို့ရန်စန်းအား ဆက်၍တိုက်ခိုက်ရန် သင့်မသင့်စဉ်းစားရင်း တွေဝေသွားလေသည်။

သူ၏မျက်လုံးထဲဝယ် သေဆုံးသွားကြရသော မိတ်ဆွေများ၏မျက်နှာကို မြင်ယောင်လာ၏။

အို့ရန်စန်း အသက်ရှင်နေလျှင် ဒုက္ခရောက်ရမည့်သူများ နောက်ထပ်ထွက်ပေါ်လာဦးမည် ဖြစ်သည်။

ကျင်းစန်း အံကြိတ်လိုက်သည်။

ကြေးစုတ်တံဖြင့် တအားရိုက်ချလိုက်လေသည်။



"မလုပ်ပါနဲ့"

အို့ရန်စန်းက တောင်းပန်နေ၏။

ထိုစဉ်မှာပင် ကျင်းစန်း၏ ကြေးစုတ်တံသည် သူ၏ဦးခေါင်းပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်သွား၏။

"ခွပ်"

"အား"

အို့ရန်စန်း၏ စူးရှကျယ်လောင်သော အသံနက်ကြီး မြည်ဟီးထွက်ပေါ်လာ၏။

အသံဆုံးလျှင် မြေပေါ်ပုံလျက်သား လဲကျသွား၏။

ကျင်းစန်းက ကြေးစုတ်တံကို ပြန်လည်သိမ်းလိုက်ပြီး ဝီကျောင်းနှင့် နဂါးလေးတို့၏မြေပုံဘက်သို့လှည့်ကာ...

"လူယုတ်မာတစ်ယောက်တော့ ဇာတ်သိမ်းသွားပြီကွ"

ဟု တစ်လုံးချင်း ပြောလိုက်လေတော့သည်။

➤ ➤ ➤

## သားကောင်

မြို့လယ်တွင် လူအများ ရုတ်ရုတ်သဲသဲဖြစ်နေသည်။

မြို့လယ်လမ်းလေးခွဆုံရှိ သစ်ပင်ကြီးတစ်ပင်အနီး၌ စုရုံးနေကြခြင်းဖြစ်သည်။

ထိုစဉ်မှာပင်...

"ဘေးဖယ်လိုက်ကြစမ်း"

အော်ငေါက်သံနှင့်အတူ လူတစ်စု ပြေးလွှားရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူစုအား ဦးဆောင်လာသူမှာ နယ်ခြားမြို့စားတုရှောင်ထင်းဖြစ်လေသည်။

တုရှောင်ထင်းကိုမြင်လျှင် လူအများ ထိတ်လန့်ကြောက်ရွံ့ကာ အပြေးအလွှား ရှောင်တိမ်းသွားကြလေတော့သည်။



တုရှောင်ထင်းက လူရှင်းသွားသော သစ်ပင်ကြီးအောက်သို့ ရောက်ရှိသွားလေသည်။

သစ်ပင်ကြီး၌ လူသေအလောင်းတစ်လောင်းအား ကြိုးများဖြင့် ချည်နှောင်ထားလေသည်။

ဝီကျောင်း၏အလောင်း နေရာဖြစ်သည်။

သို့သော်...

ယခုတော့ ဝီကျောင်း၏နေရာတွင် အခြားလူသေအလောင်းတစ်လောင်းက အစားထိုးနေရာယူလိုက်ပြီ ဖြစ်လေသည်။

တုရှောင်ထင်းသည် ထိုအလောင်းကိုတွေ့လိုက်သည်နှင့် မူးမေ့လဲကျမတတ် ဖြစ်သွားလေတော့သည်။

ထိုအလောင်းကား အို့ရှန်စန်း၏ အလောင်းဖြစ်နေပါတော့သည်။

"ဖြစ်ရလေကွာ"

တုရှောင်ထင်း မချိတင်ကဲ ညည်းညူလိုက်လေသည်။

သူ၏မျက်နှာ တဖြည်းဖြည်း ခက်ထန်တင်းမာလာသည်။

ဒေါသကြောင့် မျက်လုံးများလည်း အရောင်တဖိတ်ဖိတ် ဝင်းလက် တောက်ပြောင်လာလေသည်။

"ဒါ ဘယ်သူ့လက်ချက်လဲ"

ဟုမေးလိုက်သည်။ သူ၏အမေးစကားကို မည်သူကမျှ အဖြေမပေးနိုင်ကြပါချေ။

အဖြေပေးနိုင်သူရှိလျှင်လည်း ဖြေဖို့ကြမည် မဟုတ်ပါ။

"ပြောစမ်း၊ ဘယ်သူ့လက်ချက်လဲ"

တုရှောင်ထင်း ထပ်မေးလိုက်သည်။

ထိုစဉ်...

"ကျုပ်ရဲ့လက်ချက်ပါဗျာ"

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာလေသည်။

ထိုလူမှာ ကျင်းစန်းဖြစ်လေသည်။

တုရှောင်ထင်း ဒေါသထွက်သွားလေသည်။

"မင်းက ငါ့သားကို သတ်ပစ်လိုက်တယ် ဟုတ်လား"

ကျင်းစန်းက...

"ခင်ဗျားရဲ့သားက ကျုပ်မိတ်ဆွေတွေကို ဒုက္ခမပေးခဲ့ဘူး ဆိုရင် ခုလို သေဆုံးသွားစရာအကြောင်း မရှိပါဘူးဗျာ"

တုရှောင်ထင်း နားလည်သဘောပေါက်သွားလေသည်။

"လက်စသတ်တော့ ဂူချင်းချင်းနဲ့လိုက်လာတာ မင်းတို့ကိုး"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကို ဆရာမုတ်ဆိတ်ဖြူကြီးက လွှတ်လိုက်တာပါ"

တုရှောင်ထင်း ခေါင်းညိတ်လိုက်သည်။

"သည်လိုပဲဖြစ်ရမှာပေါ့၊ မိုးကြိုးဓားနဲ့ကြေးစုတ်တံကိစ္စမှာ နောက်ကွယ်က လှုပ်ရှားနေတဲ့လူဟာ မုတ်ဆိတ်ဖြူကြီးကလွဲပြီး ဘယ်သူရှိရဦးမှာလဲ"



ကျင်းစန်း မျက်မှောင်ကုပ်သွားလေသည်။

"ခင်ဗျားက ဆရာမုတ်ဆိတ်ဖြူကြီးကို သိနေတယ် ဟုတ်လား"

"ဟား..ဟား..ဟား..မင်းကကော မုတ်ဆိတ်ဖြူကြီးရဲ့အကြောင်းကို ဘယ်လောက်များ သိနေလို့လဲ ပြောပါဦး"

"ဘာဗျ"

ကျင်းစန်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

မုတ်ဆိတ်ဖြူကြီးသည် သူ၏ကျေးဇူးရှင်ဆရာသခင် တစ်ယောက်ဟုသာ သိထားလေသည်။

တုရှောင်ထင်းက...

"မင်းရဲ့ မုတ်ဆိတ်ဖြူကြီးဟာ လူကြီးလူကောင်းဟန် ဆောင်ထားပေမယ့် ဘယ်တုန်းကမှ လူကောင်းတစ်ယောက် မဟုတ်ခဲ့ဘူးဆိုတာ မင်းမသိသေးဘူးထင်တယ်"

"ခင်..ခင်ဗျား"

"မင်းရဲ့မုတ်ဆိတ်ဖြူကြီးနဲ့ငါဟာ ဆရာတစ်ဆူထံမှာ ပညာသင်ခဲ့တဲ့ ပညာသင်ဘက် ညီအစ်ကိုတွေဆိုတာကော မင်းသိရဲ့လား"

ကျင်းစန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

တုရှောင်ထင်းက...

"ဆရာက ငါတို့နှစ်ယောက်အတွက် ရည်စူးပြီး မိုးကြိုးဓားနဲ့ကြေးစုတ်တံကို တီထွင်ခဲ့တယ်၊ မုတ်ဆိတ်ဖြူကြီးက လောဘတက်

ပြီး ပစ္စည်းနှစ်မျိုးစလုံးကို ရယူချင်တာနဲ့ ဆရာ့ကို အကောက်ကြံခဲ့တာ၊ သူ့လက်ချက်နဲ့ ဆရာသေဆုံးသွားပေမယ့် ငါ အချိန်မီရောက်သွားတာကြောင့် မုတ်ဆိတ်ဖြူကြီးက မိုးကြိုးဓားကိုပဲ ရသွားတယ်လေ”

ကျင်းစန်း စိတ်ဝင်စားသွားလေတော့သည်။

တုရှောင်ထင်းက…

“ငါတို့ဟာ မာနကြီးတယ်၊ ခက်ထန်ကြမ်းကြုတ်တယ်၊ ရင်စက်တယ်၊ ဒါကြောင့် သိုင်းလောကသားတွေက လူဆိုးတွေလို့ သတ်မှတ်ထားကြတာ၊ မုတ်ဆိတ်ဖြူကြီးဟာ သိုင်းလောကထဲ ရောက်သွားတော့ အားလုံးလက်ခံလာအောင် အများအကျိုးဆောင် ရွက်ပြပြီး လူကောင်းတစ်ယောက်လိုနေခဲ့တာ၊ လူတွေလက်ခံသွားတာနဲ့ သူက လူစွမ်းကောင်းငါးယောက်ကို စည်းရုံးသိမ်းသွင်းပြီး နောက်ကွယ်ကနေ သိုင်းလောကကိုလွှမ်းမိုးနိုင်အောင် ကြိုးစားခဲ့တယ်၊ တစ်နေ့တော့ လူစွမ်းကောင်းငါးယောက်ထဲမှာ ပါဝင်တဲ့ ဂူချန်းက သူ့ဆီက မိုးကြိုးဓားကိုခိုးယူပြီး ထွက်ပြေးသွားတယ်၊ မုတ်ဆိတ်ဖြူကြီးဟာ သိုင်းလောကကို လွှမ်းမိုးဖို့ကြိုးစားနေတဲ့ လူတစ်ယောက်ဖြစ်တာကိုလည်း ထုတ်ဖော်လိုက်တော့ မုတ်ဆိတ်ဖြူကြီး ကိုယ်ရှိန်သပ်ပြီး သိုင်းလောကက အနားယူလိုက်တယ်၊ ဒါပေမယ့် ကျန်တဲ့ လူစွမ်းကောင်းတွေကိုတော့ ဂူချန်းကိုရအောင် ရှာခိုင်းတယ်”

ကျင်းစန်းသည် တုရှောင်ထင်း ပြောသည့်စကားများကို



မယုံနိုင်အောင် ဖြစ်နေပါသည်။

“ဂူချန်းက ခြေရာဖျောက်ကောင်းတော့ ဘယ်လိုမှ ရှာမတွေ့ခဲ့ကြဘူး၊ ဒါနဲ့ မုတ်ဆိတ်ဖြူကြီးက တစ်ဘက်လှည့်နဲ့ တပည့်တစ်ယောက်ကို သူ့ရဲ့မိသားစုနဲ့အတူ ကျုပ်ဆီကိုလွှတ်လိုက်တယ်၊ ကျုပ်က အကြောင်းမသိဘဲ အလုပ်သမားတွေအဖြစ် လက်ခံထားခဲ့တာ၊ နောက်မှ သူတို့အကြောင်း ပေါ်လာလို့ ဖမ်းဆီးတဲ့အခါ တစ်ယောက်က ကျုပ်ဆီက ကြေးစုတ်တံကို ခိုးယူပြီးထွက်ပြေးသွားခဲ့တယ်လေ၊ ဒါကို လင်းကျိ ကံကောင်းပြီး တဆင့်ရသွားခဲ့တာ”

ကျင်းစန်းက…

“ခင်ဗျားက ဆရာမုတ်ဆိတ်ဖြူကြီးကို မကျေနပ်ဘူးဆိုရင် အစကတည်းက သိုင်းလောကထဲဆင်းပြီး စာရင်းရှင်းရမှာပေါ့ဗျာ”

တုရှောင်ထင်းက….

“မုတ်ဆိတ်ဖြူကြီးက သိုင်းပညာမခေဘူး၊ ကျုပ်ထက်သာတယ်၊ ဒါကြောင့် ဆရာ မသေဆုံးမီမှာ သူနဲ့ယှဉ်နိုင်မယ့် သိုင်းပညာတစ်ရပ်ကို သင်ပေးခဲ့တယ်၊ သည်ပညာကို ကျုပ်လေ့ကျင့် ပေမယ့် မအောင်မြင်သေးတာကြောင့် သိုင်းလောကထဲ စာရင်းမရှင်းနိုင်ဘဲ နှောင့်နှေးနေခဲ့ရတာပေါ့”

ဟုရှင်းပြလေသည်။ ကျင်းစန်း မည်သို့ဆက်ပြောရမှန်းမသိဖြစ်သွားလေသည်။ တုရှောင်ထင်းက…

“ဂူချန်းက သူ့ကို မုတ်ဆိတ်ဖြူကြီးက ချမ်းသာပေးမှာ မ

ဟုတ်တာကိုသိထားတာကြောင့် ကျုပ်နဲ့ဆက်သွယ်ခဲ့တယ်၊ သူ့ရဲ့သမီးနဲ့ကျုပ်ရဲ့သား လက်ထပ်ပေးမယ်၊ သူရထားတဲ့ မိုးကြိုးဓားနဲ့ ကြေးစုတ်တံပေါင်းစပ်ပြီး သိုင်းလောကကို လွှမ်းမိုးကြမယ်ပေါ့လေ၊ တကယ်တော့ ကျုပ်ရဲ့ကြေးစုတ်တံ ပျောက်သွားတာနဲ့ စုထင်းဟာ ကျုပ်ရဲ့ကျေးဇူးရှိတဲ့လူတစ်ယောက်ဆိုတာ သူမသိခဲ့သေးဘူး၊ ဒါပေမယ့် မုတ်ဆိတ်ဖြူကြီးနဲ့သူ့လူတွေက သိသွားကြတယ်"

ယခု ချင်းယဉ်သာမက မုတ်ဆိတ်ဖြူကြီးကိုယ်တိုင်ကပါ သူ့အား အသုံးချခဲ့ခြင်းဖြစ်ကြောင်း ကျင်းစန်း သိလိုက်ရပြီဖြစ်လေသည်။ ကျင်းစန်း ခံပြင်းလာလေသည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကို အသုံးချခဲ့ပြီး ကျုပ်ရဲ့မိတ်ဆွေတွေကို ဒုက္ခပေးခဲ့ကြတဲ့ ဂူချန်းတို့သားအဖနဲ့ ခင်ဗျားကို ဆုံးမရမှာပဲဗျ"

တုရှောင်ထင်းက....

"ကောင်းပြီလေ၊ မင်း ဘယ်လောက် တတ်နိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့"

နှစ်ယောက်သား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြစဉ်...

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ ဂူချင်းချင်း ပြေးလွှားရောက်ရှိလာလေတော့သည်။

➤ ➤ ➤



ဂူချင်းချင်း၏မျက်နှာ ဒေါသကြောင့် နီရဲနေလေသည်။ ကျင်းစန်းအား စားမတတ်ဝါးမတတ် စိုက်ကြည့်လိုက်၏။

"ရှင်က ကျွန်မအဖေကို သတ်ပစ်လိုက်တယ် မဟုတ်လား"

ကျင်းစန်း ပြုံးလိုက်သည်။

"ခင်ဗျားအဖေဟာ ကျုပ်ရဲ့လက်ချက်ကြောင့ ဒဏ်ရာရသွားတာ မှန်ပေမယ့် အသက်အန္တရာယ်မထိခိုက်နိုင်ပါဘူး၊ ခင်ဗျားအဖေဒဏ်ရာနဲ့လဲပြီး ကျန်ရစ်ခဲ့တုန်း သူက ရောက်လာတယ်"

တုရှောင်ထင်းအား ညွှန်ပြကာ ပြောလိုက်သည်။

တဖန်...

"ခင်ဗျားအဖေ ဘယ်သူ့လက်ချက်နဲ့ သေဆုံးသွားရသလဲဆိုတာ စဉ်းစားကြည့်ပေါ့ဗျာ"

ဟုပြောလိုက်သည်။

ဂူချင်းချင်းက တုရှောင်ထင်းအား ကြည့်လိုက်၏။

တုရှောင်ထင်း ပြုံးလိုက်သည်။

"မင်းအဖေဟာ မုတ်ဆိတ်ဖြူကြီးကို ကြောက်ပေမယ့် ငါ့အပေါ်မှာတော့ အတော် လောဘကြီးတာပဲ၊ သူက ငါ့ကိုအယုံသွင်းပြီး အကောက်ကြံမယ်၊ ငါ့ရဲ့ကြေးစုတ်တံကိုရယူပြီး နယ်ခြားဒေသမှာ စိုးမိုးဖို့အထိ ကြံစည်ထားတာ၊ ငါ့ကို မုတ်ဆိတ်ဖြူကြီးလို လှည့်စားလို့မရဘူးလေ"

ဂူချင်းချင်း ခေါင်းညိတ်လိုက်သည်။

"ကျွန်မ သဘောပေါက်ပြီ၊ ကျွန်မအဖေကို လုပ်ကြံလိုက်တာရှင်ကိုး၊ စောစောက ရှင်တို့ပြောဆိုနေကြတဲ့စကားတွေကိုလည်း ကျွန်မ ကြားပြီးပါပြီ"

တုရောင်ထင်းက...

"မင်းအဖေက သေခါနီးတောင် ကျုပ်ကို လှည့်စားသွားသေးတယ်၊ သူ့ရဲ့မိုးကြိုးဓားက အတုဖြစ်နေတယ်၊ ကဲ မိုးကြိုးဓားအစစ်က မင်းဆီမှာမဟုတ်လား၊ ငါ့ကိုပေးစမ်း"

ဲက်ဝါးဖြန့်ကာ တောင်းလိုက်လေသည်။

ဂူချင်းချင်းက...

"ရှင်လိုချင်တယ်ဆိုရင် ရပါတယ်"

အင်္ကျီရင်ဘတ်ကြား၌ ဝှက်ထားသော ဓားတစ်လက်ကို ထုတ်ယူကာ တုရောင်ထင်းအား တိုက်ခိုက်လိုက်လေတော့သည်။

➢ ➢ ➢

ဂူချင်းချင်းက တုရောင်ထင်းအား တိုက်ခိုက်လိုက်ပြီဖြစ်လေသည်။

ကျင်းစန်း နောက်ဆုတ်လိုက်သည်။

တုရောင်ထင်းကိုလည်းကောင်း၊ ဂူချင်းချင်းကိုလည်းကောင်း ဆုံးမရမည်သာ ဖြစ်လေသည်။



တုရောင်ထင်း၏ သိုင်းပညာထက်မြက်နေသကဲ့သို့ ဂူချင်းချင်းသည်လည်း အံ့သြစရာကောင်းအောင် သိုင်းပညာထက်မြက်နေပါသည်။

သူတို့နှစ်ယောက်နှင့် တစ်ယောက်ချင်းယှဉ်ရန်ပင် မလွယ်ကြောင်း နားလည်ထားလေသည်။

ထို့ကြောင့်....

အခြေအနေ စောင့်ကြည့်ပြီးမှ ဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေသည်။

ထိုအချိန်မှာပင်...

"ဟိတ်"

"ယား"

တုရောင်ထင်းနှင့် ဂူချင်းချင်းတို့က ညာသံပေးကာ ထိပ်တိုက် ရင်ဆိုင်လိုက်ကြလေသည်။

လူရိပ်များ ရောထွေးသွား၏။

မည်သူက ဂူချင်းချင်း၊ မည်သူက တုရောင်ထင်းဆိုသည်ကိုပင် ရုတ်တရက် ခွဲခြားမရအောင် ဖြစ်သွားလေသည်။

ထို့နောက်...

"ဝုန်း"

"အား"

"အမယ်လေး"

ရှုးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာကာ ဂူချင်းချင်းကော တုရှောင်ထင်းပါ အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

➢ ➢ ➢

ပြင်းထန်သော တိုက်ပွဲမှာ ရုတ်တရက် ပြီးဆုံးသွားလေသည်။

ဂူချင်းချင်းနှင့် တုရှောင်ထင်းတို့သည် အဝေးသို့လွင့်စဉ်ကာ မြေပေါ်လဲကျသွားကြလေသည်။

တုရှောင်ထင်း လဲကျသွားသည်နှင့် သူ၏တပည့်များလည်း အထိတ်တလန့်ဖြစ်ကာ ထွက်ပြေးသွားကြလေတော့သည်။

ကျင်းစန်း ဝမ်းသာသွားသည်။

တုရှောင်ထင်းနှင့် ဂူချင်းချင်းတို့အား ဆုံးမဖို့ အခွင့်အရေးရလိုက်ပြီ မဟုတ်ပါလား။

"ဟား..ဟား..ဟား"

ကျင်းစန်း သဘောကျစွာ ရယ်မောလိုက်လေသည်။

"ခင်ဗျားတို့နှစ်ယောက် ကိုယ့်အတတ်ကိုယ်စူးသွားကြတာပဲဗျ"

ပြောရင်း ဂူချင်းချင်း၏လက်ထဲမှ လွင့်စဉ်သွားသော မိုး



ကြိုးဓားကို လှမ်းကြည့်လိုက်လေသည်။

ထို့နောက် မိုးကြိုးဓားရှိရာသို့ လှမ်းသွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

"ဟူး"

အဝတ်အစားလေတိုးသံနှင့်အတူ လူရိပ်တစ်ခု ရောက်ရှိလာပြီး မိုးကြိုးဓားအား ကောက်ယူသွားလေသည်။

"ဟင်"

ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

ထိုလူအား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

သေသေချာချာ တွေ့မြင်လိုက်ရလျှင် ပို၍အံ့ဩသွားရလေတော့သည်။

အကြောင်းမှာ...

ထိုလူသည် သူ့အား သိုင်းပညာသင်ကြားပေးခဲ့သော ဆရာသခင်ကျေးဇူးရှင် မုတ်ဆိတ်ဖြူကြီး ဖြစ်နေသည် မဟုတ်ပါလား။

မုတ်ဆိတ်ဖြူကြီးက ကျင်းစန်းကို အမှုမထားဘဲ မိုးကြိုးဓားကိုကြည့်နေသည်။

ကျင်းစန်း ဒူးထောက်ချလိုက်လေသည်။

"ဆရာ"

သူ၏အသံကြားမှ မုတ်ဆိတ်ဖြူကြီးက စောင်းငဲ့ကြည့်လာလေသည်။

ကျင်းစန်းက...

"ကျွန်တော့် တာဝန်ကျေအောင် ဆောင်ရွက်ဖို့ကြိုးစားခဲ့ပါတယ် ဆရာ၊ ဒါပေမယ့် အနှောက်အယှက်ကလေးတွေ ရှိနေတာကြောင့်"

သူ၏စကားမဆုံးမီ မုတ်ဆိတ်ဖြူကြီးက လက်ကာပြလိုက်လေသည်။

"ကိစ္စမရှိဘူး၊ မင်းက ကြေးစုတ်တံကိုရအောင် ယူနိုင်ခဲ့တယ် အခု ငါ့လက်ထဲကို မိုးကြိုးမားရောက်လာပြီ၊ သည်လက်နက်နှစ်မျိုး ရှိနေပြီဆိုတော့ သိုင်းလောကို လွှမ်းမိုးနိုင်ပြီပေါ့ကွာ"

"ဗျာ"

သိုင်းလောကကို လွှမ်းမိုးနိုင်ပြီဟူသော စကားကြောင့် ကျင်းစန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

မုတ်ဆိတ်ဖြူကြီးက...

"ကြေးစုတ်တံ ဘယ်မှာလဲ၊ ငါ့ကိုပေးလေ"

"ဆရာ..ဆရာက နယ်ခြားမြို့စားက သိုင်းလောကကို လွှမ်းမိုးမှာမို့ သူ့ကိုဆုံးမရမယ်၊ မိုးကြိုးဓားနဲ့ကြေးစုတ်တံကိုလည်း ဖျက်ဆီးပစ်ရမယ်လို့ ပြောခဲ့တာ၊ အဲဒါ.."

"ဟား..ဟား..ဟား"



မုတ်ဆိတ်ဖြူကြီးက ဟားတိုက်ရယ်မောလိုက်လေသည်။ ကျင်းစန်း ရင်ထိတ်သွားသည်။

"ဆရာ"

မုတ်ဆိတ်ဖြူကြီးက လက်ကာပြလိုက်သည်။

"ဒါတွေ အသာထားလိုက်စမ်းပါ၊ သိုင်းလောကကို လွှမ်းမိုးဖို့က အရေးအကြီးဆုံးဆိုတာ မင်းမှတ်ထားစမ်းပါ"

ကျင်းစန်း မကျေမနပ်ဖြစ်သွားလေသည်။

မုတ်ဆိတ်ဖြူကြီးသည် သူထင်မှတ်ထားသလို လူကောင်းတစ်ယောက်မဟုတ်ဘဲ တုရှောင်ထင်းပြောသကဲ့သို့ လူကောင်းဟန်ဆောင်ထားသည့် လူဆိုးကြီးတစ်ယောက်ပင် ဖြစ်နေသည်လော။

ကျင်းစန်း မအောင့်အည်းနိုင်တော့ဘဲ မေးလိုက်၏။

"တုရှောင်ထင်းက ဆရာဟာ သူနဲ့ပညာသင်ဘက်ညီအစ်ကို တစ်ယောက်လို့ ပြောခဲ့ပါတယ်"

မုတ်ဆိတ်ဖြူကြီး ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်လေ"

"ဒါဖြင့် သူပြောတာ.."

"အေး..သူပြောတာတွေ အမှန်တွေချည်းပဲပေါ့"

"ဗျာ"

"ကျင်းစန်း ငါက လူကောင်းပဲဖြစ်ဖြစ်၊ လူဆိုးပဲဖြစ်ဖြစ် ဘာမှအရေးမကြီးဘူးကွ၊ အရေးကြီးတာက မင်းတို့ ငါတို့ သိုင်းလောက

ကိုလွှမ်းမိုးနိုင်ဖို့ပဲ"

"ဆရာက သိုင်းလောကကို တကယ်ပဲ လွှမ်းမိုးချင်တာလား ဗျာ"

"တကယ်ပေါ့"

ကျင်းစန်း သက်ပြင်းချလိုက်သည်။

မုတ်ဆိတ်ဖြူကြီးက...

"ကဲ...ကြေးစုတ်တံကို ပေးစမ်းပါ"

ဟုတောင်းလိုက်ပြန်လေသည်။

ကျင်းစန်း ခေါင်းခါယမ်းလိုက်လေသည်။

"ဝမ်းနည်းပါတယ် ဆရာ၊ ကျွန်တော် မပေးနိုင်ပါဘူးဗျာ"

"ဘာကွ"

ကျင်းစန်းက ငြင်းလိုက်သဖြင့် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ကျင်းစန်းကို စိုက်ကြည့်လိုက်လေသည်။

"မပေးဘူး ဟုတ်လား"

"ကျွန်တော် မပေးနိုင်ပါဘူး ဆရာ"

"မင်း...မင်း"

မုတ်ဆိတ်ဖြူကြီး ဒေါသဖြစ်သွားလေသည်။

အံတင်းတင်းကြိတ်ယင်း ကျင်းစန်းကို ငေါက်လိုက်လေ၏။

"ကျင်းစန်း...မင်းက ငါ့ကိုအာခံချင်တယ်ပေါ့လေ"



ကျင်းစန်း တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်၏။

"ကျွန်တော်ဟာ မတရားမှုကို လက်မခံနိုင်ပါဘူး ဆရာ သိုင်းလောကကို လွှမ်းမိုးမယ်ဆိုတာကိုလည်း လက်မခံနိုင်ပါဘူး ဆရာ"

"သြော်...မင်းက သူရဲကောင်းတစ်ယောက် ဖြစ်ချင်နေတာကိုး၊ ငါမွေးတဲ့မြောက် ငါ့ကိုပြန်ခြောက်လို့ ရမယ်ထင်နေတာလား"

မုတ်ဆိတ်ဖြူကြီးက ရှေ့တိုးလာလေသည်။

ကျင်းစန်း အားတင်းလိုက်သည်။

"ဆရာ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာ"

ပြန်လည်ရင်ဆိုင်ရန် ဟန်ပြင်လိုက်လေသည်။

မုတ်ဆိတ်ဖြူကြီး ဒေါသထွက်နေသည်။

"အေး...မင်းသေချင်နေပြီဆိုရင် သေရမယ် မှတ်ထား"

ထို့နောက် မြေပေါ်ခြေဆောင့်ကာ ကျင်းစန်းထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ကျင်းစန်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်နေပါသည်။

ကျေးဇူးရှင်ဆရာသမားမှာ လူဆိုးကြီးတစ်ယောက်ဖြစ်ကြောင်း သိလိုက်ရပြီး ရင်ဆိုင်တိုက်ခိုက်လိုက်ရတော့မည် မဟုတ်ပါလား။

ထိုစဉ်...

"ဟူး"

လူရိပ်တစ်ခု ခုန်ဝင်လာပြီး မုတ်ဆိတ်ဖြူကြီးနှင့် ရင်ဆိုင်တိုက်ခိုက်လိုက်လေတော့သည်။

➤ ➤ ➤

ကျင်းစန်း ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ကြားဝင်တိုက်ခိုက်လာသူကို ကြည့်လိုက်၏။

ထိုလူမှာ လေလွင့်ဂိုဏ်းမှ တင်းရှိဖြစ်နေပါတော့သည်။

တင်းရှိသည် မုတ်ဆိတ်ဖြူကြီးအား မည်သို့မျှ ယှဉ်နိုင်မည်မဟုတ်ကြောင်း ကျင်းစန်း နားလည်လိုက်သည်။

"သွားစမ်း"

မုတ်ဆိတ်ဖြူကြီးက အော်ငေါက်ရင်း တင်းရှိအား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

"ဝုန်း"

"အား"

ကျယ်လောင်သော အသံများထွက်ပေါ်လာပြီး တင်းရှိမှာ အဝေးသို့လွင့်စဉ်သွားလေသည်။

"ဦးလေးတင်းရှိ"



ကျင်းစန်း ချက်ချင်းပြေးသွားပြီး ဖေးမလိုက်သည်။

အတွင်းဒဏ်ရသွားသော တင်းရှိ၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျနေပါသည်။

တင်းရှိက သူ့ကိုယ်သူထက် ကျင်းစန်းအတွက် ပိုစိုးရိမ်စိတ်ပူနေပါတော့သည်။

"ကျင်းစန်း မင်းမြန်မြန်ပြေးပါ"

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မပြေးဘူး"

တင်းရှိက...

"မင်းရဲ့ဆရာဟာ သိုင်းလောကကို ဒုက္ခပေးမယ့်လူတစ်ယောက်ဆိုတာကို သူအကြပ်ကိုင်ထားတဲ့ လူစွမ်းကောင်းတွေက ဖော်ထုတ်လိုက်ကြလို့ သိုင်းလောကတစ်ခုလုံး သိနေကြပြီကွ၊ သူ့ကိုတားဆီးရင် မင်းကိုလည်း ချမ်းသာပေးမှာမဟုတ်ဘူး၊ ဒါကြောင့် မင်း မြန်မြန်ပြေးပေတော့"

ကျင်းစန်း အံကြိတ်လိုက်သည်။

"သူဟာ ကျွန်တော့်ကို သိုင်းပညာသင်ပေးတဲ့ ကျေးဇူးရှိပေမယ့် အများအကျိုး၊ သိုင်းလောကအကျိုး ပျက်...အောင်လုပ်မယ့် လူတစ်ယောက်မို့ ကျွန်တော် အစွမ်းကုန်ပာန့်တားသွားမှာပါဗျာ"

ထိုစဉ်...

"ဟား...ဟား...ဟား"

မုတ်ဆိတ်ဖြူကြီး၏ ဟားတိုက်ရယ်မောသံ ထွက်ပေါ်လာလေသည်။

တင်းရီက...

"မြန်မြန်ပြေး"

ကျင်းစန်းအား တွန်းထုတ်လိုက်လေသည်။

မုတ်ဆိတ်ဖြူကြီး ခေါင်းခါယမ်းလိုက်သည်။

"မင်းတို့နှစ်ယောက်စလုံး ပြေးလို့မရတော့ပါဘူးလေ"

ပြောရင်း ရှေ့တိုးလာလေသည်။

ထိုအချိန်မှာပင်...

"ကျုပ်လည်း ရှိပါသေးတယ်ဗျာ"

ရှမ်းစု ပြေးလွှားရောက်ရှိလာကာ မုတ်ဆိတ်ဖြူကြီးအား တိုက်ခိုက်လိုက်လေသည်။

မုတ်ဆိတ်ဖြူကြီး ဒေါပွသွားလေသည်။

"လေလွင့်ဂိုဏ်းကလူတွေ နေရာတကာ ဝင်ရှုပ်ချင်ကြတာ သေချင်လို့ပဲဖြစ်မယ်"

ရှမ်းစုအား တိုက်ခိုက်လိုက်လေသည်။

ရှမ်းစုကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

တင်းရီကဲ့သို့ပင် ရှမ်းစုလည်း မုတ်ဆိတ်ဖြူကြီးအား မယှဉ်နိုင်ခဲ့ပါချေ။

နှစ်ယောက်သား ရင်ဆိုင်လိုက်ကြပြီး မကြာမီ...



"ဝုန်း"

"အား"

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာကာ ရှမ်းစုလည်း လွင့်စဉ်သွားလေတော့သည်။

➢ ➢ ➢

မုတ်ဆိတ်ဖြူကြီး၊ နယ်ခြားမြို့စား တုရှောင်ယင်းနှင့် ဂူချင်းချင်းတို့၏ သိုင်းပညာမှာ ကြောက်ခမန်းလိလိ ထက်မြက်နေသည်။

ဂူချင်းချင်းသည် ဖခင်ဂူချန်းထက်ပင် လက်စောင်းထက်သူဖြစ်နေသည်။

ဂူချင်းချင်းနှင့် တုရှောင်ထင်းတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီးနောက် နှစ်ယောက်စလုံး ပြင်းထန်စွာ ဒဏ်ရာရကာ မြေပေါ်လဲကျနေကြပြီ ဖြစ်လေသည်။

မုတ်ဆိတ်ဖြူကြီးကသာ မားမားမတ်မတ် ရပ်နေခြင်းဖြစ်ပါသည်။

တင်းရီနှင့် ရှမ်းစုတို့သည်လည်း မုတ်ဆိတ်ဖြူကြီး၏ လက်ချက်ဖြင့် လဲကျနေကြပြီ ဖြစ်လေသည်။

ကျင်းစန်း အံကြိတ်လိုက်လေသည်။

"ဆရာ..ကျွန်တော့်ကို ခွင့်လွှတ်ပါ"

တောင်းပန်ရင်း ကြေးစုတ်တံကို ဆုပ်ကိုင်ပြီး မုတ်ဆိတ်ဖြူကြီးထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

မုတ်ဆိတ်ဖြူကြီး ရယ်မောလိုက်သည်။

"ကျင်းစန်း ဖားတုလို့ ခရုခုန်အိုင်ပျက်ရုံပဲ ရှိတော့မှာပေါ့ကွာ"

ပြောရင်း လက်ဝှေ့ယမ်းလိုက်လေသည်။

လက်တစ်ဘက်က ကျင်းစန်း၏ကြေးစုတ်တံကိုင်ထားသော လက်ကိုဖမ်းဆုပ်လိုက်ပြီး ကျန်လက်တစ်ဘက်က လက်ဝါးပုံသဏ္ဌာန်ဖြင့် ကျင်းစန်း၏ရင်ဝကို ရိုက်ချလိုက်ခြင်းဖြစ်သည်။

ကျင်းစန်းသည်လည်း မုတ်ဆိတ်ဖြူကြီးအား မည်သို့မျှ ယှဉ်နိုင်လိမ့်မည် မဟုတ်ပါချေ။

"ဆားထင်းချီ..ခင်ဗျား ရပ်တန်းကရပ်လိုက်ရင် ကောင်းပါလိမ့်မယ်ဗျာ"

ဟန့်တားသံ ထွက်ပေါ်လာလေသည်။

"ဟင်"

မုတ်ဆိတ်ဖြူကြီး ရင်ထိတ်သွားလေသည်။

ကျင်းစန်းအား တိုက်ခိုက်ခြင်းမပြုဘဲ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ကျင်းစန်း ကံကောင်းသွားသည်ဟု ဆိုနိုင်ပါသည်။

ကျင်းစန်းက ရောက်လာသူကို ကြည့်လိုက်သည်။



"လေလွင့်ဂိုဏ်းချုပ်ပါလား"

လေလွင့်ဂိုဏ်းချုပ် ရောက်လာသည်ကို တွေ့ရလျှင် ကျင်းစန်းဝမ်းသာသွားလေတော့သည်။

➤ ➤ ➤

လေလွင့်ဂိုဏ်းချုပ်...။

လေလွင့်ဂိုဏ်းချုပ်သည် သိုင်းလောကထိပ်သီး သိုင်းသမားဆယ်ယောက်တွင် တစ်ယောက်အပါအဝင်ဖြစ်သည်။

ထို့ကြောင့် မုတ်ဆိတ်ဖြူကြီးအား ကောင်းစွာ ယှဉ်နိုင်မည်ဟု ကျင်းစန်း ယုံကြည်ထားလေသည်။

မုတ်ဆိတ်ဖြူကြီး မျက်နှာပျက်နေသည်။

လေလွင့်ဂိုဏ်းချုပ်က သူ၏အမည်ရင်းကို သိနေသည် မဟုတ်ပါလား။

"တစ်ချိန်က ဆားထင်းချီဆိုတဲ့ လူဆိုးတစ်ယောက်ဟာ သိုင်းလောကမှာ ထင်တိုင်းဆိုးသွမ်းသောင်းကျန်းခဲ့တယ်၊ နောက်ပိုင်း သိုင်းလောကသားတွေက လက်မခံတော့ဘဲ ဝိုင်းဝန်းတိုက်ခိုက်ကြတော့ နယ်ခြားကို ရှောင်တိမ်းထွက်ပြေးသွားတယ်၊ ဇာတ်မြုပ်ပျောက်ကွယ်သွားခဲ့တယ်လေ"

မုတ်ဆိတ်ဖြူကြီး မကျေမနပ် ဖြစ်သွားလေသည်။

"ရှည်ရှည်ဝေးဝေး ပြောမနေပါနဲ့တော့ဗျာ၊ ခင်ဗျားပြောတဲ့ ဆားထင်းချီဆိုတာ ကျုပ်ပါပဲ၊ ကျုပ်က နယ်ခြားကိုရောက်သွားပြီး တုရှောင်ထင်းနဲ့မိတ်ဆွေဖြစ်ခဲ့တယ်၊ ကျုပ်တို့နှစ်ယောက်ဟာ ကံကောင်းပြီး မန်ချူးသိုင်းဆရာတစ်ယောက်နဲ့တွေ့ပြီး တပည့်ခံနိုင်ခဲ့ကြတယ်"

လေလွင့်ဂိုဏ်းချုပ်က...

"နောက်ဆုံးတော့လည်း ခင်ဗျားတို့ရဲ့ ပင်ကိုယ်ဇာတိရုပ်ပေါ်လာတာပဲ မဟုတ်လား၊ ခင်ဗျားတို့ဟာ မန်ချူးဆရာကို လုပ်ကြံခဲ့ကြတယ်၊ ပြီးတော့ မိုးကြိုးဓားနဲ့ကြေးစုတ်တံအတွက် စိတ်ဝမ်းကွဲပြီး ရန်သူတွေဖြစ်ခဲ့ကြတယ်"

မုတ်ဆိတ်ဖြူကြီး (ဝါ) ဆားထင်းချီက...

"ကျုပ်အကြောင်း သိနေပြီဆိုတော့ ခင်ဗျား ဘာလုပ်ချင်သလဲ၊ ပြောပါဦး"

လေလွင့်ဂိုဏ်းချုပ်က...

"ခင်ဗျားကို တားဆီးရမှာပေါ့ဗျာ"

ဆားထင်းချီ ရယ်မောလိုက်လေသည်။

"ကောင်းပြီလေ၊ ကျုပ်ရဲ့ပညာ ဘယ်လောက်တိုးတက်နေပြီဆိုတာ ခင်ဗျားကို လက်တွေ့ပြရသေးတာပေါ့"

ထို့နောက် မိုးကြိုးဓားကို ဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။



လေလွင့်ဂိုဏ်းချုပ်ကလည်း ခွေးရိုက်တုတ်ဖြင့် ပြန်လည်ရင်ဆိုင်လိုက်လေတော့သည်။

➢ ➢ ➢

ကျင်းစန်းသည် ပြင်းထန်သောတိုက်ပွဲကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိလေသည်။

မုတ်ဆိတ်ဖြူကြီးမှာ သူ၏ဆရာဖြစ်သော်လည်း လူဆိုးကြီးတစ်ယောက်ဖြစ်ကာ သိုင်းလောကအား ဖျက်ဆီးမည့်သူတစ်ဦးဖြစ်နေခြင်းကြောင့် ရင်ဆိုင်တားဆီးသွားမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

လေလွင့်ဂိုဏ်းချုပ် ရောက်ရှိလာသောအခါ မုတ်ဆိတ်ဖြူကြီးအား တားဆီးနိုင်ပါစေဟု ဆုတောင်းမိလေသည်။

တိုက်ပွဲကား ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

လေလွင့်ဂိုဏ်းချုပ်သည် ခွေးရိုက်တုတ်သိုင်းအပြင် နဂါးနိုင်သိုင်းဆယ့်ရှစ်ကွက်ကို ထုတ်ဖော်အသုံးပြုနေသော်လည်း အချိန်ကြာလာသည်နှင့်အမျှ မယှဉ်နိုင်အောင်ဖြစ်လာလေ သည်။

တဖြည်းဖြည်း နောက်ဆုတ်ပေးလိုက်ရလေတော့သည်။

"ဟား...ဟား...ဟား"

မုတ်ဆိတ်ဖြူကြီးက လှောင်ပြောင်ရယ်မောလိုက်သည်။

"လေလွင့်ဂိုဏ်းချုပ်..ခင်ဗျား ဘာတတ်နိုင်မှာတဲ့လဲဗျာ"

မှန်ပေသည်။ သူ့အား တားဆီးနိုင်မည့်သူ မရှိသလောက်ဖြစ်နေချေပြီတကား။

လေလွင့်ဂိုဏ်းချုပ်က...

"ပြောဖို့စောပါသေးတယ်ဗျာ၊ ကျုပ်ရဲ့တုတ်သိုင်းကို ကြည့်ပါဦး"

ခွေးရိုက်တုတ်ဖြင့် တရကြမ်း တိုက်ခိုက်လိုက်လေသည်။

"သွားစမ်း"

မုတ်ဆိတ်ဖြူကြီးက မိုးကြိုးဓားဖြင့် ပြန်လည်ရင်ဆိုင်လိုက်လေသည်။

ပြင်းထန်သော တိုက်ပွဲပြန်လည်ဖြစ်ပေါ်လာပြန်လေတော့သည်။

သို့သော်...

ယခုတစ်ကြိမ် ရင်ဆိုင်မိလိုက်သည်နှင့် အနိုင်အရှုံးထွက်ပေါ်လာလေတော့သည်။

"ထန်း"

ကျယ်လောင်သော မြည်သံကို ကျင်းစန်းကြားလိုက်ရလေသည်။

လေလွင့်ဂိုဏ်းချုပ် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။



ကျင်းစန်း ကြည့်လိုက်သောအခါ လေလွင့်ဂိုဏ်းချုပ်၏ လက်ထဲမှ ခွေးရိုက်တုတ် ထက်ပိုင်းကျိုးပြတ်နေသည်ကို တွေ့လိုက်ရလေသည်။

ထို့အပြင်...

လေလွင့်ဂိုဏ်းချုပ်၏ရင်ဝ၌ ဒဏ်ရာရကာ သွေးများစီးကျနေသည်ကိုလည်း တွေ့လိုက်ရ၏။

"ခင်ဗျား ရှုံးသွားပြီ"

မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေသည်။

လေလွင့်ဂိုဏ်းချုပ် အံကြိတ်လိုက်လေသည်။

"ဟုတ်တယ်၊ ကျုပ်ရှုံးသွားပြီ၊ ကျုပ်ကို သတ်ပစ်လိုက်ပေတော့"

"ဟား..ဟား..ဟား"

မုတ်ဆိတ်ဖြူကြီးက ရယ်မောရင်း ခေါင်းယမ်းလိုက်လေသည်။

"ခင်ဗျားကို သတ်ပစ်လိုက်လို့ ဘယ်ဖြစ်ပါ့မလဲဗျာ"

"ဘာဗျ"

"ခင်ဗျားကို သတ်ပစ်တာထက် ကျုပ်လက်အောက်မှာထားလိုက်ရင် လေလွင့်တစ်ဂိုဏ်းလုံး ကျုပ်လက်ထဲရောက်လာမယ်၊ ဒါဆိုရင် သိုင်းလောကကို လွှမ်းမိုးတဲ့နေရာမှာ ဘယ်လောက် အထောက်အကူရမလဲ၊ အရေးကြီးတာက ခင်ဗျားကို အသက်ချမ်းသာ

ပေးတဲ့အတွက် ကျုပ်ကို သစ္စာစောင့်သိဖို့ပဲ"

"ဟား...ဟား...ဟား"

လေလွင့်ဂိုဏ်းချုပ်ကလည်း ရယ်မောလိုက်လေသည်။

မုတ်ဆိတ်ဖြူကြီး မကျေမနပ် ဖြစ်သွား၏။

"ဒါက ဘာသဘောလဲဗျ"

လေလွင့်ဂိုဏ်းချုပ် ရင်ကော့လိုက်လေသည်။

"ကျုပ်ကို သတ်ပစ်လိုက်စမ်းပါ၊ ကျုပ်က သေရမှာကို ကြောက်နေမယ်များ မှတ်နေသလား"

"သြော်"

"ကျုပ်က ခင်ဗျားလို လူယုတ်မာတစ်ယောက်ကို ဘယ်တော့မှ ဒူးမထောက်ဘူးဆိုတာ မှတ်ထားပါ"

မုတ်ဆိတ်ဖြူကြီး မဲ့ပြုံးပြုံးလိုက်လေသည်။

"အခွင့်အရေးပေးတာကို မယူဘဲ ခင်ဗျားသေချင်နေပြီဆိုရင်လည်း သဘောပေါ့လေ"

စကားဆုံးလျှင် မိုးကြိုးဓားဖြင့် လေလွင့်ဂိုဏ်းချုပ်၏ရင်ဝကို ဓားဖြင့်ထိုးသွင်းရန် ဟန်ပြင်လိုက်လေသည်။

ကျင်းစန်း လက်ပိုက်ကြည့်နေ၏။

လေလွင့်ဂိုဏ်းချုပ် သေဆုံးသွားရတော့မည်ကို သူက အဘယ်ကြောင့် လက်ပိုက်ကြည့်နေပါသနည်း။

➤ ➤ ➤



ကျင်းစန်းသည် လေလွင့်ဂိုဏ်းချုပ် သေဆုံးသွားရမည်ကို လုံးဝမလိုလားပါချေ။

သို့တိုင် အဘယ်ကြောင့် လက်ပိုက်ကြည့်နေပါသနည်း။

ကျင်းစန်းက လက်ပိုက်ကြည့်နေခြင်းမှာ အကြောင်းရှိနေပါသည်။

မြေပေါ်လဲကျနေသော တုရှောင်ထင်းက လှုပ်လှုပ်လိမ့်ထလာသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

တုရှောင်ထင်းသည် မတ်တတ်ရပ်လာနိုင်သည်နှင့် မုတ်ဆိတ်ဖြူကြီးအား နောက်ကျောဘက်မှ ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

လေလွင့်ဂိုဏ်းချုပ်ကလည်း တုရှောင်ထင်း ထရပ်လာသည်ကို တွေ့မြင်ထား၏။

တုရှောင်ထင်းက တိုက်ခိုက်လိုက်သည်နှင့် သူကလည်း ကျိုးပြတ်နေသော ခွေးရိုက်တုတ်ဖြင့် တိုက်ခိုက်လိုက်လေသည်။

ကျင်းစန်း မနေနိုင်တော့ပါချေ။

"ယား"

ညာသံပေးကာ ကြေးစုတ်တံဖြင့် ပစ်ပေါက်လိုက်လေသည်။

အားလုံးက မုတ်ဆိတ်ဖြူကြီးအား ပစ်မှတ်ထားကာ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

မုတ်ဆိတ်ဖြူကြီးသည် တိုက်ခိုက်မှုများကို ရှောင်တိမ်းနိုင်ပါမည်လော။

➤ ➤ ➤

မုတ်ဆိတ်ဖြူကြီးမှာ အလွန်ကြောက်စရာကောင်းသူ တစ်ယောက်ဖြစ်နေပါတော့သည်။

လေလွင့်ဂိုဏ်းချုပ်၏ရင်ဝကို ဓားဖြင့် ထိုးစိုက်ရန် ဟန်ပြင်လိုက်ပြီးမှ လက်လွှဲကာ နောက်ပြန်ပစ်လွှင့်လိုက်လေသည်။

"ဝှစ်"

မိုးကြိုးဓားသည် အနောက်ဘက်သို့ ပစ်လွှင့်သွားပြီး တုရှောင်ထင်း၏ရင်ဝ၌ စိုက်ဝင်သွားလေသည်။

"အား"

တုရှောင်ထင်း ရူးရှစွာအော်ဟစ်ရင်း ဝုန်းခနဲ ပြန်လည်လဲကျသွားလေတော့သည်။

မုတ်ဆိတ်ဖြူကြီးသည် တုရှောင်ထင်းအား တိုက်ခိုက်ပြီးသည်နှင့် လေလွင့်ဂိုဏ်းချုပ်၏ခွေးရိုက်တုတ်ပိုင်းကို လုယူလိုက်လေသည်။

ထို့နောက်...

"သွားစမ်း"



အော်ငေါက်ပြီး ခွေးရိုက်တုတ်ဖြင့် ကျင်းစန်းပစ်ပေါက်လိုက်သော ကြေးစုတ်တံကို ရိုက်ထုတ်လိုက်လေသည်။

"ခြွမ်း"

ကြေးစုတ်တံမှာ မြေပေါ်လွင့်စဉ်သွားလေသည်။

မုတ်ဆိတ်ဖြူကြီးသည် ဇယ်ဆက်သလို လှုပ်ရှားရင်း ကျင်းစန်းတို့သုံးယောက်၏ တိုက်ခိုက်မှုကို ချေဖျက်လိုက်လေသည်။

ပြီးလျှင်...

"သည်တစ်ခါ ခင်ဗျားတို့အလှည့်ပဲ"

ဦးစွာ ပထမ လေလွင့်ဂိုဏ်းချုပ်အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

လေလွင့်ဂိုဏ်းချုပ်မှာ မုတ်ဆိတ်ဖြူကြီး၏လက်ချက်ဖြင့် သေဆုံးသွားရတော့မည် ဖြစ်လေသည်။

ယခုတစ်ကြိမ် မည်သူမျှ တတ်နိုင်ကြတော့မည် မဟုတ်ပါချေ။

ထိုစဉ် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာလေသည်။

ဂူချင်းချင်းက မြေပေါ်လွင့်စဉ်သွားသည့် ကြေးစုတ်တံကို ကောက်ယူပြီး ခုန်ထလာကာ မုတ်ဆိတ်ဖြူကြီးအား တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

ထိုသို့ ဖြစ်ပျက်လာလိမ့်မည်ဟု မုတ်ဆိတ်ဖြူကြီး လုံးဝ

မမျှော်လင့်ခဲ့ပါချေ။

ဂူချင်းချင်း ထိုးသွင်းလိုက်သော ကြေးစုတ်တံမှာ သူ၏ နောက်ကျောမှနေ၍ ရင်ဝသို့တိုင် ထိုးဖောက်စိုက်ဝင်သွားလေတော့သည်။

"အား"

မုတ်ဆိတ်ဖြူကြီး စူးရှစွာအော်ဟစ်လိုက်လေတော့သည်။

➤ ➤ ➤



မုတ်ဆိတ်ဖြူကြီး သေဆုံးကာ အမိုက်ဇာတ်သိမ်းသွားပြီဖြစ်လေသည်။

ဂူချင်းချင်းက ကြေးစုတ်တံကို ဆွဲနုတ်လိုက်သည်နှင့် မြေပေါ်ဘိုင်းခနဲ လဲကျသေဆုံးသွားခြင်း ဖြစ်သည်။

မုတ်ဆိတ်ဖြူကြီး လဲကျသွားပြီး မရှေးမနှောင်းမှာပင်...

"ဝုန်း"

ဒဏ်ရာရထားသော လေလွင့်ဂိုဏ်းချုပ်သည်လည်း မြေပေါ်လဲကျသွားလေသည်။

လေလွင့်ဂိုဏ်းချုပ်မှာ အသက်သေဆုံးသွားခြင်း မရှိသေးသော်လည်း ဒဏ်ရာကြောင့် ရုတ်တရက် ပြန်မထနိုင်တော့ချေ။

ဂူချင်းချင်းက ရယ်မောလိုက်လေသည်။

ကျင်းစန်းကို စိုက်ကြည့်လိုက်သည်။

"ရှင့်ကို ရှင်းပစ်လိုက်ရင် မိုးကြိုးဓားနဲ့ကြေးစုတ်တံကို ကျွန်မ ပိုင်သွားပြီပေါ့"

ပြေရင်း လှမ်းလာလေသည်။

ကျင်းစန်း အံကြိတ်လိုက်သည်။

ဂူချင်းချင်းအား မယှဉ်နိုင်မှန်းသိထားသောလည်း ရင်ဆိုင်ရတော့မည်ဖြစ်လေသည်။

ဂူချင်းချင်းက ကျင်းစန်းအား တိုက်ခိုက်ရန် လက်ထဲမှ ကြေးစုတ်တံကို အပေါ်မြှောက်လိုက်၏။

သို့သော်...

တုရှောင်ထင်းနှင့် ရင်ဆိုင်ခဲ့စဉ်က ရထားသော ဒဏ်ရာကြောင့် လုံးဝမဟန်နိုင်ဖတော့ဘဲ...

"ဝုန်း"

မြေပေါ် အရုပ်ကြိုးပြတ်လဲကျကာ အသက်ပျောက်သွားလေတော့သည်။

ကျင်းစန်း မလှုပ်မယှက် ရပ်နေ၏။

လောဘသားကောင်များ သေဆုံးသွားကြပြီးနောက် မိုးကြိုးဓားနှင့် ကြေးစုတ်တံကို ဖျက်ဆီးပစ်လိုက်ရန် ခိုင်မာစွာ ဆုံးဖြတ်လိုက်သည်။

ကျင်းစန်း၏ဆုံးဖြတ်ချက်က သိုင်းလောကတစ်ခုလုံး အေးချမ်းသွားစေလိမ့်မည် မဟုတ်ပါလား။

ပြီးပါပြီ။